# သစ်တောကြေးမုံ

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ



Photo: Forest Department

## ပုပ္ပါးတောင် အမျိုးသားဘူမိဥယျာဉ် သတ်မှတ်ခြင်း

# မာတိကာ

**မျက်နှာဖုံး**

✧ ပုပ္ပါးတောင်အမျိုးသားဥယျာဉ်သတ်မှတ်ခြင်း — မျက်နှာဖုံး
**ဓာတ်ပုံ-မောင်မောင်ရိုး (သစ်တော)**

**ခေါင်းကြီး**

✧ စာတည်းအဖွဲ့မှ စာဖတ်သူများထံသို့ — ၁

**သတင်းများကဏ္ဍ**

✧ သစ်တောသတင်းများ၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ — ၂-၆

✧ ၂၀၂၃ ခုနှစ်၊ သစ်တောဦးစီးဌာန ဝန်ထမ်းမိသားစုပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများ — ၄၆

**သစ်တောလုပ်ငန်းကဏ္ဍ**

✧ သစ်တောသယံဇာတစာရင်းကောက်လုပ်ငန်းနှင့် နှစ် (၃၀)ခရီး .... - **ဦးမြင့်သိန်းဦး(ဒု-ညွှန်မှူး)** — ၂၈-၃၀

✧ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲခြင်း - **ဇော်မင်းထွဋ် (၉၃)** — ၂၄

**အခြားသောသိမှတ်ဖွယ်ရာဆက်စပ်ကဏ္ဍ**

✧ နှစ်သစ်ကူး လက်ဆောင်မွန် - **ဒေါက်တာ သောင်းနိုင်ဦး** — ၇-၈

✧ သဘာဝကျွန်းပင်၏ သက်တမ်းကိုခန့်မှန်းခြင်း - **ဝင်းချစ် (အမျိုးသားစာပေဆုရ)** — ၉-၁၁

✧ ပုပ္ပါးတောင်အမျိုးသားဥယျာဉ် - **ဒေါက်တာ သောင်းနိုင်ဦး** — ၁၂-၁၆

✧ ဆိုင်ကယ် - **အုန်းလွင်လေး** — ၂၆-၂၇

✧ ကျွန်တော်နှင့်ရွှေလီချိုင့်ဝှမ်းဒေသ(၃) - **မောင်ချမ်းမြေ့(သစ်တော)** — ၃၃-၃၅

✧ လှပဆေးဖက်ဝင် ထားဝယ်မှိုင်းပင် - **အေးငြိမ်းချမ်း၊ သုတေသနလက်ထောက်(၃)** — ၄၀-၄၁

**ဘဝတစ်ကွေ့ကဏ္ဍ**

✧ သုဝဏ္ဏဘူမိ(၂) - **အောင်ခင်(သစ်တော)** — ၁၇-၁၈

✧ အသခ်ယာစောယွန်းရဲ့ ဇေယျာရွှေမြေ - **ကိုနေ့ပြီးဦး (မြောင်)** — ၁၉-၂၃

✧ သစ်တောစိုက်ခင်းသမားတစ်ယောက်ရဲ့ဘဝအစိတ်အပိုင်းများ(၄) - **အောင်ကျော်စိုး (ဂ၃)** — ၄၂-၄၅

✧ လူနှင့်ဇီဝအဝန်းနယ်မြေ လေ့လာရေးခရီး(၃) - **သိုက်ဝင်းထွန်း** — ၃၆-၃၉

**ကဗျာ / ကာတွန်းကဏ္ဍ**

✧ TRUST (Poem) - **AungKhin(forest)** — ၈

✧ သစ်ပင်များစွာစိုက်ကြမည် (ကဗျာ) - **စိုပြေ-ကော့မှူး** — ၁၆

✧ ကာတွန်း - **အော်ပီကျယ်** — ၄၉

**အင်္ဂလိပ်ကဏ္ဍ**

✧ An Old Forest Looks Back.(20) -........... - **U Sein Thet** — ၃၁-၃၂

✧ SOME MISCELLANEOUS NOTES OF MYINT SWE - **Myint Swe(1975)** — ၂၅

**နောက်ကျောဖုံး**

✧ သက်န်းပင် - **ဦးဟုတ်လင်း** — ၄၇-၄၉, နောက်ကျောဖုံး

**စာတည်းမှူးချုပ်နှင့် ထုတ်ဝေသူ**

ဦးခင်မောင်လှိုင်
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် – (မြ-၀၀၄၀၀)

**စာတည်း**

ဦးမောင်မောင်အေး -၃ -
လက်ထောက်ညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

| | |
|---|---|
| ဦးခိုင်ညွန့် | ဒုတိယညွှန်ကြားရေးမှူး |
| ဦးအောင်ကျော်ဦး | လက်ထောက်ညွှန်ကြားရေးမှူး |
| ဒေါ်မေစင်မြင့် | ဦးစီးအရာရှိ (English Editor) |
| ဦးချမ်းမြေ့အောင်(၁) | ဦးစီးအရာရှိ |

**ပုံနှိပ်သူ**

ဦးရဲလွင်ဌေး(မြ-၀၁၁၅၅)
ပေါ်ပြူလာမိသားစုပုံနှိပ်တိုက်
(ပ-၁၈၃)၊ ပွဲရုံတန်း၊ မြို့မဈေး၊ ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်

ဆက်သွယ်ရန် - ၀၆၇-၃၄၀၅၇၉၉၄
fdextension39@gmail.com

## စာတည်းအဖွဲ့မှ စာဖတ်သူများထံသို့

နှစ်တစ်နှစ်ကုန်ဆုံး၍ နှစ်သစ်တစ်ခုဆီသို့ ကူးပြောင်းပြီဖြစ်သလို '**သစ်တောကြေးမုံ** ' သည်လည်း သက်တမ်းတစ်နှစ်ကြီးပြင်းလာပြီဟု ဆိုရပါမည်။ ၂၀၀၄ ခုနှစ်မှစတင်၍ **သစ်တောရေးရာဂျာနယ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဂျာနယ်၊ သစ်တောကြေးမုံ** ဟူ၍ အဆင့်ဆင့်အမည်ပြောင်း ထုတ်ဝေလာခဲ့သည်မှာ ၂၀၂၄ ခုနှစ်အစတွင် နှစ် (၂၀) သက်တမ်းရှိပြီဖြစ်ပါသည်။ ယခင်က (၂ )လ တစ်ကြိမ် ထုတ်ဝေခဲ့သည်မှ ၂၀၀၇ ခုနှစ် ဇန်နဝါရီလမှစတင်၍ လစဉ်ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

သစ်တောကြေးမုံအား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှဆောင်ရွက်ခဲ့သည့် အခမ်းအနားသတင်းများ၊ ပြည်ထောင်စုဝန်ကြီးနှင့်လုပ်ငန်းဌာန အကြီးအကဲများ၏ လုပ်ငန်းစစ်ဆေးမှုသတင်းများ၊ ပညာရပ်ဆိုင်ရာဆောင်းပါးများ၊ အခြားသိကောင်းစရာများ၊ နိုင်ငံတကာမှပတ်ဝန်းကျင်ရေးရာသတင်းများ၊ ဘဝတစ်ကွေ့ ရသဆောင်းပါးများ၊ ကာတွန်း၊ ကဗျာ၊ ဝတ္ထု စသည်များဖြင့် စုံစုံလင်လင်ဖော်ပြနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်သာမက ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများနှင့်လက်တွေ့ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် ဗဟုသုတများကို ဝေဝေဆာဆာတင်ပြနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

သစ်တောကြေးမုံကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိလုပ်ငန်း/ဌာနများနှင့် ပြည်နယ်/တိုင်းဒေသကြီး သစ်တောဦးစီးဌာနများသို့ဖြန့်ဝေပေးပို့လျက်ရှိရာ စာဖတ်သူများမှ ကြိုက်နှစ်သက်မှုရှိသည်ကို သိရှိရ၍ ကျေနပ်ဝမ်းမြောက်မိပါသည်။ ထို့အပြင် ဂျာနယ်လစဉ်ထွက်ရှိမှုကိုသိရှိသော အခြားတက္ကသိုလ်မှ ဆရာ/ဆရာမများ၊ ဘွဲ့လွန်သင်တန်းသား/သင်တန်းသူများ၊ အချို့ဌာနဆိုင်ရာများမှ ဆက်သွယ်၍ တောင်းယူဖတ်ရှုလျက်ရှိသည်ကိုလည်း ဝမ်းမြောက်ဖွယ် တွေ့ရှိရပါသည်။

သစ်တောကြေးမုံကို လစဉ်အဆင့်အတန်းရှိရှိ ထွက်နိုင်ရေးအတွက် ဌာနအကြီးအကဲများ၏လမ်းညွှန်မှု၊ စာတည်းမှူးချုပ်ဖြစ်သော သစ်တောဦးစီးဌာန၊ တိုးချဲ့ပညာပေးရေးဌာန၊ ညွှန်ကြားရေးမှူးနှင့် အရာထမ်း/အမှုထမ်းများက ကြိုးပမ်းလျက်ရှိပါသည်။ ဂျာနယ် အဆင့်အတန်းပိုမိုတိုးတက်ကောင်းမွန်လာခြင်းမှာ သစ်တောကြေးမုံတွင် လစဉ်ဖော်ပြပါရှိခဲ့သည့်ဆောင်းပါးများ၊ သတင်းအချက်အလက်များ၊ ကဗျာများ၊ ဓာတ်ပုံများနှင့် အခြားသိကောင်းစရာများ၊ ဇီဝမျိုးစုံမျိုးကွဲများ၏အကြောင်းအရာများကို ပေးပို့လျက်ရှိကြသည့် ကလောင်ရှင်များ၏ စာမူများကောင်းမွန်ခြင်းကြောင့်ပင်ဖြစ်ပါသည်။

ထိုကြောင့် မအားလပ်သည့်ကြားမှ စာမူများအစဉ်တစိုက် ရေးသားပေးပို့ခဲ့ကြသော စာမူရှင်တစ်ဦးတစ်ယောက်ချင်းစီတိုင်းအား ကျေးဇူးအထူးတင်ဂုဏ်ပြုအပ်ပါသည်။ အခြားသောကလောင်သစ်စာမူများကိုလည်း ရေးသားပေးပို့ရန် မေတ္တာရပ်ခံဖိတ်ခေါ်အပ်ပါသည်။

တိုးချဲ့ပညာပေးရေးဌာနမှ တာဝန်ရှိသူများသည် ဌာနသင်တန်းများတွင် သင်ခန်းစာများ သင်ကြားပို့ချသည့်အခါ၌လည်း ပြည်နယ်/တိုင်းဒေသကြီးများမှဝန်ထမ်းများက သစ်တောကြေးမုံအား စိတ်ဝင်စားစွာဖြင့် ဖတ်ရှုကြပြီး လေ့လာခွင့်ရရှိပါကြောင်း ပြောကြားကြသည်ကိုလည်း ကြားသိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ သစ်တောကြေးမုံအား ရေရှည်တည်တံ့ပြီး အဆင့်အတန်းရှိသော ဂျာနယ်တစ်စောင်အဖြစ် ထုတ်ဝေနိုင်ရေး၊ ယခုထက်ပိုမိုကဏ္ဍစုံဖော်ပြနိုင်ရေးများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မေတ္တာဖြင့်စာမူများ ပေးပို့ကြပါသော စာမူရှင်များအားလုံးကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုက်ရပါသည်။

**သစ်တောမူဝါဒ (၆)ချက်**

**(၁) ကာကွယ်ခြင်း**

**ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရမည်။**

**(၂) ထာဝစဉ်တည်တံ့စေခြင်း**

**လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ် တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။**

**(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**

**ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။**

**(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**

**သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေး အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန် စီမံရမည်။**

**(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**

**သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများအသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။**

**(၆) ပြည်သူအတွင်း နိုးကြားထကြွသည့် အသိရှင်သန်နေစေခြင်း**

**နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့် အသိ ရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရမည်။**

## သတင်းကဏ္ဍ

# ပြည်ထောင်စုဝန်ကြီး သစ်တောစိုက်ခင်းများ ကြည့်ရှုစစ်ဆေးခြင်း



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ (၃-၁၂-၂၀၂၃)ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်ရှိ အမှတ် (၅) သစ်တောသုတေသနစခန်း၊ မိုးစွေသို့သွားရောက်၍ ဆောင်းရာသီ တောတွင်းလက်တွေ့ကွင်းဆင်းခြင်း ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံသစ်တောကျောင်း၊ ပြင်ဦးလွင်မြို့၊ အခြေခံသစ်တောပညာသင်တန်း၊ အမှတ်စဉ် ၁၁၇ မှ သင်တန်းသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသစ်တောကျောင်းသည် ၁၈၉၈ ခုနှစ်မှစပြီး အခြေခံသစ်တောပညာရပ်များကို သင်ကြားပို့ချပေးခဲ့ရာယခု ၁၂၅ နှစ်တိုင်ခဲ့ပြီဖြစ်ပြီး ခေတ်အဆက်ဆက် သစ်တောအမှုထမ်းကောင်းများစွာ မွေးထုတ်ပေးနိုင်ခဲ့ရာ ယနေ့အထိ ၆၅၀၉ ဦးရှိပြီဖြစ်ကြောင်း၊ အမှတ်စဉ် ၁၁၇ တွင် သင်တန်းသား ၁၀၆ ဦးကို အခြေခံသစ်တောပညာဘာသာရပ် ၁၅ မျိုး သင်ကြားပို့ချလျက်ရှိကြောင်း၊ ယခုကဲ့သို့ လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းဖြင့် သစ်တောလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်တကျကျွမ်းကျင်တတ်မြောက်စေရန်၊ လုပ်ငန်းခွင်တွင် ကိုယ်တိုင်ဦးဆောင်၍ အောင်မြင်အောင် ဆောင်ရွက်နိုင်စေရန်နှင့် စိတ်ဓာတ်၊ စည်းကမ်း၊ ဝီရိယ၊ ပညာ၊ ဖွံ့ ပြည့်ဝသောဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ရည်ရွယ်ကြောင်း၊ သင်ကြားပေးခဲ့သည့် စာတွေ့၊ လက်တွေ့ပညာရပ်များနှင့် အတွေ့အကြုံများကိုပေါင်းစပ်ပြီး မိမိတို့တာဝန်ကျရာ နယ်ပယ်အသီးသီးရှိ သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက်အကျိုးရှိအောင် အသုံးချသွားကြရန် တိုက်တွန်းမှာကြားကာ သင်တန်းသားများ၏ အိပ်ဆောင်စခန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သစ်တောသုတေသနစခန်း ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားသောပျိုးပင် ၃၀၀၀၀ ကျော်အား ထိန်းသိမ်းထားမှုနှင့် ကြိုတင်ပျိုးထောင်ခြင်း ဆောင်ရွက်လျက်ရှိသော ပျိုးပင် ၃၀၀၀၀ တို့၏ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သစ်တောစိုက်ခင်းများအတွက် လိုအပ်သောမျိုးကောင်းမျိုးသန့်အပင်များရရှိနိုင်စေရန်ရည်ရွယ်၍ တည်ထောင်ထားသော ဥတ္တရသီရိမြို့နယ်၊ ငလိုက်ကြိုးဝိုင်း၊ အကွက်အမှတ် (၇၂) ရှိ ခန္ဓာပိုင်းမျိုးပွားဥယျာဉ် – Hedge Garden ကိုကြည့်ရှုရာ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ယမနေ၊ တမလန်း သစ်မျိုးများအား ခန္ဓာပိုင်းမျိုးပွားနည်းစနစ်ဖြင့် မျိုးပွားယူမှုအဆင့်ဆင့်နှင့်ရေငွေ့ထိန်းခန်းအတွင်း ပျိုးထောင်ဆောင်ရွက်ထားရှိမှုအခြေအနေကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကွဲပြားခြားနားသော ကျွန်းမျိုးရိုးဗီဇများထိန်းသိမ်းရန်အတွက် ကျွန်းပေါက်ရောက်ရာ ဒေသ ၄ ခုမှ ကျွန်းမျိုးများဖြင့် တည်ထောင်ထားသော ငလိုက်ကြိုးဝိုင်း၊ အကွက်အမှတ် ၁၇ ရှိ ကျွန်းမျိုးရိုးဗီဇထိန်းသိမ်းရေးစိုက်ခင်း ၁၆ ဧကသို့ သွားရောက်၍ ဒေသအလိုက် ကျွန်းမျိုးသန့်များဖြင့် စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးခဲ့ပြီး ယခု ပျမ်းမျှ အမြင့် ၃ ပေ ၈ လက်မရှိပြီဖြစ်သော ငလိုက်ကြိုးဝိုင်း၊ အကွက်အမှတ် ၁၇ အတွင်းရှိ ၁/၂၀၂၃ စီးပွားရေး ကျွန်းစိုက်ခင်း ဧက ၁၀၀ ၏အောင်မြင်မှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စိုက်ခင်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ငလိုက်ကြိုးဝိုင်း၊ အကွက်အမှတ် ၁၇ ရှိ ပျမ်းမျှအမြင့် ၅ပေ ၂ လက်မ ရှိပြီဖြစ်သော ၁/၂၀၂၂ စီးပွားရေးကျွန်းစိုက်ခင်း၏

ရှင်သန်အောင်မြင်မှုအခြေအနေ၊ မြန်မာနိုင်ငံသစ်တောကျောင်း၊ သင်တန်းသားများ၏ စိုက်ခင်းမီးတားလမ်းဖောက်လုပ်ခြင်း၊ စစ်ဆေးရေးလမ်းဖောက်လုပ်ခြင်း၊ အကွက်နယ်နိမိတ်တိုင်းတာခြင်းနှင့် စိုက်ခင်းနှင့်အကွက်နယ်နိမိတ်ဘုတ်တိုင်စိုက်ထူခြင်း လက်တွေ့ကွင်းဆင်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လေိုက်ဆည် ရေဝေရေလဲဒေသများထိန်းသိမ်းရန် ရည်ရွယ်စိုက်ပျိုးထားသော လေိုက်ကြိုးဝိုင်း၊ အကွက်အမှတ် ၇၇ အတွင်းရှိ ၂/၂၀၂၃ ရေဝေရေလဲစိုက်ခင်း ၅၀ ဧကသို့ သွားရောက်၍ စိုက်ခင်းရေသွင်းစိုက်ပျိုးခဲ့မှုနှင့် ရှင်သန်အောင်မြင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး မန္တလေးတိုင်းဒေသကြီး ခရီးစဉ်





သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်ရှိ ဒိုးကွင်သစ်တောပျိုးဥယျာဉ်သို့ရောက်ရှိပြီး ပျိုးဥယျာဉ်အတွင်း သစ်မျိုး ၈ မျိုးဖြင့် ပျိုးပင်ပေါင်း ၁၃၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုနှင့် ပျိုးပင်များ၏ ရှင်သန်ဖြစ်ထွန်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပျိုးဥယျာဉ်ဝင်းအတွင်း မြန်မာ့ရှားပါး သစ်ခွမျိုးစိတ် အမျိုး၆၀ နှင့်ဆေးဖက်ဝင်ဂမုန်းမျိုးစိတ် အမျိုး ၂၀ တို့ကိုထိန်းသိမ်းစောင့်ရှောက်ထားမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရှင်းလင်းဆောင်၌ ပြင်ဦးလွင်ခရိုင် သစ်တောဖုံးလွှမ်းမှုပြန်လည်ကောင်းမွန်လာစေရေး၊ ကြိုးဝိုင်း/ကြိုးပြင်တောများ တိုးချဲ့ဖွဲ့စည်းရေး၊ ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်ဖြစ်စေရေး၊ ကန်တော်ကြီးအမျိုးသားဥယျာဉ် စိမ်းလန်းသာယာလှပရေး၊ ပြင်ဦးလွင်မြို့ ရေပေးဝေရေးအတွက် အရေးပါသော ဆင်လမ်းဆည် ရေဝေရေလဲဧရိယာများကို ထိန်းသိမ်းကာကွယ်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် မေမြို့ထင်းကြိုးဝိုင်းအကွက်အမှတ် ၁၄ အတွင်း ၂၀၂၃ ခုနှစ်၊ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ၍ စိုက်ပျိုးခဲ့သော ၁၃ ဧက တွင် သစ်ပင်များ၏ ရှင်သန်အောင်မြင်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံမြေတိုင်းကျောင်းသို့ ရောက်ရှိပြီး အဆင့်မြင့်၊ အလယ်အလတ်နှင့်အခြေခံမြေတိုင်းသင်တန်းမှ သင်တန်းသားများနှင့်တွေ့ဆုံကာ သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချပေးသော စာတွေ့ လက်တွေ့သင်ခန်းစာများကို အတွေ့အကြုံနှင့်ပေါင်းစပ်ကာ မိမိတို့တာဝန်ကျရာ နယ်ပယ်အသီးသီးတွင် အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချနိုင်ရေးနှင့် နိုင်ငံတော်နှင့်ပြည်သူက အားကိုးထိုက်သောအရည်အသွေးပြည့်ဝသည့် ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်း မှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သစ်တောသစ်ပင် တို့ချစ်ခင်၊**
**အစဉ်စိုက်ပျိုး အလှတိုး။**

## ဦးစီးအရာရှိစွမ်းဆောင်ရည်မြင့်မားရေးမွမ်းမံသင်တန်း အမှတ်စဉ်(၁၁) ဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း



ဦးစီးအရာရှိ စွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းအမှတ်စဉ် (၁၁)ဖွင့်ပွဲအခမ်းအနားကို (၁၁-၁၂-၂၀၂၃)ရက်နေ့၊ နံနက်(၈)နာရီတွင် သစ်တောသုတေသနဌာန၊စုဝေးခန်းမ၊ရေဆင်း၌ကျင်းပရာသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးမင်းသူတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက ပြောကြားရာတွင် သစ်တောဦးစီးဌာနအနေဖြင့် ' မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ခြင်းစီမံကိန်း' ကို ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ (၁၀)နှစ် စီမံကိန်းရေးဆွဲပြီးဆောင်ရွက်လျက်ရှိရာ မြို့နယ်ဦးစီးအရာရှိများ အနေဖြင့် စီမံကိန်းရည်မှန်းချက်များ အောင်မြင်အောင် အထူးအလေးထားကြိုးစားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ သစ်တောဦးစီးဌာနအနေဖြင့် တရားမဝင်သစ်ဖမ်းဆီးရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း ၂၀၂၃ ခုနှစ်၊ ဧပြီလမှ နိုဝင်ဘာလအထိ တရားမဝင်သစ် (၅၂၀၆.၀၂)တန်၊ တရားခံ(၉၆၇)ဦး၊ ယာဉ်/ ယန္တရား (၄၄၂) စီး ဖမ်းဆီးရမိခဲ့ပြီး မြို့နယ်ဦးစီးအရာရှိများအနေဖြင့် တရားမဝင်သစ် တားဆီးကာကွယ်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း သင်တန်းသားများအနေဖြင့် မိမိတို့၏ဌာနအကျိုး၊ နိုင်ငံအကျိုးကို စွမ်းဆောင်ရည်မြင့်မားစွာဖြင့် ကောင်းစွာသယ်ပိုးနိုင်သည့် ဝန်ထမ်းကောင်းများဖြစ်လာအောင် ကြိုးစားလေ့ကျင့်သင်ယူသွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ဝန်ကြီးဌာနမှ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား(၂၀)ဦး တို့ တက်ရောက်ကြောင်း သိရှိရသည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ရေဝေရေလဲဒေသထိန်းသိမ်းရေးဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပခြင်း



ရေဝေရေလဲဒေသထိန်းသိမ်းရေးဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို (၄-၁၂-၂၀၂၃) ရက်နေ့၊ နံနက် (၉) နာရီအချိန်တွင် သစ်တောသုတေသနဌာန၊ စုဝေးခန်းမ (ရေဆင်း)၌ ကျင်းပပြုလုပ်ရာ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးမှ အဖွင့်အမှာစကားပြောကြားသည်။

ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင်ယခုသင်တန်းသည်ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ ပေါင်းလောင်းဒေသတွင် ဆောင်ရွက်လျက်ရှိသည့် မဲခေါင်ဒေသ၊ မြန်မာနိုင်ငံတွင် သစ်တောဂေဟစနစ်များအား ဘက်စုံစီမံအုပ်ချုပ်ခြင်းနှင့်သရုပ်ပြခြင်း၊ စီမံကိန်းဧရိယာအတွင်း ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ သစ်တောသယံဇာတများ၏အရေးပါမှုသိရှိစေရန်၊ ရေဝေရေလဲထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူလူထုပူးပေါင်း ပါဝင်မှုမြှင့်တက်စေရန်ရည်ရွယ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း အဓိကရေအရင်းအမြစ် (၃) ခု ဖြစ်သည့် ပေါင်းလောင်းချောင်း၊ ဆင်သေချောင်းနှင့် ငလိုက်ချောင်းများ၏ ရေအရင်းအမြစ်များရေရှည်တည်တံ့ရေးနှင့် ရေဝေရေလဲသစ်တောများ စနစ်တကျ စိုက်ပျိုးထိန်းသိမ်းရေးအတွက် နိုင်ငံတော်အကြီးအကဲမှလည်း လမ်းညွှန်မှာကြားထားပါကြောင်း၊ အဆိုပါရေဝေရေလဲဒေသများတွင် သစ်တောစိုက်ပျိုးပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ပြည်သူလူထုပူးပေါင်းပါဝင်၍ ထိရောက်စွာဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏အဓိကမြစ်ကြီးများအတွက် ရေဝေရေလဲထိန်းသိမ်းရေးကို အကျိုးပြုစေမည်ဖြစ်ကြောင်း၊

ယခုသင်တန်းတွင် အတွေ့အကြုံရှိသည့်သင်တန်းဆရာများက ပေါင်းလောင်းရေဝေရေလဲဒေသ ဘက်စုံစီမံအုပ်ချုပ်မှုအား အထောက်အကူဖြစ်စေမည့်နည်းပညာများကို စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသားများသည် မိမိနှင့်ဒေသအတွက်အကျိုးရှိစေရန် အားသွန်ခွန်စိုက်ကြိုးစားသင်ယူသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

အခမ်းအနားသို့ သစ်တောဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသားများနှင့် သုတေသီများတက်ရောက်ကြောင်း သိရှိရသည်။

## ပုပ္ပါးတောင်အမျိုးသားဘူမိဥယျာဉ်သတ်မှတ်ခြင်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်အတွင်းကျရောက်နေသည့် ဘူမိနယ်မြေ (Geosite) ၁၅ နေရာပါဝင်သော ဧရိယာအကျယ်အဝန်း ၅၂၃၁၃ ဒသမ ၈၅ ဧကရှိသောနယ်မြေကို ပုပ္ပါးတောင်အမျိုးသားဘူမိဥယျာဉ်အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၅၂/၂၀၂၃) အရ ၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် (၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေများကိုထိန်းသိမ်းရန်၊ ဇီဝမျိုးစုံမျိုးကွဲများနှင့်ဂေဟစနစ်များတည်တံ့စေရန်၊ တောရိုင်းတိရစ္ဆာန်များနှင့်သဘာဝအပင်များ၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်စသည့်သဘာဝအမွေအနှစ်များအပြင် သမိုင်းကြောင်းနှင့်ရှေးဟောင်းအမွေအနှစ်များကိုထိန်းသိမ်းရန်ရည်ရွယ်၍ ဘူမိဥယျာဉ်ကို သတ်မှတ်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ အပူပိုင်းဒေသ၏ အိုအေစစ် (Oasis) သဖွယ်ဖြစ်သည့် ပုပ္ပါးတောင်ဒေသနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရန်အတွက် ၁၉၈၉ ခုနှစ်တွင် ပုပ္ပါးတောင်ဥယျာဉ်အဖြစ် ဖွဲ့စည်းခဲ့ပြီး ကျွန်း၊ ပျဉ်းကတိုး၊ တမလန်း၊ အင်ကြင်း စသည့်အဖိုးတန်သစ်မျိုးများနှင့် ဆေးဖက်ဝင်အပင်များအပြင် စန္ဒကူး၊ စကားဝါ၊ သစ်ဆိမ့် မှအစ အပူပိုင်းဒေသမျိုးရင်းအပင်မျိုးစိတ်များ၊ ပုပ္ပါးမျောက်မြီးရှည်အပါအဝင် နို့တိုက်သတ္တဝါမျိုးစိတ်များ၊ ဒေသမျိုးရင်းငှက်မျိုးစိတ်များဖြစ်သည့် နဖားကြိုးအမြီးဝိုင်း၊ ဇွေ့အပါအဝင် အခြားငှက်မျိုးစိတ်များ၊ တွားသွားသတ္တဝါနှင့် ကုန်းနေရေနေသတ္တဝါမျိုးစိတ်များ၊ အင်းဆက်နှင့်လိပ်ပြာမျိုးစိတ်များ စသည်တို့အား ထိန်းသိမ်းကာကွယ်လျက် ရှိပါသည်။

ပုပ္ပါးတောင် အမျိုးသားဘူမိဥယျာဉ်သတ်မှတ်ခြင်းဖြင့် ပုပ္ပါးဒေသရှိ ထူးခြားသည့်ဘူမိရုပ်သွင်နှင့် ကမ္ဘာ့အဆင့်ဘူမိဗေဒဆိုင်ရာဖြစ်တည်မှုများ၊ မီးတောင်ဖြစ်စဉ်များနှင့် ဘူမိဗေဒဆိုင်ရာအမွေအနှစ်များကို ထိန်းသိမ်းနိုင်ခြင်း၊ ထူးခြားသည့်ဘူမိရုပ်သွင်နှင့် ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းနိုင်ခြင်း၊ ဘူမိခရီးသွားလုပ်ငန်းနှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုနိုင်ခြင်း၊ ဂေဟစနစ်များတည်တံ့စေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သစ်တောသယံဇာတများကို စနစ်တကျထိရောက်စွာ စီမံအုပ်ချုပ်နိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

+++++++

## နေပြည်တော်၊ တိုင်းဒေသကြီး /ပြည်နယ်များမှ ဖမ်းဆီးရမိခြင်း

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System- CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၄-၁၂-၂၀၂၃) ရက်မှ (၁၀-၁၂-၂၀၂၃) ရက်နေ့အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း(၁၀.၃၈၂၆)တန်၊ သစ်မာ (၆.၈၃၀၇)တန်၊ အခြား(၁၀၃.၉၁၁၀)တန်၊ စုစုပေါင်း (၁၂၀.၁၂၄၃)တန်၊ ယာဉ်/ယန္တရား(၂)စီး၊ တရားခံ (၇)ဦး** ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဖမ်းဆီးရမိမှုများအနက် အများဆုံးဖမ်းဆီးရမိမှုမှာ ၅-၁၂-၂၀၂၃ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ လွဲကြီးဘိနယ်၊ ပေါင်းလောင်းကြိုးဝိုင်း၊ အကွက်အမှတ် (၁၈၄) အတွင်းမှ တရားမဝင် ကညင် သစ်လုံး/သစ်ခြမ်း/သစ်စိတ်စုစုပေါင်း (၂၄)လုံး/ ခြမ်း/ စိတ် (၁၆.၂၄၁၄)တန်အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပါသည်။





### တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများ၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် ဧပြီလ မှ နိုဝင်ဘာလ အထိ တရားမဝင်သစ် ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၂,၀၅၅ | |
| ၂ | သစ်မာ | တန် | ၈၁၃ | |
| ၃ | အခြား | တန် | ၂,၃၃၈ | |
| **စုစုပေါင်း** | | | **၅,၂၀၆** | |

| | | | | |
|---|---|---|---|---|
| ၄ | မီးသွေး | တန် | ၂,၃၁၁ | |

| | | | | |
|---|---|---|---|---|
| ၅ | ကား | စီး | ၃၂၃ | |
| ၆ | မြေတူးစက်/ မြေကော်စက်/ ကရိန်း | စီး | ၃ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း / ထွန်စက် | စီး | ၉ | |
| ၈ | ဆိုင်ကယ်/ ဆိုက်တွဲယာဉ် | စီး | ၇၅ | |
| ၉ | စက်လှေ / ပဲ့ထောင် / ရေယာဉ် | စီး | ၂၄ | |
| **စုစုပေါင်း** | | | **၄၃၄** | **စဉ်(၅)မှ(၉) ယာဉ်/ ယန္တရား** |

| | | | | |
|---|---|---|---|---|
| ၁၀ | သစ်စက် / အင်ဂျင် | လုံး | ၆၄ | |

# နှစ်သစ်ကူး လက်ဆောင်မွန်

ဒေါက်တာ ဆောင်းနိုင်ဦး


အလုပ်လုပ်သည့်အခါ

မငြိုငြင်ပါနဲ့ စိတ်မပျက်ပါနဲ့
နေရာ ရလိုမှုနှင့် မလုပ်ပါနဲ့
ရာထူး ရလိုမှုနှင့် မလုပ်ပါနဲ့
ဥစ္စာ ရလိုမှုနှင့် မလုပ်ပါနဲ့
အခွင့်အရေး ရလိုမှုနှင့် မလုပ်ပါနဲ့

သစ္စာရှိရှိလုပ်ပါ။
စေတနာထား၍ လုပ်ပါ။
ရိုးသားမှု ကြိုးစားမှုနှင့်လုပ်ပါ။
စိတ်ရင်းစိတ်ထား မှန်ကန်စွာနှင့် လုပ်ပါ။
တာဝန်ယူလိုမှု တာဝန်ခံလိုမှုနှင့်လုပ်ပါ။
အုပ်ချုပ်မှု ညီညွတ်မှုတစ္စာလုပ်ပါ။

လက်ဆောင်အမျိုးမျိုးရှိသည်။

အခြေအနေ၊ အကြောင်းအရာ၊ အချိန်အခါရာသီ၊ ရိုးရာဓလေ့များအလိုက် တစ်ဦးနှင့်တစ်ဦး လက်ဆောင်ပေးလေ့ရှိကြသည်။ လူမျိုး၊ ဘာသာ၊ နေရာဒေသသာ ကွာခြားပါမည်။ အခြေအနေတစ်ခုကို အကြောင်းပြု၍ တစ်ဦးနှင့်တစ်ဦး လက်ဆောင်ပေးသည့် ဓလေ့ကတော့ လူမျိုးတိုင်း၊ နိုင်ငံတိုင်းတွင် ရှိစမြဲဖြစ်သည်။ ငွေကြေးအားဖြင့် တန်ဖိုးကြီးမားသော၊ တန်ဖိုးနည်းပါးသော ရုပ်ဝတ္ထုအမှတ် လက်ဆောင်များရှိသကဲ့သို့ ငွေကြေးတန်ဖိုးဖြင့် မသတ်မှတ်နိုင်သော်လည်း လက်ခံရရှိသူ၏ တန်ဖိုးထားမှု၊ နာယူမှတ်သားနိုင်မှုအပေါ်မူတည်ပြီး လောကီလောကုတ္တရာ အကျိုးစီးပွားတိုးပွားစေနိုင်သည့် စကားလက်ဆောင်၊ စာအုပ်စာပေလက်ဆောင်၊ တရားဓမ္မလက်ဆောင် စသည့်မေတ္တာလက်ဆောင်များလည်းရှိသည်။

ကျွန်တော်လည်း ငယ်ရွယ်စဉ်မှအစပြု၍ ယနေ့အချိန်အထိ မိဘဆရာသမားများ၊ ဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များကို စေတနာသန့်သန့်ဖြင့် မေတ္တာလက်ဆောင်အမျိုးမျိုးပေးဖူးသကဲ့သို့ မိမိကိုယ်တိုင်လည်း စေတနာသန့်သန့်ဖြင့် ပေးသောလက်ဆောင်များကို လက်ခံရရှိဖူးပါသည်။

ရရှိဖူးသော လက်ဆောင်များအနက် မကြာမီအချိန်ကာလက တက်ရောက်ခဲ့သော သင်တန်းတစ်ခုတွင် သင်တန်းပို့ချချိန်အပြီး သင်တန်းပို့ချခဲ့သည့် ဆရာက ပေးခဲ့သော လက်ဆောင်တစ်ခုကတော့ ရင်ထဲထိထိမိမိရှိခဲ့ပြီး ကျွန်တော့်အတွက် အလွန်ထူးခြားသောလက်ဆောင်တစ်ခုဟု မှတ်ယူတန်ဖိုးထားကာ အမှတ်တရသိမ်းဆည်းထားခဲ့ပါသည်။ အဆိုပါလက်ဆောင်က အလွန်ရိုးရှင်းပါသည်။ စကားလက်ဆောင်၊ စာအုပ်စာပေလက်ဆောင်ဟုလည်းခေါ်နိုင်ပါသည်။ မြန်မာဘာသာဖြင့်လိုရင်းတိုရှင်း၊ ရိုးရိုးလေး ရေးထားသော်လည်း ဖတ်မိသူရင်ထဲ အနက်ရှိုင်းဆုံးနေရာထိ ထိုးဖောက်နိုင်သည်ဟု ခံစားရပါသည်။

သင်တန်းပြီး၍ ဌာနသို့ ပြန်လည်တာဝန်ထမ်းဆောင်သောအခါတွင်လည်း ရုံးခန်းတွင် ကွန်ပျူတာ စာစီကာ ချိတ်ဆွဲထားပါသည်။ အဆိုပါ လက်ဆောင်ကို နေ့စဉ်အချိန်တိုင်း မြင်ပြီး ဖတ်နိုင်ရန်၊ ဖတ်ပြီးလည်း မိမိကိုယ်ကိုသတိပေးနေစေရန်၊ မိမိရုံးခန်းသို့ လာရောက်သူများလည်း ဖတ်နိုင်စေရန် မြင်သာသည့် နေရာတွင် ချိတ်ဆွဲထားရှိပါသည်။ မိမိဝန်ထမ်းများနှင့် တွေ့ဆုံတိုင်း၊ အခမ်းအနားများတွင် စကားပြောခွင့်ကြုံတိုင်းအဆိုပါလက်ဆောင်ပါ စာသားအကြောင်းအရာကို ပြန်လည်မျှဝေပါသည်။ **‘အလုပ် လုပ်သည့်အခါ’** လို့ ခေါင်းစဉ်ပေးထားတဲ့ စာသားလေးကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်-

**အလုပ် လုပ်သည့်အခါ**

မငြိုငြင်ပါနဲ့၊ စိတ်မပျက်ပါနဲ့။

နေရာ ရလိုမှုနှင့် မလုပ်ပါနဲ့။

ရာထူး ရလိုမှုနှင့် မလုပ်ပါနဲ့။

ဥစ္စာ ရလိုမှုနှင့် မလုပ်ပါနဲ့။

အခွင့်အရေး ရလိုမှုနှင့် မလုပ်ပါနဲ့။

သစ္စာရှိရှိ လုပ်ပါ။

စေတနာထား၍ လုပ်ပါ။

ရိုးသားမှု၊ ကြိုးစားမှုနှင့်လုပ်ပါ။

စိတ်ရင်းစိတ်ထား မှန်ကန်စွာနှင့် လုပ်ပါ။

တာဝန်ယူလိုမှု၊ တာဝန်ခံလိုမှုနှင့် လုပ်ပါ။

အုပ်ချုပ်မှု ညီညွတ်မှုတစ္စာ လုပ်ပါ။

မိမိကို လက်ဆောင်ပေးခဲ့သော ဆရာကလည်း နိုင်ငံ့ဝန်ထမ်းဘဝအစမှသည် ယနေ့အချိန်ထိ သူ့ဘဝဖြတ်သန်းမှုတစ်လျှောက် အလုပ်နှင့်ပတ်သက်ပြီး ခံယူကျင့်သုံးခဲ့သောစိတ်နေသဘောထား၊ ခံယူချက်ကို သင်တန်းသား

များသိရှိနိုင်အောင် မျှဝေခဲ့ခြင်းဖြစ်ပါသည်။ မည်သည့်ခေတ်စနစ်မဆို၊ မည်သည့်အလုပ်တွင်မဆို အစိုးရဝန်ထမ်းဖြစ်စေ၊ အစိုးရမဟုတ်သောလုပ်ငန်းများတွင်ဖြစ်စေ လိုက်နာကျင့်သုံးသူတိုင်း အကျိုးများနိုင်သည့် စိတ်နေသဘောထား၊ ခံယူချက်များဖြစ်သည်ဟု ယုံကြည်မိပါသည်။

ထို့ကြောင့်လည်း ကျွန်တော့်ရုံးခန်းတွင် နေ့စဉ်မြင်နိုင်အောင်ချိတ်ဆွဲကာ ကြိုးစားလိုက်နာဆောင်ရွက်လျက်ရှိပါသည်။ ကျွန်တော်၏ သစ်တောဦးစီးဌာန ညီအစ်ကို၊ မောင်နှမများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ဝန်ထမ်းများလည်း အလုပ်လုပ်သည့်အခါ လိုက်နာကျင့်သုံးနိုင်ရေး **'နှစ်သစ်ကူးလက်ဆောင်မွန်'** အဖြစ် မျှဝေလိုက်ပါသည်။

နှစ်သစ်မှာ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် တိုင်းပြည်တာဝန်များ ထမ်းဆောင်နိုင်ကြပါစေ။ ကောင်းကျိုးလိုအင်ဆန္ဒများ အလျင်အမြန် ပြည့်ဝကြပါစေ။




**Aung Khin (forests)**

Forests, home for flora and fauna ,
protect environment ,soil and water
Protection of forests is duty of local people and forest officers
Giving power trustfully to various level of forest officers to protect forests
Our ancestors protect and utilize forests wisely and in proper manner

Forest staffs protect forests with zeal and zest
They 've tried their best for illegal fellings less
When inspector came, he saw only termite hills ,no stumps fresh
'cause freshly cut stumps were poured down slurry jaggery mess

Old foresters were mostly honest In performing duties in their heads
Faithfully conserved foests until time of harvest
Serving happily , industriously,andtimber traders not greedy extremely
Therefore we'd abundant valuable luxurious forests

For future generation, we've to maintain forest resources properly
We 've to manage and utilize forests wisely
It's our unavoidable responsibility merely
It's our unavoidable responsibility merely

# သဘာဝကျွန်းပင်၏ သက်တမ်းကိုခန့်မှန်းခြင်း

ဝင်းချစ်(အမျိုးသားစာပေဆုရ)

မြန်မာနိုင်ငံတွင် ကျွန်းသစ်ကို ထုတ်ယူသုံးစွဲလာခဲ့သည်မှာ ရာစုနှစ်ပေါင်းချီကာကြာခဲ့ပြီဖြစ်သည်။ ရှေးမြန်မာဘုရင်များလက်ထက်က ကျွန်းသစ်သည် တော်ဝင်သစ်ဖြစ်ခဲ့ခြင်းကြောင့် ထုတ်ယူမှုအနည်းအကျဉ်းသာရှိခဲ့သော်လည်း ၁၈၅၄ ခုနှစ်တွင် အောက်မြန်မာပြည် ဗြိတိသျှလက်အောက်သို့ရောက်ရှိပြီးနောက် အမြောက်အများ ထုတ်ယူခဲ့ကြသည်။ ဂျာမန်ရုက္ခဗေဒပညာရှင် ဒေါက်တာ ဘရန်းဒစ် (Sir Dietrich Brandis, 1824 - 1907) သည် ပဲခူးရိုးမအတွင်း အသေးစိတ်ကွင်းဆင်းလေ့လာခဲ့ပြီး တွေ့ရှိချက်များကိုအခြေခံကာ ၁၈၅၆ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံး 'သစ်တောအုပ်ချုပ်လုပ်ကိုင်မှု ကွက်စိပ်စီမံကိန်း' (Working Plan)ကို ရေးဆွဲပေးခဲ့သည်။ ကျွန်းဖြစ်ထွန်းမှုကောင်းသည့် သစ်တောများတွင် အနည်းဆုံး ရင်စို့လုံးပတ် (minimum girth at breast height) ၇ ပေ – ၆ လက်မနှင့်အထက် ကျွန်းဖြစ်ထွန်းမှုညံ့သည့်တောများတွင် ရင်စို့လုံးပတ် ၆ ပေ – ၆ လက်မနှင့်အထက်ရှိသည့် ကျွန်းပင်များကိုသာ ရွေးချယ်ထုတ်ယူခွင့်ပြုခဲ့သည်။

ဤတွင် စာရေးသူအနေဖြင့် ရင်စို့လုံးပတ် ၇ ပေ – ၆ လက်မ (ရောင်းတန်းဝင်အရွယ်အစား –merchantable size) ရှိသည့် ကျွန်းပင်များ၏သက်တမ်း မည်မျှရှိသည်ကို သိရှိလိုစိတ်ပြင်းပြလာခဲ့ခြင်းကြောင့် အထောက်အထားများရှာဖွေကာ လေ့လာခဲ့ပါသည်။

ယင်းသစ်ပင်၏သက်တမ်းကို ဖော်ပြထားသည့် ခိုင်လုံသောအထောက်အထားများကို မတွေ့ရှိခဲ့ခြင်းကြောင့် သွယ်ဝိုက်၍ သိရှိနိုင်မည့်နည်းလမ်းများကို စဉ်းစားကြည့်ခဲ့ရာ –သစ်တောစိုက်ခင်းများမှ သစ်ပင်အမျိုးမျိုး၏ ကြီးထွားနှုန်းများကို တိုင်းတာတွက်ချက်ထားသည့်စာအုပ်များနှင့် သုတေသနစာတမ်းများကို သတိရခဲ့ပါသည်။ သစ်ပင်တစ်ပင်၏ကြီးထွားနှုန်း (growth rate of a tree) ကို ၁ လက်မတွင်ရှိသည့် နှစ်ကွင်းအရေအတွက် (grow- thrings per inch/ treerings per inch) ဖြင့် ဖော်ပြလေ့ရှိကြသည်။ သစ်လုံး၏ ကန့်လန့်ဖြတ်မျက်နှာပြင် (cross-section)



သစ်တောသုတေသနဌာန၊ သစ်အင်္ဂါဗေဒ ဌာနစိတ်တွင် ပြထားသည့် ရဲရမန်းကြိုးဝိုင်းမှ ကျွန်းသစ်လုံး၏ ဖြတ်ပိုင်းပုံ

တွင်ရှိသည့် နှစ်ကွင်းအရေအတွက်ကို အချင်းဖြင့် စားထားခြင်းဖြစ်သည်။ နှစ်ကွင်းအရေအတွက်သည် ကြီးထွားမှုမြန်သောသစ်မျိုးများ၌နည်းမည်ဖြစ်ပြီး ကြီးထွားမှုနှေးသောသစ်မျိုးများတွင်များမည်ဖြစ်သည်။ အချို့ကလည်း ကြီးထွားနှုန်းကို နှစ်ကွင်း၏အကျယ် –ring width ဖြင့် ဖော်ပြကြသည်။ အချင်းကို နှစ်ကွင်းအရေအတွက်ဖြင့် စားထားခြင်းဖြစ်ပြီး mm per ring ဖြင့် ဖော်ပြလေ့ရှိသည်။ နှစ်ကွင်းကျယ် (ကျဲ) သည့် သစ်ပင်သည် ကြီးထွားနှုန်းမြန်မည်ဖြစ်ပြီး နှစ်ကွင်းကျဉ်း (စိပ်)သည့် သစ်ပင်သည် ကြီးထွားနှုန်းနှေးမည်ဖြစ်သည်။

Gamble (1902) ၏ "A Manual of Indian Timbers" စာအုပ်တွင် ဖော်ပြထားချက်အရ – ပဲခူးရိုးမသစ်တောမှ သဘာဝကျွန်းပင်များ၏ ပျမ်းမျှကြီးထွားနှုန်းသည် 12 rings per inch ရှိကြောင်း သိရှိရသည်။ ထို့ကြောင့် ရင်စို့လုံးပတ် ၇ ပေ – ၆ လက်မ (ရောင်းတန်းဝင်ကျွန်းပင် – merchantable size) သို့မဟုတ် ရင်စို့အချင်းဝက် ၁၄.၃ လက်မရှိသည့် ပဲခူးရိုးမမှ သဘာဝကျွန်း

ပင်၏ သက်တမ်းသည် ပျမ်းမျှ ၁၇၂ နှစ်ခန့် (၁၄.၃ × ၁၂ = ၁၇၁.၆) ရှိမည်ဖြစ်သည်။ စီနီယာသစ်တောသမား ကြီးအချို့၏ပြောကြားချက်အရ – ကျွန်းထုတ်ယူထားပြီး သစ်တောတစ်ခုကို နှစ် ၃၀ ကြာမှ နောက်တစ်ကြိမ်ထပ်၍ထုတ်ယူခြင်းကြောင့် နှစ် ၃၀ လျှင် လုံးပတ် ၁ ပေ ကြီးထွားသည်ဟု မှတ်သားထားချက်အပေါ်အခြေခံကာ တွက်ကြည့်သည့်အခါ – ရင်စို့လုံးပတ် ၇ ပေ – ၆ လက်မ သို့ရောက်ရှိရန် နှစ်ပေါင်း ၂၃၅ နှစ်ကြာရှိကြောင်း (၃၀ × ၇.၅ = ၂၃၅ နှစ်) တွေ့ရှိရသည်။ (တစ်လက်မ လျှင် နှစ်ကွင်း ၁၆.၄ ကွင်းရှိခြင်း ဖြစ်သည်။)။ ဤသက်တမ်းသည် သစ်တောအတန်းအစားအမျိုးမျိုးနှင့် တည်နေရာအမျိုးမျိုး (different forest types and different site qualities) အတွက်ဖြစ်ပြီး အထက်ဖော်ပြပါ သက်တမ်း ၁၇၂ နှစ်သည် ပဲခူးရိုးမမှ တောကောင်းအတွက်သာဖြစ်သဖြင့် လက်ခံနိုင်ဖွယ်ဖြစ်ပါသည်။

ဒေါက်တာညီညီကျော်၏ – "The Effect of Rainfall on the Radial Growth and Lon - term Growth Pattern of Teak (Tectona grandis) in Natural Forests of Myanmar" စာတမ်းတွင် တောင်ငူမြို့နယ်၊ မဘိမ်းမြို့နယ်နှင့်ကန့်ဘလူမြို့နယ်များမှ ကျွန်းပင်များ၏ကြီးထွားနှုန်းအသီးသီးကို သုတေသနပြုထားပါသည်။ တောင်ငူမြို့နယ်၊ ခပေါင်းသစ်တောကြိုးဝိုင်းမှ ရင်စို့အချင်း 35 cm မှ 77 cm (ရင်စို့လုံးပတ် ၃ ပေ – ၇ လက်မ မှ ၇ ပေ – ၁၁ လက်မ)ရှိသည့် ကျွန်းပင် ၁၉ ပင်၊ မဘိမ်းမြို့နယ်၊ ကြိုးပြင်တော(Public Forest) မှ ရင်စို့အချင်း 55 cm မှ 74 cm (ရင်စို့လုံးပတ် – ၅ ပေ – ၈ လက်မ မှ ၇ ပေ ၇ လက်မ)ရှိသည့် ကျွန်းပင်၂၀ နှင့် ကန့်ဘလူမြို့နယ်၊ စံပယ်နံ့သာ သစ်တောကြိုးဝိုင်းမှ ရင်စို့အချင်း 32.5 cm မှ 52 cm (ရင်စို့လုံးပတ် – ၃ ပေ – ၄ လက်မ မှ ၅ ပေ – ၄ လက်မ) ရှိသည့် ကျွန်းပင် ၁၉ ပင်ကို နမူနာကောက်ယူနည်းစနစ်ဖြင့် စနစ်တကျရွေးချယ်ခဲ့ကြောင်း၊ ကျွန်းပင်တစ်ပင်ချင်း၏ ရင်စို့အမြင့်မှ သစ်သားနမူနာနှစ်ခုစီကို Increment Borer ဖြင့် ဖောက်၍ရယူခဲ့ပြီး နမူနာတစ်ခုစီ၏ နှစ်ကွင်းအကျယ်များကို ဂိုတင်ဂင်န်တက္ကသိုလ်ရှိ Institute of Forest Botany ဓာတ်ခွဲခန်းတွင် Binocular Microscope ဖြင့် တိုင်းတာခဲ့ကြောင်း သိရှိရပါသည်။

တွေ့ရှိချက်များအရ – တောင်ငူ၊ မဘိမ်းနှင့် ကန့်ဘလူမှကျွန်းပင်များ၏ ပျမ်းမျှနှစ်ကွင်းအကျယ်များသည် 2.4 mm/ring 2.0 mm/ring နှင့် 1.2 mm/ring အသီးသီးရှိကြသည်။ ထိုနှစ်ကွင်းအကျယ်အသီးသီးပေါ်တွင် အခြေခံ၍တွက်ယူထားသည့် ကျွန်းပင်များ၏ ပျမ်းမျှသက်တမ်းများသည် – ၈၂ နှစ်၊ ၁၁၉ နှစ်နှင့် ၈၆ နှစ်ရှိကြောင်းသိရှိရသည်။

အထက်ဖော်ပြပါ မြို့နယ်သုံးခုရှိ ကျွန်းပင်များ၏ နှစ်ကွင်းအကျယ် အသီးသီးကို တစ်နှစ် ကြီးထွားနှုန်းသို့ ပြောင်းပါက – 10.6 rings/inch၊ 12.7 rings/inch နှင့် 21.2 rings/inch ရရှိကာ ယင်းတို့၏ ပျမ်းမျှကြီးထွားနှုန်းသည် 14.8 rings/inch ဖြစ်သည်။ (အချို့ကလည်း နှစ်ကွင်း၏အကျယ်ကို inch per ring or cm per ring ဖြင့် ဖော်ပြကြပါသည်။) အထက်တွင်ဖော်ပြခဲ့သည့် ပဲခူးရိုးမမှ ကျွန်း၏ပျမ်းမျှကြီးထွားနှုန်း (12 rings/inch) နှင့် မဘိမ်းကျွန်း၏ ကြီးထွားနှုန်းသည် အလွန်နီးစပ်နေသည်ကို တွေ့မြင်နိုင်ပါသည်။

ရရှိထားသည့် ပျမ်းမျှကြီးထွားနှုန်း – 14.8 rings/inch ကိုအခြေခံကာ ရင်စို့လုံးပတ် ၇ ပေ – ၆ လက်မ (အချင်းဝက် ၁၄.၃ လက်မ)ရှိသည့် သဘာဝကျွန်းပင်တစ်ပင်၏သက်တမ်းကို ခန့်မှန်းကြည့်ရာ – ၂၁၂ နှစ်ရရှိပါသည်။ တောင်ငူကျွန်းပင်၏ကြီးထွားနှုန်း 10.6 rings/inch ဖြင့်ဆိုလျှင် ၁၅၂ နှစ်၊ မဘိမ်းနှင့်ဆိုလျှင် ၁၈၂ နှစ်ရရှိပြီး ကန့်ဘလူနှင့်ဆိုပါက ၃၀၃ နှစ် ခန့်ရှိမည်ဖြစ်ပါသည်။ သစ်တောအမျိုးအစားပေါ်တွင်မူတည်၍ ကြီးထွားနှုန်းကွာခြားသွားခြင်းဖြစ်ပါသည်။ တောင်ငူနှင့် မဘိမ်းသည်အနည်းငယ်နီးစပ်မှု ရှိနေသော်လည်း ကန့်ဘလူသည် အလွန်ပင်ကွာဟနေသဖြင့် စဉ်းစားဖွယ်ဖြစ်နေပါသည်။ ကန့်ဘလူကိုချန်လှပ်ပြီး တောင်ငူနှင့်မဘိမ်း (10.6 rings/inch နှင့် 12.7 rings/inch) ၏ ပျမ်းမျှ – 11.65 rings/inch ကိုသာ အခြေခံမည်ဆိုပါက – ရင်စို့လုံးပတ် ၇ ပေ – ၆ လက်မရှိသည့် ကျွန်းပင်၏ သက်တမ်းသည် ၁၆၇ နှစ် ရှိမည်ဖြစ်ပါသည်။

ရေဆင်းရှိ သစ်တောသုတေသနဌာနမှ သစ်အင်္ဂဗေဒဌာနစိတ်တွင်ပြသထားသည့် ကျွန်းဖြတ်ပိုင်းကြီး၏ လုံးပတ်သည် ၉ ပေ – ၉ လက်မရှိကာ နှစ်ကွင်းပေါင်း ၂၂၈ ကွင်းရှိသည်။ ထို့ကြောင့် အချင်းဝက် ၁၇.၃၂ လက်မ ရှိသဖြင့် – ကြီးထွားနှုန်း 12.6 rings/inch ရှိသည်။ Gamble ၏ကြီးထွားနှုန်း – 12 rings/inch နှင့် လည်းကောင်း၊ မဘိမ်း၏ကြီးထွားနှုန်း – 12.7 rings/inch နှင့်လည်းကောင်း ထပ်တူနီးပါးရှိနေသည်ကို တွေ့ရှိရပါသည်။ (ဖော်ပြပါ သစ်လုံးဖြတ်ပိုင်းကြီး၏ရင်းမြစ်သည် ကျောက်ဆည်မြို့နယ်၊ ရဲရမန်းကြိုးဝိုင်း အကွက်အမှတ် (၂၀၄) ဖြစ်ကြောင်းသိရှိရပါသည်။)




**ပင်စည်နှင့်အမြစ်၏ နှစ်စဉ်ကြီးထွားမှုကို ပြသထားသည့် ၁၇ နှစ်သား ထင်းရှူးပင်တစ်ပင်၏ပုံ**

**(၄ နှစ်သားအရွယ်သို့ ရောက်ရှိမှသာ နှစ်ကွင်းစတင်ပေါ်ပေါက်နေသည်ကိုတွေ့မြင်နိုင်သည်။)**

ဤနေရာတွင်သစ်ပင်၏သက်တမ်းကို နှစ်ကွင်းအရေအတွက်ဖြင့်ခန့်မှန်းရာတွင် အထူးသိရှိထားသင့်သည့် အချက်တစ်ခုကို ဖော်ပြလိုပါသည်။ သစ်ပင်၏ သက်တမ်းသည် နှစ်ကွင်းအရေအတွက်ထက် အနည်းငယ်ပိုများသောကြောင့်ဖြစ်သည်။ သစ်ပင်တစ်ပင်သည် သစ်စေ့မှ အပင်အဖြစ် စတင်ပေါက်လာပြီးနောက် သစ်ဆုံ(stump) အမြင့်သို့ ရောက်ရှိပြီး နှစ်ကွင်းများ ထင်ရှားစွာစတင်ပေါ်ပေါက်ရန် သုံးလေးနှစ် မှ ၁၂ နှစ်ခန့်ကြာတတ်ကြောင်း၊ သုတေသနပြုမှုများအရ – Loneleaf pine (*Pinus palustris*) သည် အပင်စတင်ပေါက်ပြီးနောက် grass stage ဖြစ်သည့် ၄ နှစ် မှ ၁၂ နှစ်အတွင်း၌ နှစ်ကွင်းများ ထင်ရှားစွာ မပေါ်သေးသည်ကိုတွေ့ရှိထားကြောင်း၊ ထို့ကြောင့် ယင်းသစ်မျိုး၏သက်တမ်းကိုခန့်မှန်းသည့်အခါ နှစ်ကွင်းအရေအတွက်တွင် အနည်းဆုံး ၄ နှစ် ထည့်ပေါင်းရမည် ဖြစ်ကြောင်း – Textbook of Wood Technology (Panshin and de Zeeuw, 1980) စာအုပ်– စာမျက်နှာ ၁၇ တွင် ဖော်ပြထားပါသည်။

ကျွန်းပင်၏ကြီးထွားနှုန်းကို သက်ရှိကျွန်းပင်များကိုတိုင်းတာပြီး သိရှိနိုင်သကဲ့သို့ ခုတ်လှဲပြီးသစ်လုံးများကိုလည်းတိုင်းတာခြင်းဖြင့်သိရှိနိုင်ပါသည်။ မြန်မာ့သစ်လုပ်ငန်းမှ သစ်ဆိပ်များရှိ ကျွန်းသစ်လုံးများ၏အောက်ခြေနှင့် ထိပ်ဝနှစ်ဖက်ကို စက်လွှဖြင့်ဖြတ်ပြီး နှစ်ကွင်းများကိုရေတွက်၍ရပါသည်။ လုံးပတ်များကိုလည်း အလွယ်တကူတိုင်းတာနိုင်ခြင်းကြောင့် သစ်လုံးတစ်လုံးချင်း၏ ကြီးထွားနှုန်းအသီးသီးကို တွက်ယူနိုင်မည်ဖြစ်ပါသည်။ သစ်လုံးတိုင်းတွင်ပါရှိနေသည့် သစ်တောဌာနမှအကောက်နံပါတ်၊ မြန်မာ့သစ်လုပ်ငန်းမှ တိုင်းနံပါတ်များအရ – သစ်ပင်တစ်ပင်တည်းမှ ထွက်ရှိလာသည့် သစ်လုံးဖြတ်ပိုင်းတိုင်းကို သိရှိနိုင်သဖြင့် သစ်ပင်တစ်ပင်စီ၏ပျမ်းမျှကြီးထွားနှုန်းကို တွက်ယူနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် နံပါတ်များအရ မူလစာရင်း(ငယ်စာရင်း)တွင် ပြန်ကြည့်ခြင်းအားဖြင့် သစ်ထုတ်ယူခဲ့သည့် ကြိုးဝိုင်းကိုပါ သိရှိနိုင်သောကြောင့် သစ်တောအမျိုးအစား (forest type) အလိုက်ရှိနေသည့် ပျမ်းမျှကြီးထွားနှုန်းများကိုပါ တွက်ယူနိုင်မည်ဖြစ်ပါသည်။ စာရေးသူ၏အတွေ့အကြုံများအရ ယခုဖော်ပြပါ စူးစမ်းမှုမျိုးကို ယခင်က ဆောင်ရွက်ထားသည်များကို မတွေ့ခဲ့ဘူးသေးပါ။ ထို့ကြောင့် သုတေသီများအတွက် အထူးစိတ်ဝင်စားဖွယ်သုတေသနလုပ်ငန်းဖြစ်နိုင်ပါသည်။ ကျွန်းသာမက မြန်မာ့သစ်လုပ်ငန်းမှ ထုတ်လုပ်နေသော အခြားသစ်မာသစ်မျိုးများကိုလည်း တစ်ပါတည်း သုတေသနပြုနိုင်မည်ဖြစ်ပါသည်။

**စာကြွင်း** – 'စိုက်ခင်းကျွန်းပင်၏သက်တမ်းကိုခန့်မှန်းခြင်း' အကြောင်းဆက်လက်ရေးသားပါမည်။

**ကိုးကားသောအထောက်အထားများ**

- Properties of Teak. U Soe Tint, U Win Kyi- 1 and U Thein Kywe. Paper presented at The Teak Symposium conducted under Myanmar - Japan Technical Cooperation Program. Yangon, Myanmar. 28 - 29 March, 1995.
- The Effect of Rainfall on the Radial Growth and Longterm Growth Pattern of Teak (Tectona grandis Linn.F.) in Natural Forests of Myanmar. Dr Nyi Nyi Kyaw. 2003. Paper presented at the Forestry Research Conference.
- A Manual of Indian Timbers. James Sykes Gamble. 1902.
- Textbook of Wood Technology. A. J. Panshin and Carl de Zeeuw. Copyright 1980. 1970. 1964 by McGraw-Hill Book Company.
- မြန်မာနိုင်ငံသစ်တောသမိုင်း။ သစ်တောရေးရာဝန်ကြီးဌာန။ ၂၀၀၈ ခုနှစ်။
- တစ်ချိန်တုန်းက မြန်မာကျွန်းနှင့် သစ်သားဆိုင်ရာ ဆောင်းပါးများ။ ဝင်းချစ် (အမျိုးသားစာပေဆုရ)။ ၂၀၁၉ ဒီဇင်ဘာ။

# ပုပ္ပါးတောင်အမျိုးသားဘူမိဥယျာဉ် (Mount Popa National Geopark)

ဒေါက်တာ ဆောင်းနိုင်ဦး



### အမျိုးသားဘူမိဥယျာဉ် (National Geopark)

ဘူမိဥယျာဉ် (Geopark) ဆိုသည်မှာ ဘူမိအမွေအနှစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ယဉ်ကျေးမှုနှင့်ရှေးဟောင်းအမွေအနှစ်များ၊ လူနေမှုဓလေ့ထုံးစံများ၊ ဒေသထွက်ကုန်များ၊ ရေမြေတောတောင် သဘာဝအလှနှင့် ဒြပ်မဲ့တန်ဖိုးများကို စနစ်တကျထိန်းသိမ်းပြီး ပညာပေးရေးနှင့် သုတေသနလုပ်ငန်းများ၊ ဒေသခံပြည်သူများစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျစီမံအုပ်ချုပ်လျက်ရှိသော ဒေသတစ်ခုဖြစ်ပါသည်။ ဘူမိဆိုင်ရာ ထူးခြားသောပြကွက်များအပြင် အပန်းဖြေရေး၊ ဖျော်ဖြေရေး၊ စားသောက်နေထိုင်ရေး၊ လူမှုဆက်ဆံရေးနှင့်ပညာရပ်ဆိုင်ရာများကို လေ့လာဖြန့်ဖြူးသောနေရာလည်းဖြစ်ပါသည်။

### ဘူမိဥယျာဉ်များ စတင်ဖြစ်ပေါ်လာပုံ

ဘူမိဥယျာဉ်သဘောတရားကို ၁၉၉၁ ခုနှစ်၊ ပြင်သစ်နိုင်ငံတွင် ကျင်းပခဲ့သော ဒင်း ညီလာခံ (Digne Convention) တွင် ပထမဦးဆုံး မိတ်ဆက်တင်ပြခဲ့ရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် ပြင်သစ်၊ ဂရိ၊ ဂျာမနီနှင့် စပိန်နိုင်ငံများ ပါဝင်သော ဥရောပ (၄)နိုင်ငံမှ ကိုယ်စားလှယ်များတွေ့ဆုံပြီး ဘူမိအမွေအနှစ်များထိန်းသိမ်းခြင်းနှင့် ဘူမိခရီးသွားလုပ်ငန်းများ မြှင့်တင်ပေးခြင်းဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်နိုင်ရန် စတင်ဆွေးနွေးခဲ့ကြပြီး ဥရောပဘူမိဥယျာဉ်ကွန်ရက် (European Geopark Network) ကို တည်ထောင်ခဲ့ပါသည်။

### ယူနက်စကိုအသိအမှတ်ပြု ကမ္ဘာ့ဘူမိဥယျာဉ်အစီအစဉ်

ကမ္ဘာ့ဘူမိဥယျာဉ် (Global Geopark) အစီအစဉ်သည် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (United Nations Educational, Scientific and Cultural Organization - UNESCO) ၏ ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေးကို ဟန်ချက်ညီညီ ဆောင်ရွက်သော အစီအစဉ်တစ်ခုဖြစ်ပြီး စံသတ်မှတ်ချက်များအရ ပညာရေး၊ သုတေသန၊ ခရီးသွားလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးများကိုပါ လွှမ်းခြုံသည့် အစီအစဉ်တစ်ခုလည်း ဖြစ်ပါသည်။

ယူနက်စကို ကမ္ဘာ့ဘူမိဥယျာဉ်အစီအစဉ် (UNESCO Global Geopark) ကို ၂၀၀၁ ခုနှစ်တွင် စတင်ခဲ့ပြီး ဥရောပဘူမိဥယျာဉ်ကွန်ရက်နှင့် ယူနက်စကို (UNESCO) ပူးပေါင်းခြင်းဆိုင်ရာ သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ရာ ဥရောပဘူမိဥယျာဉ်ကွန်ရက်ကို ယူနက်စကို(UNESCO) ၏ လက်အောက်အဖွဲ့အစည်းအဖြစ်ထားရှိခဲ့ပါသည်။ ၂၀၀၄ ခုနှစ်တွင် ယူနက်စကို (UNESCO)

ဦးဆောင်သောကမ္ဘာ့ဘူမိဥယျာဉ်ကွန်ရက်(Global Geopark Network) ကို ဖွဲ့စည်းရန် ဥရောပဘူမိဥယျာဉ်(၁၇)ခု နှင့်တရုတ်နိုင်ငံ၏ဘူမိဥယျာဉ်(၈)ခုတို့ပူးပေါင်းခဲ့ကြပါသည်။

ယနေ့အချိန်ထိ နိုင်ငံပေါင်း (၄၈) နိုင်ငံတွင် ကမ္ဘာ့ဘူမိဥယျာဉ် (၁၉၅)ခု တည်ထောင်ပြီးဖြစ်ပါသည်။ ကမ္ဘာ့ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာလုံးဆိုင်ရာကွန်ရက်တို့ ချိတ်ဆက်ပြီး ဘူမိဆိုင်ရာထူးခြားအရေးပါသောနေရာများနှင့် အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရန်နှင့် ဒေသတွင်းနိုင်ငံများတွင် ဘူမိခရီးသွားလုပ်ငန်းများစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းလည်းဖြစ်ပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ဘူမိဥယျာဉ် (၄၁)ခု ရှိပြီး ကမ္ဘာ့ဘူမိဥယျာဉ် အများဆုံးပိုင်ဆိုင်ထားပါသည်။ အရှေ့တောင်အာရှနိုင်ငံများအနက် အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့တွင် ကမ္ဘာ့ဘူမိဥယျာဉ်များအဖြစ်သတ်မှတ်ခံထားရသော ဘူမိဥယျာဉ်များ ရှိနေပြီဖြစ်ပါသည်။ ယူနက်စကို ကမ္ဘာ့ဘူမိဥယျာဉ်အစီအစဉ်အနေဖြင့် အာရှပစိဖိတ်ဘူမိဥယျာဉ် ကွန်ရက်၊ ဥရောပဘူမိဥယျာဉ်ကွန်ရက်၊ လက်တင်အမေရိကနှင့် ကာရေဘီယန်ဘူမိဥယျာဉ်ကွန်ရက်နှင့် အာဖရိကဘူမိဥယျာဉ်များကွန်ရက်တို့ ဖွဲ့စည်းပြီး ဒေသတွင်းနိုင်ငံများ ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

**ဘူမိဥယျာဉ်တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်**

ဘူမိဥယျာဉ်ကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့်တည်ထောင်ဆောင်ရွက်ကြပါသည်–

(က) ဘူမိအမွေအနှစ်များ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ဇီဝမျိုးစုံမျိုးကွဲနှင့်ဂေဟစနစ်များ၊ ဘူမိသွင်ပြင်အနေအထားနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ခ) မျိုးဆက်သစ်လူငယ်များအနေဖြင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုလျှော့ချရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သုတေသနပြုရေးတို့ကို စိတ်ဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်၊

(ဂ) ဒေသခံလူမှုအဖွဲ့အစည်းများအကြား သာတူညီမျှညှိနှိုင်းဆောင်ရွက်သော အလေ့အကျင့်များရရှိရေး အားပေးမြှင့်တင်ရန်၊

(ဃ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်နှင့်

(င) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်ပါသည်။

**မြန်မာနိုင်ငံတွင် ဘူမိဥယျာဉ်ဖြစ်မြောက်ရေး စတင်ဆောင်ရွက်မှုများ**

မြန်မာနိုင်ငံတွင် ပုပ္ပါးတောင်အမျိုးသားဉယျာဉ်အား ယူနက်စကိုအသိအမှတ်ပြုကမ္ဘာ့ဘူမိဥယျာဉ် (UNESCO Global Geopark) အဖြစ် သတ်မှတ်ခံရနိုင်ရေးအတွက် ရှေးဦးစွာ အမျိုးသားဘူမိဥယျာဉ်အဖြစ် သတ်မှတ်ဖွဲ့စည်းနိုင်ရန် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့က ၂၀၁၆ ခုနှစ်မှစပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၏ လေ့လာဆန်းစစ်မှုများအရ ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရနိုင်ရန် အလားအလာရှိသော နေရာအများအပြားရှိသည့်အနက် ပုပ္ပါး၊ တွင်းတောင်၊ ပင်းတယ၊ ဖွဲကပင်တောင်၊ ခါကာဘိုရာဇီ၊ ပူတာအို၊ အင်းတော်ကြီး၊ အင်းလေး၊ မန်အောင်ကျွန်း၊ ဘီလူးကျွန်း စသည့်ဒေသများသည် အမျိုးသားအဆင့်ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရနိုင်သည့် ထူးခြားသောလက္ခဏာများစွာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆိုပါနေရာဒေသများအနက် ပုပ္ပါးဒေသသည် အလားအလာရှိဆုံးဒေသဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ပထမဆုံး အမျိုးသားဘူမိဥယျာဉ်ဖြစ်လာဖို့ စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

**ပုပ္ပါးတောင်အမျိုးသားဘူမိဥယျာဉ် ပေါ်ပေါက်ရေး ဆောင်ရွက်မှုများ**

ယူနက်စကိုအသိအမှတ်ပြု ကမ္ဘာ့ဘူမိဥယျာဉ် အဖြစ် အမည်စာရင်းမတင်သွင်းမီ နိုင်ငံအဆင့် ဘူမိဥယျာဉ်အဖြစ် ဦးစွာသတ်မှတ်ရန်ဖြစ်သဖြင့် ပုပ္ပါးတောင်အမျိုးသားဘူမိဥယျာဉ်ဖြစ်မြောက်ရေးကို စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

ဘူမိဥယျာဉ်များ စနစ်တကျ သတ်မှတ်တည်ထောင်ရာတွင် မူဝါဒဆိုင်ရာလုပ်ငန်းများ၊ ပူးပေါင်းဆောင်ရွက်မှုနှင့် လမ်းညွှန်ကြီးကြပ်ညှိနှိုင်းမှုများပြုနိုင်ရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်သော အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီကို ဖွဲ့စည်းထားပါသည်။ ထို့အပြင် ဘူမိဥယျာဉ်ဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်နှင့် လုပ်ငန်းများကို ကြီးကြပ်နိုင်ရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများက ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော ဘူမိဥယျာဉ်

ဆိုင်ရာလုပ်ငန်းကော်မတီနှင့် ဘူမိဥယျာဉ်ဆိုင်ရာနည်းပညာလုပ်ငန်းအဖွဲ့ကိုဖွဲ့စည်းထားပါသည်။ မြို့နယ်အဆင့်အနေဖြင့်လည်း ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ ဒေသခံလူမှုအဖွဲ့အစည်းများနှင့် ကျေးရွာလူထုတို့ပါဝင်သော ပုပ္ပါးတောင်အမျိုးသားဘူမိဥယျာဉ်ဆိုင်ရာ မြို့နယ်အဆင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းထားပြီး ဘူမိအမွေအနှစ်များ ရေရှည်တည်တံ့စေရေးနှင့်ဒေသခံများကို အကျိုးပြုစေသော ဘူမိအခြေခံဖွံ့ဖြိုးရေးလုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ပုပ္ပါးတောင်ဒေသကို ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ်သတ်မှတ်ခံရရေးအတွက် အရေးကြီးသောအဆင့်တစ်ခုဖြစ်သည့် အမျိုးသားအဆင့် ဘူမိဥယျာဉ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ (၆-၁၂-၂၀၂၃) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅၂/၂၀၂၃) ဖြင့် အောင်မြင်စွာ ဖွဲ့စည်းသတ်မှတ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

**အမွေအနှစ်များ စုံလင်သော ပုပ္ပါးဒေသ**

ပုပ္ပါးတောင်အမျိုးသားဥယျာဉ်အပါအဝင် ပုပ္ပါးဒေသသည် ရှေးနှစ်သန်းပေါင်းများစွာက ပေါက်ကွဲခဲ့သော မီးတောင်ဟောင်းတစ်ခုဖြစ်ပြီး အပူပိုင်းဒေသ၏ စုံလင်လှသောသစ်ပင်ပန်းမန်များနှင့် တောရိုင်းတိရစ္ဆာန်များ အတွက် နေရင်းဒေသများကို ထောက်ပံ့ပေးပြီး ထူးခြားသော ဂေဟာစနစ်များတည်ရှိရာနေရာလည်း ဖြစ်ပါသည်။

ထူးခြားသည့်ဂေဟစနစ်များ ပိုင်ဆိုင်ပြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၏ အိုအေစစ် (Oasis) ဟု တင်စားခေါ်ဝေါ်ကြသော ပုပ္ပါးတောင်ဒေသကို ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် သစ်တောဦးစီးဌာနက ၁၉၈၉ ခုနှစ်တွင် ဧရိယာ (၃၁၇၆၃.၂၀) ဧကကို ပုပ္ပါးတောင်ဥယျာဉ်အဖြစ် ဖွဲ့စည်းသတ်မှတ်ခဲ့ပါသည်။ ပုပ္ပါးတောင်ဥယျာဉ်အတွင်း နို့တိုက်သတ္တဝါမျိုးစိတ်(၂၆)မျိုး၊ ငှက်မျိုးစိတ် (၁၈၅) မျိုး၊ တွားသွားသတ္တဝါမျိုးစိတ်(၂၃)မျိုး၊ ကုန်းနေရေနေသတ္တဝါ (၇)မျိုးနဲ့ လိပ်ပြာမျိုးစိတ် (၁၁၂)မျိုးတို့ကို တွေ့ရှိနိုင်ပါသည်။ ပုပ္ပါးတောင်ဥယျာဉ်တွင် တောင်ပေါ်အမြဲစိမ်းတော၊ ရွက်ပြတ်ရောနှောတော၊ တောခြောက်၊အင်တိုင်းတော၊ သန်း-ဒဟတ်တောနှင့် မြက်ခင်းတောများပေါက်ရောက်ပြီး အပင်မျိုးစိတ်ပေါင်း (၃၀၀)ကျော်ကို မှတ်တမ်းတင်ထားရှိပြီး ဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ်ဖြစ်သည့် ပုပ္ပါးမျောက်မျီးရှည် (Popa Langur) ကို မြန်မာနိုင်ငံ ပုပ္ပါးဒေသတွင်သာ တွေ့နိုင်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ဒေသရင်း ငှက်မျိုးစိတ်များ ဖြစ်သော နဖားကြူးအမြီးဝိုင်း၊ စွှေ၊ ချိုးလင်းပြာ၊ ဗွတ်မွဲ၊ ဘီလုံးအစရှိသည့် ငှက်မျိုးစိတ်များကိုလည်း တွေ့ မြင်နိုင်ပါသည်။

ပုပ္ပါးဒေသသည် အထက်ဖော်ပြပါ သဘာဝအမွေအနှစ်များအပြင် အစွယ်(၂)ထပ်ဆင်၏ ကျောက်ဖြစ်ရုပ်ကြွင်းမေးရိုးအပါအဝင် ထူးခြားသော ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ပုဂံခေတ် သံရည်ကျိုမီးဖိုများ၊ ဇီဝမျိုးစုံမျိုးကွဲများအစရှိသော ရှေးဟောင်းယဉ်ကျေးမှု၊ ရိုးရာဓလေ့နှင့် ဘူမိဗေဒဆိုင်ရာအမွေအနှစ်များလည်း ပေါကြွယ်ဝသောနေရာတစ်ခုဖြစ်ပါသည်။ အထူးသဖြင့် မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်များ၊ အင်ကြင်းကျောက် အပါအဝင် ကျောက်အမျိုးအစားအစုံအလင်နှင့်ခေတ်ကာလအလိုက် သမိုင်းကြောင်းဖြစ်တည်မှုများကိုပါ တစ်နေရာတည်းတွင် လေ့လာနိုင်သောနေရာတစ်ခုဖြစ်ပါသည်။

**ပုပ္ပါးဒေသရှိဘူမိနယ်မြေ (Geosite) များ**

ပုပ္ပါးတောင်အမျိုးသားဘူမိဥယျာဉ်သည် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်အတွင်း သစ်တောဦးစီးဌာနက စီမံခန့်ခွဲခွင့်ရှိသည့် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေဧရိယာများတွင် တည်ရှိပါသည်။ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကွင်းဆင်း စစ်ဆေးမှုများအရ ဘူမိနယ်မြေ Geosite နေရာပေါင်း (၁၀၀) ကျော်ရှိပြီး ကနဦးအနေဖြင့် သစ်တောဦးစီးဌာန၏ စီမံအုပ်ချုပ်မှုနယ်မြေအတွင်း ကျရောက်သည့် အဆိုပါ ဘူမိနယ်မြေ(Geosite)(၁၅) နေရာဖြင့် စတင်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။

အဆိုပါ ဘူမိနယ်မြေ (၁၅) နေရာမှာ -

၁။ ပုပ္ပါးတောင်ထိပ်၊
၂။ မီးတောင်ပြာကျောက်
၃။ ရေဝတီသဲကျောက် လွှာထပ်မှုအနေအထား၊
၄။ သုံးထပ်ကွေ့ မီးတောင်ကျိုးပဲ့စာကျောက်များ၊
၅။ ရေဝတီကျောက်လွှာစု၊
၆။ တောင်နီတောင်ချယ်ဆီဒိုနီ နှင့် မြေစေးတွင်းထွက်များ၊
၇။ ပရဆေးဥယျာဉ်နှင့်ပညာပေးပြခန်း၊
၈။ စန္ဒကူးတောနှင့် မြန်မာ့ရွှေသမင်ခြံ၊
၉။ ငှက်သိုက်ချောက်ကမ်းပါး၊
၁၀။ ကုန်းပြင်မြင့်ချော်လွှာရှုခင်းသာ၊
၁၁။ ဗဆော့ဆန်သောချော်ရည်စီးကြောင်း၊

၁၂။ တောင်ပေါ်ရွာ(တောင်) ရှုခင်းသာ၊
၁၃။ ပုပ္ပါးတောင်ကလပ် အင်ကြင်းကျောက်များ၊
၁၄။ တောင်နားတောင် ရှုခင်းသာ၊
၁၅။ ပုပ္ပါးတောင်မကြီးမီးတောင်ဝနှင့်ဂဲမိုးအိုင်တို့ဖြစ်ပါသည်။

ဘူမိနယ်မြေ(Geosite)များသည် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းနှင့် ဆက်စပ်ဝန်ကြီးဌာနများ၏ ကျွမ်းကျင်ပညာရှင်များက စနစ်တကျကွင်းဆင်းလေ့လာဖော်ထုတ်ပြီး ရွေးချယ်ထားသည့်နေရာများဖြစ်ခြင်းကြောင့် ဘူမိဗေဒဆိုင်ရာအပြင် ထိန်းသိမ်းရေးဆိုင်ရာအနေဖြင့်လည်း ထူးခြားသောနေရာများ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဘူမိအမွေအနှစ်များ၊ သဘာဝအလှ၊ သစ်ပင်ပန်းမန်၊တောရိုင်းတိရစ္ဆာန်နှင့် ကျေးငှက်သာရကာများကို လေ့လာရှုမြင်နိုင်ပြီး အတိတ်ပထဝီဝင်၊ သမိုင်းကြောင်းနှင့် ရာသီဥတုအခြေအနေများကိုပါ လေ့လာဆန်းစစ်နိုင်သောနေရာတစ်ခုဟုဆိုနိုင်ပါသည်။

**အကျိုးကျေးဇူးများ**

အမျိုးသားအဆင့်နှင့် ကမ္ဘာ့အဆင့် ဘူမိဥယျာဉ်များသတ်မှတ်နိုင်ရေးလုပ်ငန်းစဉ်သည် မိမိတို့နိုင်ငံ၏ ထူးခြားထင်ရှားသော သဘာဝအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ရာတွင် အထောက်အကူပြုနိုင်ရုံသာမက မြန်မာနိုင်ငံ၏သဘာဝသယံဇာတကြွယ်ဝမှုနှင့် ယဉ်ကျေးမှုသမိုင်းအမွေအနှစ်အကြောင်းများကို တင်ပြနိုင်မည်ဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက ပိုမိုသိရှိလာစေနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ဘူမိဥယျာဉ်အနီးပတ်ဝန်းကျင်တွင်နေထိုင်ကြသောဒေသခံပြည်သူများအနေဖြင့် မိမိတို့ရပ်ရွာအပေါ် ပိုမိုဂုဏ်ယူဝံ့ကြွားလာနိုင်ပြီး၊သဘာဝသယံဇာတနှင့်ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ဖို့အသိအမြင်များ ပိုမိုနိုးကြားလာစေမည်ဖြစ်ပါသည်။ အမျိုးသားအဆင့်နှင့် ကမ္ဘာ့အဆင့်ဘူမိဥယျာဉ်များသတ်မှတ်ခြင်းမှတစ်ဆင့် ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး ဒေသခံများ၏လူမှုစီးပွားရေးဖွံ့ဖြိုးမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာနိုင်မည်ဖြစ်ပါသည်။

ပုပ္ပါးတောင်အမျိုးသားဥယျာဉ်နှင့် ပုပ္ပါးဒေသသည် မြန်မာနိုင်ငံတွင် ပြည်ပခရီးသွားများ အများဆုံးလာရောက်ကြသည့်နေရာများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ကမ္ဘာ့အမွေအနှစ်တစ်ခုဖြစ်သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် နီးကပ်စွာတည်ရှိသည့်အတွက် ပုဂံနှင့်ဆက်စပ်ပြီး ပုပ္ပါးဒေသကိုလည်း ခရီးသွားဧည့်သည်များ ပိုမိုလာရောက်နိုင်သည့်အလားအလာများစွာရှိပါသည်။ ပုပ္ပါးဒေသကိုကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် သတ်မှတ်နိုင်မည်ဆိုပါက ပုပ္ပါးဒေသတွင် Geotourism ဟုခေါ်ဆိုသော ဘူမိခရီးသွားလုပ်ငန်းပေါ်ပေါက်လာမည်ဖြစ်ပြီး ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများကို ထပ်မံရရှိစေမည်ဖြစ်ပါသည်။

**သဘာဝအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ခြင်း**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် နိုင်ငံအတွင်းရှိ သဘာဝသယံဇာတအမွေအနှစ်များရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် စနစ်တကျအသုံးပြုခြင်းတို့ကိုဆောင်ရွက်လျက်ရှိပြီး သဘာဝအမွေအနှစ်များဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်များနှင့် ထူးခြားသည့် ဘူမိသွင်ပြင်ရှိသည့်နေရာဒေသများကို သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ပြီး ကာကွယ်ထိန်းသိမ်းလျက်ရှိပါသည်။ ဇီဝမျိုးစုံမျိုးကွဲများနှင့်ဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ရာတွင် နိုင်ငံအဆင့်သာမက ဒေသတွင်းနှင့်နိုင်ငံတကာစံနှုန်းများနှင့်အညီ စီမံအုပ်ချုပ်နိုင်စေရန်၊ နည်းပညာနှင့် ရန်ပုံငွေအထောက်အပံ့များ ရရှိနိုင်စေရန်နှင့် နိုင်ငံ၏ပုံရိပ်ကိုမြှင့်တင်နိုင်ရန်အတွက် နိုင်ငံတကာနှင့်ဒေသအဆင့် အသိအမှတ်ပြုသဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် အဆင့်တိုးမြှင့်တည်ထောင်နိုင်ရေး၊ သတ်မှတ်ခံရရေး ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံ့ရေိယာ၏ (၁၀)ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းနိုင်ရေးဆောင်ရွက်လျက်ရှိပြီး ယနေ့အချိန်ထိ သဘာဝထိန်းသိမ်းရေးနယ်မြေ (၅၉)ခု၊ နိုင်ငံ့ရေိယာ၏ (၆.၄၂) ရာခိုင်နှုန်းကို ဖွဲ့စည်းသတ်မှတ်နိုင်ခဲ့ပြီး ရေရှည်မျှော်မှန်းချက် ပြည့်မီနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဒေသတွင်းကြိုးပမ်းမှုအဖြစ် အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park) (၈) ခု၊ ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်အစီအစဉ်တစ်ခုဖြစ်သော လူသားနှင့်ဇီဝအဝန်းနယ်မြေ (Man and Biosphere Reserve - MAB) (၂) ခု၊ နိုင်ငံတကာအဆင့် ရမ်ဆာရေဝပ်ဒေသ (Ramsar Site) (၆) ခုနှင့် သြစတြေးလျဒေသ ငှက်ပျံသန်းရာလမ်းကြောင်းကွန်ရက်နယ်မြေ (East Asian-Australasian Flyway Network Site) (၈) ခု တို့ကို အသိအမှတ်ပြုခံထားပြီးဖြစ်ပါတယ်။

**အမျိုးသားဘူမိဥယျာဉ် (National Geopark) မှ သည် ယူနက်စကို ကမ္ဘာ့ဘူမိဥယျာဉ် (UNESCO Global Geopark)**

ကမ္ဘာ့ဘူမိဥယျာဉ်များ၏ အနှစ်သာရသည် ကျယ်ပြန့်သောနယ်မြေတစ်ခုကို လွှမ်းခြုံပြီး ထိန်းသိမ်းကာကွယ်မှု၊ သိမြင်နိုးကြားလာစေမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဟူသည့် မဏ္ဍိုင်(၃)ခုအပေါ် အခြေခံထားပါသည်။

တစ်နည်းအားဖြင့် ကမ္ဘာ့ဘူမိဥယျာဉ်များသည် သဘာဝ အမွေအနှစ်များအပြင် ယဉ်ကျေးမှုအမွေအနှစ် လက္ခဏာအားလုံးနှင့်ဆက်စပ်နေပြီး ဘူမိဖြစ်စဉ်များ၊ ဘူမိအန္တရာယ်များ၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝသယံဇာတများ စဉ်ဆက်မပြတ်စီမံအုပ်ချုပ်မှု၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှုတို့နှင့်ဆက်စပ်နေသည့် နေရာဒေသလည်း ဖြစ်ပါသည်။ ကမ္ဘာ့ဘူမိဥယျာဉ်များသည် ဒေသ၏ဘူမိအရင်းအမြစ်များအား ကာကွယ်ထိန်းသိမ်းခြင်းဖြစ်သကဲ့သို့ ဘူမိဥယျာဉ်အတွင်းမှာရှိသော ဒေသခံလူမှုအဖွဲ့အစည်းများနှင့် ပြည်သူများအကြား အဓိကစီးပွားရေးလုပ်ငန်းမဏ္ဍိုင်အဖြစ် ပေါင်းကူးပေးသောအစီအစဉ်လည်းဖြစ်ပါသည်။ ဒေသခံပြည်သူများအတွက် လူမှုစီးပွားရေးလိုအပ်ချက်များ၊ ဒေသခံစီးပွားရေးလုပ်ငန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဘူမိခရီးသွားလုပ်ငန်းစသောလုပ်ငန်းများမှ အကျိုးအမြတ်များကို မျှဝေခံစားနိုင်ကြမည်ဖြစ်ပါသည်။

ပုပ္ပါးတောင်အမျိုးသားဘူမိဥယျာဉ်သည် ကမ္ဘာ့အဆင့် ထူးခြားသော အမွေအနှစ်နှင့် သမိုင်းကြောင်းများပိုင်ဆိုင်ထားသည့်နေရာဖြစ်ပါသည်။ ကမ္ဘာ့အဆင့် ရှားပါးသော တောရိုင်းတိရစ္ဆာန်အပါအဝင် ကြွယ်ဝတဲ့ဇီဝမျိုးစုံမျိုးကွဲများ၊ ထင်ရှားကျော်ကြားသည့်သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ လှပသောရှုခင်းများနှင့် အဖိုးတန် ဘူမိအမွေအနှစ်တွေများစွာ ကိန်းအောင်းနေသော တန်ဖိုးမဖြတ်နိုင်သည့် နေရာဒေသတစ်ခုဖြစ်ပါသည်။ ဆန်းကြယ်သောအလှတရားနှင့် အမွေအနှစ်များကို ယူနက်စကို အသိအမှတ်ပြု ဘူမိဥယျာဉ်အနေဖြင့် ပေါ်ထွန်းလာပါက နိုင်ငံ၏ ဂုဏ်ပုဒ်ကို မြှင့်တင်နိုင်ပြီး ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူပြုမည်ဖြစ်ပါသည်။

ထို့ကြောင့် ပုပ္ပါးတောင်အမျိုးသားဘူမိဥယျာဉ်ကို အမျိုးသားအဆင့်မှသည် ကမ္ဘာ့အဆင့် တက်လှမ်းနိုင်ဖို့ဆိုသည့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်စေရန်အတွက်ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများ၊ ပညာရပ်နှင့်သုတေသနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြပါစို့လို့ ဖိတ်ခေါ်ရင်း မြန်မာနိုင်ငံ၏ ပထမဆုံးသောဘူမိဥယျာဉ်ဖြစ်သည့် ပုပ္ပါးတောင်အမျိုးသားဘူမိဥယျာဉ် (Mount Popa National Park) သတ်မှတ်ဖွဲ့စည်းခြင်းကို ဂုဏ်ပြုဖော်ပြလိုက်ပါသည်။

*(၁၈-၁၂-၂၀၂၃)ရက်နေ့ထုတ် မြန်မာ့အလင်း၊ မြဝတီသတင်းစာနှင့် (၁၉-၁၂-၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိပြီးဖြစ်ပါသည်။*

# သစ်ပင်များစွာ စိုက်ကြမည် - -



စိုပြေ- ကော့မှူး
စီမံခန့်ခွဲရေးဌာန

❖ သစ်တောသစ်ပင်၊ ပြည်တခွင်ဝယ်
သန့်စင် ကြီးထွား၊ မျိုးကောင်းများကို
စိတ်ထားရင်းစုံ၊ ချိန်ခါမှန်ရင်း
ရင့်သန်စိတ်နဲ့ ပျိုးခဲ့သည်။

❖ ပျိုးပင်ရင့်လာ ထိုအခါဝယ်
အစာကိုဖြတ်၊ လေ့ကျင့်အပ်စွာ
ရှင်ရပ်ကြီးထွား၊ မူကျင့်များကို
အင်အားလုံ့လ၊ မြဲမြံ့ရကာ
ဘဝအတွက်၊ ခရီးဆက်လို့
ဆက်လက်သန်မာ နေလိမ့်မည်။

❖ မြေပြင်တွင်စိုက်၊ ထိုအခိုက်ဝယ်
အားစိုက်ရှင်သန်၊ ပျိုးပင်မှန်က
မြဲမြံ ဖြစ်ထွန်း၊ ကြီးထွားလွန်းကာ
တောင်စွန်းတောင်ဖျား၊ မမှုကြားဘဲ
ကြီးထွားအစဉ် ရှိလိမ့်မည်။

❖ စိုက်ပြီးသစ်ပင်၊ ပြုစုစဉ်မှာ
ချိန်ခါတိကျ၊ လုပ်ဆောင်ရကာ
မြေဆွစာကျွေး၊ ပေါင်းသက်ပေးလို့
နွေးထွေးသားငယ်၊ အလှကြွယ်ရေး
စိတ်ဝယ်မိဘ ဖြစ်ရသည်။

❖ တို့တွေကောင်းမှု အစဉ်ပြုဖို့
ပေါင်းစုစိုက်ပျိုး ပြည်တမိုးဝယ်
ထပ်တိုးသစ်ပင် စိုက်ကြမည်။ ။

# သုဝဏ္ဏဘူမိ (၂)

အောင်ခင်(သစ်တော)

**ထန်းရည်ချစ်သူ**

ကျွန်တော်တို့ ရုံးက တောအုပ်ကြီး တစ်ယောက်က ထူးခြားတယ်။ သထုံမြို့ အောက်ကျင်းရပ်ကွက် ထန်းတောထဲက သူအကြိုက်ဆုံးအပင်ကို သူတစ်ယောက်တည်း သောက်မယ်ဆိုပြီး အဲ့ဒီအပင်က ထွက်သမျှ ထန်းရည်ကို တခြားလူကိုမရောင်းရဘူးဆိုပြီး အပြတ်ဝယ်ထားတာရှိတယ်။ သူနဲ့သူ့အပေါင်းအသင်းတွေပဲ သောက်ကြတယ်။

စောစောက ကျွန်တော်တို့ ကြားဖူးတာက မုဒုံဘက်က နှစ်ရှည်သီးနှံခြံ ဒူးရင်းသီးခြံထဲမှာ ဗိုလ်ချုပ်တွေ ဝန်ကြီးတွေက သူတို့ကြိုက်တဲ့အပင်က အသီးကို တခြားလူတွေ ပေးမရောင်းရဘူးတဲ့။ အပင်တွေမှာမှတ်ထားတာတဲ့။ ကျွန်တော့်တောအုပ်ကြီးကလည်း အဲ့ဒီလူကြီးမင်းများကိုအားကျလို့လားမသိပါဘူး။

*'ငါးရာပဲကျပါတယ် ဆရာကီး'*

အဲ့ဒီအချိန်က သထုံမှာအကောင်းဆုံး အသန့်ဆုံးစားသောက်ဆိုင်မှာ ကျွန်တော့်မိသားစုသွားစားဖူးတယ်။ ပုံမှန် ကြက်ကုန်းဘောင်၊ ပုဇွန်ချိုချဉ်စတာတွေနဲ့ အချိုရည်ပဲ မှိုဝဲကြတာ။ ပိုက်ဆံရှင်းဖို့ ဆိုင်ရှင် တရုတ်မကြီးကို ခေါ်လိုက်တော့ ငါးရာပဲကျပါတယ်ဆရာကီးတဲ့။ သူ့ဘက်ကကြည့်တော့နည်းနည်းပဲကျပါတယ်လို့ပြောချင်တာ။ တခြား ယမကာဘာညာနဲ့ဆရာတွေဆို အနည်းဆုံးတစ်ထောင်၊ နှစ်ထောင်လောက်ကျကြတာကိုးခင်ဗျ။

*'အစ်မက စကား ဝဲတယ်တဲ့'*

သထုံဘက်က ကလေးတွေက 'မရှိဘူး' လို့ပြောရင်'မစိဘူး'လို့အသံထွက်တယ်။ စာရေးမတစ်ယောက်က ပြောတာရှိသေးတယ် '*ဆရာတို့ ကားကို ကျွန်မတွေ့တယ်။ ကားကအစိန်ကြီးနဲ့ မောင်းလာတာ*'တဲ့၊ သူပြောချင်တာက အရှိန်ကြီးနဲ့မောင်းလာတာလို့ပြောချင်တာ။ အဲ့လို ကလေးတွေကို ကျွန်တော်အိမ်သူက နင်တို့က စကားဝဲတယ်လို့ သွားပြောမိတယ်။

မခံဘူးဗျ သူတို့က။ အစ်မကမှ စကား ဝဲတာတဲ့။ အမျိုးသမီးက ဒရိုင်ဘာ ကျော်ထွန်းကို ကျော်ထွင်းလို့ ခေါ်တာသူရိုကြားနေတာကိုး။ ကွမ်းယာကို ကွင်းယာ ဒီလိုမျိုးအညာမြင်းခြံလေသံနဲ့ပြောတာလည်း ကြားမှာပဲ။ စကားဝဲတာကြားရတဲ့အထဲမှာ ပိုဆိုးတာက ရထားနဲ့ ရန်ကုန်သွားတော့ ရထားပေါ်က ဈေးသည်တစ်ယောက် အော်သံကြားတော့လန့်တောင်သွားတယ်။

သူအော်တာက စောက်သီးသုပ် တွေရမယ်။ စောက်သီးသုပ် တွေရမယ်တဲ့။ သူအော်တဲ့ အသံထွက်ကို ကြားရတာ ကျွန်တော့်မှာ သွားပဲကျိန်းရမလို၊ နားပဲကျိန်းရမလိုကြီးပါဗျာ။ ဩော်.... ရှောက်သီးသုပ်သည် အခြောက်မရယ်။

ကျွန်တော်တို့ကျောင်းသားဘဝ ကွင်းဆင်းကြတုန်းက အေလာသားသူငယ်ချင်းမက်ဇင် ကော်မတီဝင်(messing)ပြောတာက သူငယ်ချင်းတို့အတွက် 'ခရမ်းရှင်သီးနိုင်နိုင်နဲ့ ငရှောက်ရှိရှင်ချက်ထားတယ်' တဲ့။ သူပြောတာက ခရမ်းချဉ်သီးနိုင်နိုင်နဲ့ ငါးခြောက်ချိုချဉ်ပါခင်ဗျာ။

အဲ့လိုပဲဒေသလိုက်ပြီး အသံထွက် ဝဲသွားကြတာ နယ်စုံအောင်ရောက်ဖူးမှသိရတာ။

**ညဉ်ကောင်းတဲ့ကားလေး**

သထုံကရုံးအိမ်ကြီးကို သေချာပြင်ဆင်ပြီးနောက် မှတ်တမ်းဓာတ်ပုံတွေဝေဆာစွာနဲ့ DG ဆီကို completion report တင်ပါတယ်။ မြို့နယ်စုအတွင်းပါဝင်တဲ့ ကျိုက်ထို၊ ဘီးလင်း၊ ပေါင်မြို့နယ်တွေမှာရှိတဲ့ သစ်တောလုပ်ငန်းတွေလှည့်လည်စစ်ဆေးဖို့ မော်တော်ယာဉ် ခွဲဝေချထားပေးဖို့ DG ကိုတင်ပြတဲ့အခါ ခွင့်ပြုပေးပါတယ်။

ဈ/3242 E 2000 လိုက်ထရပ်လေးရပါတယ်။ အလုံစတိုကနေ ကားထုတ်လာတော့ တွန်းစတပ်နဲ့ စခဲ့ရတယ်။ အစ်ကိုဦးဝင်းနိုင် 74 batch တောင် မုန့်ဟင်းခါး စားလိုက်ရပါသေးတယ်။

ဘတ္တရီအသစ်လဲ၊ ဝပ်ရှော့မှာ ပြင်ပြီးမှ သုဝဏ္ဏဘူမိကို အရောက်မောင်းခဲ့ရတယ်။ အဲ့လို အဝင်လေး တစ်ချက်ပဲပညာပေးခံရပြီး နောက်ပိုင်းမှာ တော်တော်လေး တော်ရှာပါတယ်။

အဲ့ဒီကာလတုန်းက ကျွန်တော် မြို့နယ်စုထဲ ကွင်းဆင်းစစ်ရင် လုံခြုံရေးက ကားလမ်းဘေးဝဲယာ တစ်မိုင်လောက်ပဲ စိတ်ချရတာ။ တစ်မြို့နဲ့တစ်မြို့ကြားလည်း စိတ်မချရဘူး။ လမ်းဘေး ဝဲ ယာတစ်မိုင်ကျော်ရင် မသွားရဲကြတော့ဘူး။ စစ်တောင်းတံတားကနေ မုတ္တမအထိ အစုန်အဆန်အကြိမ်ကြိမ်သွားခဲ့တယ်။ လမ်းမှာတစ်ခါမှ မပျက်ဘူး။ ဘီးမပေါက်ဘူး။ သထုံမြို့အဝင်ကျမှ ဘီးပေါက်တာ တို့ဘာတို့ဖြစ်တတ်တာ။ ဒါကြောင့်မို့ ကားလေးက ညဉ်

ကောင်းတယ်လို့ ပြောတာ။

**မ ၀ တ နဲ့ အစ်မကြီး ဒေါ်ခင်လှ**

အဲဒီကာလတုန်းက မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌက ချင်းအမျိုးသား ဗိုလ်မှူး ထန်ခွီရှိန်း၊ အတွင်းရေးမှူးက ဗိုလ်ကြီးသန်းဦး။ ကျွန်တော် ဆုံခဲ့ဖူးတဲ့ မ ၀ တ တွေထဲမှာတော့ အမွန်ရည်ဆုံးသူတွေပါဗျာ။ ဌာနဆိုင်ရာတွေကို အနိုင်မကျင့်ဘူး။

အစ်မကြီး ဒေါ်ခင်လှကတော့ သစ်တောဌာနက နာမည်ကြီး လက်သီး ဦးသိန်းညွန့်ရဲ့အစ်မအရင်းပါ။ အစ်မကြီးက စည်ပင်သာယာအုပ်ချုပ်ရေးမှူးဗျ။

အစည်းအဝေးလုပ်ကြရင် အစ်မကြီးက ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးကို သူကချည်းအော်ငေါက်တာ။ နောက်ပြီး ပြောသေးတယ်။ နင်တို့လုပ်တာတွေ ငါအကုန်သိတယ် နော်တဲ့။ သူ့ကိုပဲ အားလုံးက ဝိုင်းပြီးကြောက်နေတာ။

အစ်ကိုကြီး ဦးသိန်းညွန့် ပင်စင်ယူပြီးတာတောင် အဲ့အစ်မကြီးက ပင်စင်မယူသေးဘူး။

ဗိုလ်ကြီးသန်းဦးတို့က 'အစ်မကြီး ... အစ်မကြီးရဲ့ မောင်တောင် ပင်စင်ယူပြီ အစ်မကြီးက မယူသေးဘူးလား' လို့ဝိုင်းဟားကြတော့ မအေပေးတွေ ငါ့ဟာနဲ့ ငါယူချင်တဲ့ အချိန်မှယူမှာပေါ့ဟဲ့လို့ပြန်ပြောသေးတာ။ တကယ်တော့ အစ်ကိုကြီးဦးသိန်းညွန့်တောင် သက္ကရာဇ်ဖြိုထားလို့ ၆၀ ကျော်မှပင်စင်ယူတာ။ အစ်မကြီးက ဘယ်လောက်များ သက္ကရာဇ်ဖြိုထားပါလိမ့်နော်။

**တူမ ပေး လိုက် ရတဲ့ဗေဒင်ဆရာလို**

သထုံမြို့ ဘင် လှိုင် ရပ်ကွက်ထဲက သစ်ဆိုင်ကလေး သွားစစ်တုန်းကပါ။

လုပ်ထုံးလုပ်နည်းအတိုင်း စစ်ဆေးစရာရှိတာတွေ စစ်ဆေးခြင်းဆောင်ရွက်ပြီးတော့ ဆိုင်ရှင်ကဧည့်ခံတဲ့ လက်ဖက်ရည်နဲ့မုန့်တွေစားသောက်ရင်း ခဏထိုင်စကားပြောဖြစ်ပါတယ်။

ဆရာ သစ်တံခါးတို့ နွယ်ဝင်တို့အယုံအကြည်ရှိလားတဲ့။ ဆိုင်ရှင်က ကျွန်တော့်ကို မေးလာပါတယ်။ ကျွန်တော်လည်း လူငယ် လူရွယ်ပီပီ သိပ်အယုံကြည်မရှိဘူးဗျလို့ ပြန်ဖြေပါတယ်။

ဒါကိုပဲ ကျွန်တော့်မှာ နွယ်ဝင်ရော သစ်တံခါးရော ရှိတယ်လို့ ဆိုင်ရှင်ကပြောပြီး သူ့မှာရှိနေတဲ့ သစ်တံခါးနဲ့ နွယ်ဝင်ကိုပြပါတယ်။ သစ်တံခါးက လူတစ်ရပ်လောက်ရှိမယ်။ နှစ်လက်မလောက်ထူတဲ့ ပျဉ်ပြားကြီး။ အလယ်မှာ သဘာဝအတိုင်း အပေါက်ကြီးတစ်ခုပါတယ်။ လူကတစ်ခုခုနဲ့ထွင်းထားတာမဟုတ်ဘူး။ တောသတ္တဝါတစ်ကောင်ကောင်ကြောင့်၊ တောမီးကြောင့်၊ တခြားအကြောင်း တစ်ခုခုကြောင့်အပေါက်ကြီးဖြစ်နေတာ နေမှာပေါ့။

နွယ်ဝင်ကတော့ လက်ညှိုးလုံးလောက်ရှိတဲ့နွယ်ကကွင်းထိုးပြီးနေတာ။ သစ်တံခါးကတော့ ကျွန်တော့်မှာ တစ်ချပ်ပဲရှိတယ်။ နွယ်ဝင်ကတော့ ကျွန်တော့်မှာ နောက်ထပ်ရှိသေးတယ်။ ဒီဟာကို ဆရာ့ကိုလက်ဆောင်ပေးမယ်လို့ဆိုင်ရှင်ကပြောပြီးပေးတယ်။ လာဘ်ကောင်းတယ် ဆရာ ဆောင်ထားကြည့်ပါတဲ့။

'အေးပါ စောင့်ကြည့်ရမှာပေါ့လို့' ကျွန်တော်က ပြန်ပြောလိုက်ပါတယ်။

'စောင့်ကြည့်မနေနဲ့ ဆရာရေ ခုပဲလက်တွေ့ပြမယ်'ဆိုပြီး သူ့မိန်းမကိုခေါ်လိုက်ပါတယ်။ နောက်ပြီး သူ့မိန်းမကို ပြောတယ်။ 'ဟိုနေ့က ငါ ရင်းငြိမ်ဘက်ကဝယ်လာတဲ့ ပေါ်ဆန်းမွှေးတစ်အိတ် ဆရာ့ကားပေါ်ကို အလုပ်သမားတစ်ယောက် တင်ခိုင်းလိုက်'လို့ပြောပါတယ်။ 'ရင်းငြိမ်ဘက်က ဆန်က စားလို့ကောင်းတယ်ဆရာ' တဲ့။ ဆန်ကောင်းကြောင်း ပြောသေးတယ်။

ဒီတော့မှ ကျွန်တော်လည်း 'ကိုသိန်းဇော်ရယ် ခင်ပျားမှာလည်း တူမ ပေးလိုက်ရတဲ့ ဗေဒင်ဆရာလိုဖြစ်နေပြီ' လို့ပြောလိုက်မိတယ်။ 'အဲ့ဒီ ဗေဒင်ဆရာအကြောင်း ပြောပါဦးဆရာ' ဆိုတာနဲ့ 'ဒီလို ကိုသိန်းဇော်ရေ ဟိုတုန်းက မြို့တစ်မြို့မှာ ဗေဒင်ဆရာတစ်ယောက်ဆီ လူပျိုကြီးတစ်ယောက် က ဗေဒင်လာမေးတယ်၊ ခင်ပျား ဒီနှစ်ထဲမှာ မိန်းမရကိန်းရှိတယ်'လို့ ဟောလိုက်တယ်။

နှစ်ကုန်ခါနီးကျတော့ လူပျိုကြီးက ဗေဒင်ဆရာဆီလာပြီး 'ဘယ်လိုလဲဆရာ' လို့မေးလာတယ်။ ဗေဒင်ဆရာလည်း စဉ်းစားတယ်။ နှစ်ကုန်လို့မှ လူပျိုကြီးမစွံရင်ငါ နာမည်ပျက်ရချည်ရဲ့။

ဗေဒင်ဆရာလည်း သူ့နာမည်တော့အပျက်မခံနိုင်ဘူးဆိုပြီး တူမအပျိုတစ်ယောက်နဲ့ပေးစားလိုက်ရတယ်တဲ့။ အခု ကိုသိန်းဇော်လည်း နွယ်ဝင်က လာဘ်ကောင်းကြောင်း လက်တွေ့ပြလိုက်တာမဟုတ်လားလို့ ကျွန်တော်ကရယ်ကျဲကျဲနဲ့ပြောလိုက်တော့ သူလည်းရယ်နေတယ်။

ခင်ပျားရဲ့နွယ်ဝင်က လက်ထဲရောက်တာနဲ့ တန်းပြီးအစွမ်းပြတာပဲလို့လည်း ဆက်ပြောလိုက်ပါသေးတယ်။

**ကောက်ညှင်းထုပ်နဲ့ အစ်ကို**

သထုံမှာနေတုန်းက အစ်ကို ဦးသောင်းတင်ရဲ့မိဘတွေအိမ်ကိုသွားလည်ဖြစ်တယ်။ သထုံမြို့အဓိက မိန်းလမ်းကြီးဘေးမှာ ခန့်မှန်းခြေ ပေ ၆၀ X ၁၀၀လောက် ကျယ်တဲ့ခြံဝင်းထဲမှာ ပျဉ်ထောင်နှစ်ထပ်အိမ်ကြီးနဲ့နေကြတယ်။ ခြံဝင်းထဲမှာ ရှမ်းနံ့ပင်တွေအများကြီး တွေ့တယ်။

စာမျက်နှာ (၂၃)သို့ ➤

# အသင်္ခယာစောယွန်း ရဲ့ ဇေယျာရွှေမြေ

ကိုရွှေဖြိုးဦး (မြောင်)

ရွှေတိုင်းအောင် ရန်ကုန်–မန္တလေး အမြန်ယာဉ်သည် မန်းရွှေမြို့တော်သို့ ရောက်လုရောက်ခင်တွင် မြစ်ငယ်လမ်းခွဲမှသည် စစ်ကိုင်းသို့ချဉ်းကပ်လာခဲ့သည်။ စစ်ကိုင်းတံတားကြီးကို အဝေးကပင်မြင်နေရပြီ။ အချို့စာများတွင် အင်းဝတံတားဟုလည်း ဖော်ပြသည်ကိုတွေ့ရသည်။ စစ်ကိုင်းတောင်မြင်ကွင်းသည် အလွန်ပင်ကျက်သရေရှိလှ၏။ ဘုရားကျောင်းကန် စေတီပုထိုးအမျိုးမျိုးတို့ဖြင့် တင့်တယ်လှစွာသော စစ်ကိုင်းတောင်၏အလှသည် ဘယ်အချိန်ကြည့်ကြည့် ကျွန်တော့်အဖို့ ရိုးသွားသည်ဟု မရှိခဲ့။ သပြေတန်းခံတပ်ကိုကျော် စစ်ကိုင်းတံတားပေါ်ဖြတ်တော့ လေနုအေးလေးတွေ တဖြတ်ဖြတ်ရိုက်ခတ်လာသည်။ ဧရာဝတီသည် လှိုင်းကြက်ခွပ်လေးများ ထကာ လှချင်တိုင်းလှနေ၏။ စစ်ကိုင်းသစ်ဆိပ်တွင် သစ်လုံးတင် စက်လှေကြီးများ ဆိုက်ကပ်ထားသည်မှာ ခံ့ထည်ပေစွ။ ဧရာဝတီအပေါ်ဖက် တစ်မျှော်တစ်ခေါ်သည် ရေတက်ချိန်ပေမို့ ဆုံးစမမြင်ပင်လယ်ပြင်သဖွယ် ရွှေကြက်ယက်တစ်ဖက်ကမ်းသည် စစ်ကိုင်းတံတားနှင့်လိုက်ဖက်ညီစွာ လှလို့နေ၏။









ယခုတစ်ကြိမ် ပြောင်းရွှေ့ရခြင်းသည် အမျိုးသမီး၏မွေးရပ်သို့ ပြောင်းရမည်ဖြစ်သည်ကြောင့် အိမ်ထောင်သုံးပစ္စည်းအများစုကို ရုံးချုပ်မှာ ဆက်လက်တာဝန်ထမ်းဆောင်ရင်း ကျန်ခဲ့မည့်သူငယ်ချင်း ဦးမောင်မောင်သက်အား လက်ဆောင်ပေးခဲ့ကာ ခရီးဆောင်အိတ်များဖြင့်သာ ပြောင်းလာခဲ့ကြတော့သည်။

မှတ်မှတ်ရရ....

အဝတ်အစားထည့်သည့် သံသေတ္တာလေးတစ်လုံးသာ ယူလာခဲ့သည်။ တပည့်ကျော် သန်းလွင်က ကားဂိတ်လာကြိုရာ 'အာစရိ ပစ္စည်းတွေရော' တဲ့ 'ဒါပဲလေကွာ' ဆိုတော့ ဆရာတပည့်နှစ်ယောက် ပြိုင်တူပြုံးလိုက်ကြကာ သံသေတ္တာကို သူလာကြိုသည့်ကားပေါ်တင်၍ 'အာစရိကွမ်း' လို့ တပည့်ကျော် ကမ်းပေးသည့်ထုံး ဗမာဆေးပါးပါး ကွမ်းတစ်ယာအားရပါးရဝါးကာ ဇေယျာရွှေမြေသို့ ပြည်တော်ဝင်ခရီး စတင်ခဲ့သည်။

ခြူသံလွင်လွင် မြင်းလှည်းလေးတွေနဲ့ မြို့မြစ်ရောသည် လေးကိုင်းသဏ္ဌာန် စတင်ကိုင်းခဲ့သည့် စစ်ကိုင်းဒေသ .... ဗုဒ္ဓအမွေအနှစ်များ ပေါ်များလှသည့်ဒေသ....ကရေကရာမှန့်ပေါ်တဲ့ ဇေယျာသူချောချောတွေရှိတဲ့မြို့.... ကိုင်း ထုံးဖြူ ပြည် ရှား လို့ ကွမ်းသမားတွေ တင်စားတဲ့မြို့.... အသင်္ခယာစောယွန်းမင်းတည်ခဲ့သည့် ဇေယျာပူရ(ခေါ်) မြို့စစ်ကိုင်း... ရေပြာဝိုင်းသည့် ရောစစ်ကိုင်းသို့ ရောက်ခဲ့ပြီ။

စစ်ကိုင်းမြို့အကြောင်း မြန်မာဝီကီပီဒီးယားတွင်ဤသို့တွေ့ရသည်။

စစ်ကိုင်းမြို့ကို စဦးတည်တောင်သူမှာ ပုဂံခေတ်အကုန်တွင် ဩဇာထူထောင်ကြသည့် ရှမ်းညီနောင်သုံးဦးအနက်အငယ်ဆုံးဖြစ်သည့် သီဟသူမှ ဆင်းသက်သူ အသင်္ခယာစောယွန်း ဖြစ်သည်။ မြန်မာသက္ကရာဇ် ၆၇၇ ခုနှစ်တွင် စတင်တည်ထားခဲ့ပြီး သာတိုးတိုင်း စစ်ကိုင်း တည်ဟုမှတ်သားခဲ့ကြသည်။ စစ်ကိုင်းမြို့တည် သက္ကရာဇ်ကို သာတိုးတိုင်း စစ်ကိုင်းတည်၊ သံတံတိုင်း စစ်ကိုင်းတည်၊ သောင်တော် ထွန်း စောယွမ်း

စစ်ကိုင်းတည် (၆ရရ) ဟူ၍ လက်ဘဖြင့် အမှတ်အသားပြုကြသည်။ သာယာဝိုင်း စစ်ကိုင်းတည် (၆၈၄- ခုနှစ်)သည် စစ်ကိုင်းမြို့တည်နှစ်မဟုတ်။ စစ်ကိုင်း မြို့တည် နန်းတည် မင်းအသင်္ခယာစောယွမ်း၏ နတ်ရွာစံသက္ကရာဇ်သာ ဖြစ်ကြောင်း၊ သက္ကရာဇ် ၆ရရ ခုနှစ်သာလျှင် စစ်ကိုင်းမြို့တည်နန်းတည်နှစ်ဖြစ်ကြောင်း၊ စကြံန်ကျောင်း ကျောက်စာကိုအကိုးအကားပြု၍ မှန်နန်းရာဇဝင်ဆရာတို့က တည့်မတ်ပေးခဲ့ကြသည်။ မြန်မာသက္ကရာဇ် ၁၃ရရ ခုနှစ် (ခရစ်နှစ် ၂၀၁၅)တွင် စစ်ကိုင်းမြို့တည် နန်းတည် နှစ် ရ၀၀ ပြည့်အထိမ်းအမှတ်ပွဲတော်ကို စစ်ကိုင်းမြို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြသည်။ မူလအမည်မှာ ဇေယျာပူရ(အောင်မြို့) ဖြစ်ပြီး မင်းအဆက်ဆက် အုပ်ချုပ်ခဲ့ရာမှ စစ်ကိုင်းဟု ပြောင်းလဲခေါ်တွင်ခဲ့သည်။

ကုန်းဘောင်ခေတ်ဦးတွင် နောင်တော်ကြီးမင်းသည် ရွှေဘိုမြို့နှင့် စစ်ကိုင်းနှစ်ဌာနလုံးတွင် နန်းစံခဲ့သည်။ ထို့ပြင် စဉ့်ကူးမင်းနန်းတက်လျှင် ဘထွေးတော်များကို နန်းလုမည်စိုးသဖြင့် အင်းဝမှစစ်ကိုင်းအနီးအပါးရှိ ကျေးရွာများသို့နှင်ခဲ့သည်။ စဉ့်ကူးမင်းလက်ထက်တွင် ဘထွေးတော်ပဒုံမင်းသည် စစ်ကိုင်းမြို့၊ ထူပါရုံစေတီနှင့်တောင်တံခါးအကြား (ယခု အိမ်တော်ရာ- အောင်မြေ လောကစေတီ- ကျောက်စေတီနေရာ)တွင် ဆင်းရဲပင်ပန်းစွာနေထိုင်ခဲ့ရသည်။ ဗဒုံမင်းအထွတ်အထိပ်သို့ ရောက်ရှိသည့်အခါ စစ်ကိုင်းအိမ်တော်ရာနေရာတွင် ကျောက်အုတ်တို့ဖြင့် အောင်မြေလောကစည်းခုံတော်ကို တည်ထားခဲ့သည်။

စစ်ကိုင်းဟု ခေါ်တွင်လာပုံမှာ စူဠာသမ္ဘဝနှင့် မဟာသမ္ဘဝ ဟူသော မျက်မမြင် အမြွာမင်းသားနှစ်ပါး မသိုးထမင်း မသိုးဟင်းနှင့် ဖောင်မျောလာရာ စစ်ကိုင်းအရပ်အရောက်တွင် မြစ်အတွင်းကိုင်းပေါက်နေသော စစ်ပင်ကြီးကိုင်းနှင့်ငြိကာ ဖောင်ရပ်တန့်မှုကြောင့် စစ်ပင်ကိုင်း (သို့မဟုတ်) စစ်ကိုင်းဟု ခေါ်တွင်ခဲ့ကြောင်းနှင့် တစ်ဖက်တွင်လည်း ဧရာဝတီမြစ် စီးဆင်းလာရာတွင် စစ်ကိုင်းမြို့အရောက်တွင် လေးကိုင်းသဖွယ် အရှေ့နောက် စကိုင်းကာစီးဆင်းသွားခြင်းကို အကြောင်းပြုကာ စကိုင်းမှသည် စစ်ကိုင်းဟု ခေါ်ဝေါ်ကြောင်း သုတေသနပညာရှင်များ၏ မှတ်တမ်းများတွင် လေ့လာတွေ့ရှိရသည်။

စစ်ကိုင်းဆိုသည်မှာ စေကျိုင်း(မန်ကျည်းပင်ပေါသည့်အရပ်)(ရှမ်းစကား)၊စကိုင်း(မြင်းခြေနင်းကွင်းလုပ်သည့်အရပ်)(ရှမ်းစကား)မှရွေ့လျားလာသည်ဟုလည်း ဆိုသည်။

++++++

ယခင် တိုင်းရုံးနေရာဟောင်းကို အခန်းလေးဖွဲ့ကာ မြို့နယ်ရုံးအဖြစ် ဖွဲ့စည်းနေထိုင်ရသည်။မန်ကျည်းပင်၊ ကုက္ကိုပင်ကြီးများ အုံ့ဆိုင်းနေသည့် စစ်ကိုင်းမြို့နယ်ရုံးသည် အဲကွန်းမလိုလောက်အောင် အေးချမ်းလှ၏။

အတူလက်တွဲခဲ့ကြသည့် ရဲဖော်ရဲဖက်များမှာ နိုင်နိုင်အောင်၊ နွယ်နွယ်ဝင်း၊ တီဇေနန်းကျော်မင်းနိုင်၊ နွဲ့ရီဝင်း၊ ချိုမာ၊ ကျော်စွာလင်းနှင့် တပည့်ကျော် သန်းလွင်က အဓိက ဇာတ်ပို့ပေါ့။

နိုင်နိုင်အောင်သည် တိုင်းရုံးအုပ် ဦးခင်အောင်၏ သား.... ထို့အတူ နွယ်နွယ်ဝင်းသည်လည်း တိုင်းရုံးအုပ်ဒေါ်ခင်နွဲ့၏သမီးဖြစ်သည်။ တီဇေနန်းသည် တိုင်းရုံးစာရေးကြီး ဦးငင့်ဟောက်၏ တူမချင်းတိုင်းရင်းသူတစ်ဦးဖြစ်သည်။ သစ်တောမျိုးရိုးအခြေခံကောင်းများ ရှိခဲ့ကြသည့် မျိုးရိုးမှန်၍ အပင်သန်သူများဖြစ်ကြသည်။

ကျော်မင်းနိုင်၊ ကျော်စွာလင်း၊ နွဲ့ရီဝင်း၊ ချိုမာတို့က နေ့စားလုပ်အားပေးများဖြစ်သည်။ အားလုံးသည် မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးစား လုပ်ကိုင်ကြသည်။ သန်းလွင်တစ်ယောက်ကတော့ သစ်တောမျိုးရိုးမဟုတ်ပါ။ သူ့အစ်ကိုက ထွေ/အုပ်ရုံး က ယာဉ်မောင်း ဖြစ်ပါသည်။ ကျွန်တော် တောအုပ်ကြီးပေါက်စဘဝကတည်းက ခင်မင်ရင်းနှီးခဲ့ပြီး ကျွန်တော် စစ်ကိုင်းမြို့နယ်မှူးဖြစ်သည့်အခါ သူ့အငှါးမောင်းနေသည့် Toyota Corolla Van ကားပေါ်ကဆင်း၍ ကျွန်တော့်စီးတော်ယာဉ် ဌာနပိုင်ကား Lan-drover ဂျစ်စုတ်လေးကို မောင်းပေးခဲ့သူဖြစ်သည်။

အလျဉ်းသင့်၍ အဆိုပါ ဂျစ်ကားအကြောင်း ဖော်ပြချင်ပါသေးသည်။ အဆိုပါ ဂျစ်ကားဖြင့် တရားမဝင်သစ်ဖမ်းဆီးရေးအကြိမ်ကြိမ် သွားဖူးသည်။ သွားတိုင်း မိသည်ဟုဆိုရမည်။ အနည်းနဲ့အများတော့ မိသည်သာ။

တစ်ခါသား သတင်းရသဖြင့် ရွှေဘိုဖက်က လာသည့်သစ်ကားတစ်စီး ဆားတောင်ဝန်းကျင်တွင် ခိုနေသည်ဆိုသဖြင့် ဝန်ထမ်းအင်အားစုဖွဲ့ကာ အဆိုပါ ဂျစ်ကားဖြင့် ရှာပုံတော်ဖွင့်ကြသည်။

လမ်းမပေါ်တွင် အရိပ်အရောင်မျှ မတွေ့ရ၍ လမ်းဘေးကရွာအနီးဝန်းကျင်များ ဆက်လက်ရှာဖွေကြရာ ယင်မကျင်းရွာအတွင်း ဝင်၍ရှာရန် ရွာထိပ်အရောက် ရွာလယ်တွင် ရွှံ့ဗွက်ကြီးရှိ၍ ရှောင်ကွင်းမောင်းရန် ဒေသခံတစ်ယောက်က အကြံပြုပါသော်လည်း ရုတ်တရက် ကားဘရိတ်ဖမ်းမရသဖြင့် အရှိန်လွန်ကာ ရွှံ့ဗွက်ရှိရာ တည့်တည့်ရောက်ကာ ဗွက်နစ်ပါလေတော့သည်။ အဲ့ဒီမှာ တိုက်ဆိုင်စွာဖြင့် ကျွန်တော်တို့ရှာနေသည့် သစ်ကားမှာလည်း ပုန်းရင်းရှောင်ရင်း ဗွက်နစ်နေလေရာ တရားခံများနှင့်တကွ လက်ရဖမ်းဆီးမိပါလေတော့သည်။

စစ်ကိုင်းမြို့တွင် ပြောစမှတ်ရှိသည်။ သစ်တောမြို့နယ်မှူး ဂျစ်ကားနှင့် မျက်နှာချင်းဆိုင်တွေ့လျှင် လမ်းဘေးချပြီး လွတ်အောင်ရှောင်ဖို့လိုသတဲ့ ....

အိုနေတဲ့ကား စတီယာတိုင်က ဆွဲချင်ရာဆွဲ၊ သွားချင်ရာသွားသဖြင့် သတိထားဖို့လိုကြောင်း သတိပေးစကားဖြစ်ပါသည်။

ဤကားစုတ်လေးကို အမြတ်တနိုး မောင်းပေးခဲ့သူ တပည့်ကျော်သည် ကျွန်တော့်ဘဝ တစ်နေရာက အဓိက ဇာတ်ကောင်တစ်ယောက် ဖြစ်ခဲ့ပါသည်။ တိုက်ဆိုင်မှုတွေကြုံတိုင်း သတိရမိပါသည် တပည့်ရေ....

နောက်ထပ်အမှတ်ရစရာသူတစ်ဦးမှာ ဦးခင်မောင်ဝမ်း၊ ခရိုင်ရုံးအုပ်ကြီးဖြစ်သည်။ သူပြုစုပေးခဲ့သည့် ကျွန်တော့်ကိုယ်ရေးဖိုင်သည် ယခုအချိန်အထိ ပြည့်ပြည့်စုံစုံခိုင်ခိုင်မာမာ ရှိနေသည်ကို မြင်ရတိုင်း အမှတ်ရမိသည်။ အလုပ်နှင့်ပတ်သက်သည့် သိသင့်သိထိုက်ရာ အတွေ့အကြုံများစွာကို သင်ကြားပေးခဲ့သူ ဆရာတစ်ဦးအဖြစ် လေးလေးစားစား အမှတ်ထားမိပါသည်။

အခြား အမှတ်ရစရာ လုပ်ဖော်ကိုင်ဖက်များကား ဦးဆန်းဝင်း၊ ဦးသိန်းအောင်၊ ဦးညိုဝင်း၊ ဦးစန်းလှမောင်၊ ဦးမြတ်စိုးသင်း၊ ဦးမျိုးသန့်၊ ဦးမင်းဖော်ဝမ်း၊ ဦးစန်းယု၊ ဦးဌေးအောင်၊ ဦးအောင်မျိုးသန့်နှင့်အခြားအခြားသော မမှတ်မိတော့သည့် လုပ်ဖော်ကိုင်ဖက်များစွာ ရှိပါလိမ့်ဦးမည်။ အားလုံးသည် ကျွန်တော့်ဘဝကို ထောက်ပံ့ကူညီပေးခဲ့ကြသည့် ကျေးဇူးရှင်များအဖြစ် အမှတ်ရမိပါသည်။

+++++++++

အဲ့ဒီအချိန်က ရွှေခြင်း၊ ရွှေဂေါ်၊ ရွှေရေပန်းကရားများဖြင့် သစ်ပင်စိုက်ပွဲတော်များ စည်ကားစွာကျင်းပကြသည့်ကာလဖြစ်သည်။

နောက်တစ်နေ့မနက်၌ ကံတလူဘုရား အဝင်လမ်းဝဲ/ယာတွင် သစ်ပင်စိုက်ပွဲပြုလုပ်မည်။ ပြင်ဆင်ချိန်တစ်ရက်သာရသည်။ ကျင်းတူး၊ မြေဆွေးချ အပင်ဖြန့်စသဖြင့်ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ တရစပ် ဆောင်ရွက်ပါသော်လည်း ညသန်းခေါင်ကျော်သည်အထိ အချောမသပ်နိုင်သေး....

မနက်လင်းခါနီးမှ ပြီးသွားသဖြင့် အိမ်လည်းမပြန်နိုင်တော့ဘဲ သင့်သလိုသာ တစ်မှေးငိုက်လိုက်ကြရသည်။ မနက် ၆ နာရီခန့်တွင် 'ဝင်းအောင် ဝင်းအောင်' အသံများနှင့်အတူ လူကြီးနှင့်အဖွဲ့ရောက်လာပြီး သစ်ပင်စိုက်ရန်ပြင်ဆင်ထားသည့်နေရာတွင် ရပ်လိုက်ပါသည်။

ကျွန်တော်လည်း ဂျစ်ကားပေါ် ငိုက်နေရာက သုတ်သီးသုတ်ပြာဖြင့် သွားရောက်ကြိုဆိုရာ သစ်ပင်စိုက်မည့်ကျင်းဘေးတွင် လူတစ်ယောက် ပုဆိုးခြုံ၍ အိပ်နေသည်ကို တွေ့လိုက်ရသည်။ လုံခြုံရေးများက ပုတ်နှိုးတော့မှနိုးလာပြီး အိပ်မှုံစုံဖွားဖြင့် ထကြည့်သည်ကိုတွေ့လိုက်ရသည့်အခါ ကျွန်တော့် တောအုပ်တစ်ယောက်ဖြစ်ကြောင်း သိလိုက်ရသည်။

ပြဿနာတော့ အကြီးအကျယ်တက်ပြီလို့ ခေါင်းကြီးသွားခိုက် လုံခြုံရေးများက လူကြီးထံ သတင်းပို့ရာတွင် သစ်တောဝန်ထမ်းတစ်ဦးဖြစ်ကြောင်း ညက ပွဲအတွက်ပြင်ဆင်ရင်း ညဉ့်နက်သွားသဖြင့် ကျင်းဘေးမှာပဲ အိပ်လိုက်ခြင်းဖြစ်ကြောင်းတင်ပြရာ လူကြီးက မဆူမငေါက်ဘဲပြုံးပြုံးကြီးကြည့်ပြီး 'ခင်ဗျားကောင်တွေ တော်တော်ပေတဲ့ကောင်တွေပဲ' လို့ သစ်တောညွှန်မှူးကို ရယ်ရွှန်းပတ်ရွှန်းဖြင့် ပြောသံကြားရမှ ရင်ထဲက အလုံးကြီးပြုတ်ကျသွားရသည်။

တကယ်စိုက်တာက မနက် ၇ နာရီခွဲမှပါ။ ပွဲချိန်မတိုင်မီ ကြိုရောက်လာတော့ ကိုးရိုးကားရား ဖြစ်ကုန်တာပေါ့....

အဲ့ဒီနေ့က ပွဲသည် အဆင်ပြေစွာ ပြီးမြောက်ခဲ့ပါသည်။ လမ်းဘေးတွင်တော့ အရိပ်ပင်များစိုက်ပြီး ဘုရားဝင်းအတွင်း အင်ကြင်းပင်စိုက်သည်။ အင်ကြင်းပင်ကို တစ်နေရာက ရွှေ့ပြောင်းယူလာခဲ့သဖြင့် သစ်သားခြင်းဖြင့် သယ်ယူလာခဲ့သည်။ မြေတွင် ချစိုက်တော့လည်း သစ်သားများမဖြုတ်တော့ဘဲ တစ်ပါတည်း မြေဖို့စိုက်ကြသည်။

ပြဿနာက အဆိုပါအင်ကြင်းပင်သည် တစ်ပတ်နှစ်ပတ်ကြာသည်အထိ အညွှန့်သစ်လည်းမထွက်၊ သေလည်းမသေဘဲ မူလမြေချစိုက်စဉ်ကအတိုင်းသာရှိနေခြင်းဖြစ်သည်။ ရက် ၂၀ ခန့်စောင့်ကြည့်သော်လည်း ဘာမှမထူးခြားသဖြင့် မြေကြီးများပြန်တူးဖော်ကြည့်သည့်အခါတွင်မှ ငိုအားထက်ရယ်အားသန်ဖြစ်စဉ်ကို မြင်တွေ့လိုက်ရသည်။

မြေချစိုက်ပျိုးစဉ်က သစ်သားများ မဖြုတ် မဖျက်ဘဲ စိုက်ပျိုးခဲ့သဖြင့် အပင်၏အမြစ် မြေလုံးအောက်ရှိသစ်သားများခုခံနေသည့်အတွက် အပင်သည် အောက်ခံမြေကြီးနှင့်မထိစပ်ဘဲ လေထဲမှာသာ ရှင်သန်နေလေသည်။ သစ်သားများ ဖြုတ်ဖျက်ကာ မြေချ စိုက်ပျိုးလိုက်တော့မှ ကောင်းမွန်စွာ ရှင်သန်ခွင့်ရသွားလေတော့သည်။

အဆိုပါအဖြစ်အပျက်များကို အခုမှသာ ရယ်စရာအဖြစ်ပြောနိုင်သော်လည်း အဲ့ဒီတုန်းကတော့ ရင်တမမဖြင့်နေခဲ့ရသည်။

++++++

လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး၊ စစ်ကိုင်းမင်းဝံတောင် စိမ်းလန်းစိုပြည်ရေး၊ တန်ခိုးကြီးဘုရားများ

ဝန်းကျင်စိမ်းလန်းစိုပြည်ရေး စသည့် စသည့် ခေါင်းစဉ်တွေက စုံလင်လှသည်။ အုန်းတောကုန်းထိပ်က ကျောက်ပြင်ကြီးတွင် တမာပင်များစိုက်ပျိုးခဲ့ရသည်ကတော့ တကယ့်အမှတ်တရ အခုရှိသေးရဲ့လားတော့ မသိ....

အမှတ်တရတစ်ခုမှာ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို လူကြီး လာကြည့်မှာတဲ့ဆိုတော့ သစ်တော၊စိမ်း/စိုကိုယ့်အပိုင်းနဲ့ကို အပြိုင်လုပ်ကြရပြီပေါ့..

လူကြီးလာပါပြီ...

စစ်ကိုင်း–မုံရွာလမ်းတွင် စိုက်ရ ပြုစုရ အခက်ဆုံးကံတလူ–ကျောက်ဆည်လမ်းပိုင်းကိုကြည့်သည်။ မြေအမျိုးအစားက ကျစ်တီးမြေ၊ စနယ်မြေစေး မိုးတွင်းကာလ ရေဝပ်လေ့ရှိပြီး နွေရာသီတွင် ပတ်ကြားအက်ကွဲနေတတ်သည့်မြေမျိုး ရေဝပ်နိုင်သည့်နေရာများတွင် မြေပုံ၍ စိုက်သည်။ မြေညံ့သောနေရာများတွင် မြေဆွေး ဖြည့်တင်း မြေအစားထိုး၍စိုက်သည်....

လူကြီးလာကြည့်တော့ အားလုံးစိုက်ပြီးနေပါပြီ။ တမာ၊ ဆူးဖြူ၊ မြန်မာရှား စသည့်ဒေသမျိုးရင်းများ မဲဇလီ၊ ငုစပ်၊ ငုရွှေဝါ၊ ပနားမားငု၊ မန်ဂျန်ရှားစသည့် ကြီးမြန်သစ်မျိုးများအစုံစိုက်ပါသည်။ စိုက်ထားတာတွေကြည့်ကာ လူကြီးသဘောကျပါသည်။ မိုးခေါင်တဲ့ကာလမို့ ရေဘောက်ဆာကြီးနဲ့ရေတွေလောင်းနေတာကိုလည်း အားပေးအားမြှောက်ပြုပါသည်။ ကိုယ့်ဆရာတွေလည်း မျက်နှာရကြပါသည်။

တစ်နေရာအရောက်တွင် ပနားမားငု နှစ်ချို့ ပျိုးပင်ကြီးများဖြင့် စိုက်ပျိုးထားသည်ကိုကြည့်ကာ ဤကဲ့သို့ သစ်မျိုးများစိုက်လျှင် မြန်မြန်မကြီးပေဘူးလားဟု လူကြီးက အကြံပြုရာ ကြီးမြန်သစ်မျိုးများလည်း စိုက်သင့်ပါကြောင်း တမာ မြန်မာရှား စသည့်ဒေသမျိုးရင်းသစ်မျိုးများစိုက်ရခြင်းမှာဒေသနှင့်သဟဇာတဖြစ်ပြီး ဒေသ ရေ မြေရာသီဥတုနှင့်လိုက်လျောညီထွေ ရှင်သန်နိုင်ပါကြောင်း ညွှန်ကြားရေးမှူးကရှင်းလင်းတင်ပြလိုက်ရာ လူကြီးကခေါင်းညိတ်လက်ခံသွားခဲ့သည်။

++++++++

သစ်တောရေးရာဝန်ကြီး ခရီးစဉ်တစ်ခုတွင် စစ်ကိုင်းတောင် ဆွမ်းဦးပုံညရှင်စေတီတော် ဖူးမျှော်ပြီး ရင်ပြင်တော် တစ်ပတ်ပတ်ကာ စစ်ကိုင်းတောင် စိမ်းလန်းစိုပြည်မှုအခြေအနေ ကြည့်ရှုစစ်ဆေးပါသည်။ ဇူလိုင်လ မိုးတွင်းကာလဆိုတော့ စစ်ကိုင်းတောင်သည် အတန်အသင့် စိမ်းနေသဖြင့် စိတ်သက်သာရာရသည်။ နွေရာသီတွင် အရွက်ကြွေသည့် သစ်မျိုးအများစု ရှင်သန်ပေါက်ရောက်ရာ အရပ်မို့ မိုးရာသီစစ်ဆေးခြင်းသည် အစစ်ဆေးခံသူအတွက် အခွင့်သာ၏၊ ဝန်ကြီးလည်း စိမ်းစိမ်းစိုစို မြင်ရတော့ စိတ်ချမ်းသာသွားသည်။

ပုညရှင်စေတီက လှမ်းမျှော်ကြည့်လျှင် အရှေ့တောင်ဖက်ယွန်းယွန်းတွင် ဘုရားပျက် အုတ်ပုံတစ်ပုံတွေ့ရသည်။ မြင်ရသည့်မြင်ကွင်းသည် စိတ်မချမ်းသာစရာ သေသေချာချာကြည့်လျှင် ဘုရားလေးဆူ တောင်ကမူလေးခုပေါ်တွင် လေးပွင့်ဆိုင်တည်ထားသည်ကိုတွေ့နိုင်ပြီး ဘုရားပျက်တစ်ဆူသာ အကျည်းတန်စွာတွေ့ရသည်။ နောင်မှသိရသည်မှာလေးပွင့်ဆိုင်တည်ထားသည့်ဘုရားလေးဆူသည် ဆင်ဘိုးဘုရားလေးဆူဖြစ်ကြောင်း သိရသည်။

ဝန်ကြီးက ဘုရားပျက်၏ ဘွဲ့တော်မေးမြန်းရာ ဆင်ဘိုးဘုရားဟု ဘွဲ့အမည်ရှိပါကြောင်း ပုညရှင် ဂေါပက လူကြီးကပြောပြစဉ် ဆင်ဆိုလျှင် သစ်တောနှင့်သက်ဆိုင်သည်ပြုပြင်မည့် ဘုရားတကာမရှိပါက သစ်တောက ပြုပြင်သင့်သည်ဟုဆန္ဒပြုသည်မှ အစပြုကာ ဆင်ဘိုးဘုရားကိုအများကြည်ညိုဖွယ်ဖြစ်အောင် ပြုပြင်မွမ်းမံရန် စတင်ခဲ့ကြသည်။

ညွှန်ကြားရေးမှူး ဦးဆောင်ကာ ဆိုင်ရာ ဩဝါဒစရိယာဆရာတော်များထံ သွားရောက်လျှောက်ထား၍ ပြုပြင်မွမ်းမံရန် ခွင့်ပြုချက်တောင်းအခြေအနေကို အထက်အဆင့်ဆင့်သို့တင်ပြရာ ဆင်ဘိုးဘုရား ဒါယကာများဘဝကို ခံယူခွင့်ရဖို့ ကြိုးစားခဲ့ကြသည်။

မှတ်မှတ်ရရ ....

မန်နေဂျာ ဦးဝင်းကျော် (ယခု ထွေ/ဂျာ) ဇနီးမောင်နှံသည်လည်း ဆင်ဘိုးဘုရား ပြုပြင်မွမ်းမံရန် ကနဦးအစပြုသူများအဖြစ် အတူပါဝင်ကုသိုလ်ပြုခဲ့ကြသည်။

အုတ်ပုံကြီးကို ကုပ်ကပ်တက်ကြည့်ကာ လက်ရှိမျက်မြင်အခြေအနေမှတ်တမ်းတင်၍ ပြုပြင်မွမ်းမံရမည့်အနေအထားကို ပဏာမတင်ပြခဲ့သူသည် ကျွန်တော်နှင့် တပည့်ကျော် သန်းလွင်ဖြစ်ပါသည်။

ဘုရားပြုပြင်တည်ထားခြင်းကို ဆောင်ရွက်ခဲ့ကြသူများမှာ ပတ္တမြားဆရာတော် ဦးဆောင်ဦးရွက်ပြုလျက် ညောင်ဦးသား ယွန်းထည်လုပ်ငန်းရှင် ဦးကြင်သောင်းက ကိုယ်တိုင်ကြီးကြပ်ဆောင်ရွက်ပါသည်။ ဦးကြင်သောင်းသည် အင်ဂျင်နီယာလည်းမဟုတ် ပန်းရန်ဆရာလည်းမဟုတ်ပါ။ သို့သော် သူ့လုပ်ဆောင်ချက်များသည် သေသပ်ကျနစနစ်ကျလှပြီး စနစ်တကျသင်ကြားတတ်မြောက်ခဲ့သူ ဗိသုကာပညာရှင်တစ်ယောက်အဖြစ် မှတ်ကျောက်တင်လောက်သည်။ အပြောမဟုတ် အလုပ်ဖြင့်သက်သေပြရလျှင် ဆင်ဘိုးဘုရား၏ အချိုးအစား ပြေပြစ် ကျနမှုကခိုင်လုံလှသည့် သက်သေဖြစ်ပါသည်။

ဘုရားတကာသည် သစ်တောရေးရာဝန်ကြီးဌာနက ကုသိုလ်ရှင်အပေါင်းဖြစ်ကြပြီး ဘုရားကြီး စတည်သည်မှ ထီးတော်တင်လှူသည်အထိ ပါဝင်ကုသိုလ်ပြုခွင့်ရခဲ့ခြင်းသည် ကုသိုလ်ထူးခြင်းပင်..ဘဝတွင် အကြီးမားဆုံး အမှတ်တရဖြစ်ခဲ့ရပါသည်။

+++++++

စစ်ကိုင်းမြို့နယ်မှူးဘဝသည် မြို့နယ်တစ်နယ်ကို စတင်စီမံခန့်ခွဲအုပ်ချုပ်ရသည့် ပထမဦးဆုံး အတွေ့အကြုံဖြစ်သော်လည်း လုပ်ဖော်ကိုင်ဖက်များ၏ပံ့ပိုးမှုကြောင့် အခက်အခဲကြီးကြီးမားမားမရှိခဲ့ပါ။

ရုံးအဖွဲ့က ကြိုးစားသည်။ တက်ညီလက်ညီ ရှိကြသည်။ နိုင်နိုင်အောင်က ရေးစာရေးကြီးများ လက်ကျရသည်။ နွယ်နွယ်ဝင်းက ဆက်စပ်ဌာနများနှင့် ဆက်ဆံရေးပြေပြစ်သည်။ တီဇေနန်းက ရုံးထိုင်မြဲသည်။ နေ့စားများအားလုံးက မခိုမကပ်ကြိုးစားကြသည်။ လိုအပ်ချက်ရှိသည်ကို အထက်ရုံးများက သင်ကြားပြသပေးကြသည်။ သို့မို့ကြောင့် ရုံးလုပ်ငန်းများ အချိန်မီပြီးမြောက်သည်။ ကျွန်တော့်အတွက် ရုံးလုပ်ငန်းကြောင့် မျက်နှာ မငယ်ခဲ့ရ ။

ဘီနယ်ဝန်ထမ်းများက ကိုယ့်တာ ကိုယ်လုံကြသည်။ အလိုလောဘနည်းကြသည်။ တွန်းတာ တိုက်တာ မရှိသလောက်စည်းလုံးချစ်ခင်ကြသည်။ ပြဿနာကြီးငယ် မရှိစေရ၊ မကြားရ။ ဆက်စပ်ဌာနများနှင့် ချိတ်ဆက်ပူးပေါင်းကာ ကိုယ့်ဌာနဂုဏ်မငယ်ရအောင် စွမ်းဆောင်နိုင်ကြသည်။ ကိုယ့်မြို့နယ်အတွင်း ပူပန်ခြင်းကင်းစွာ နေခွင့်ရခဲ့သည်။

ထို့အတွက် လုပ်ဖော်ကိုင်ဖက်များအားလုံးအား ကျေးဇူးတင်မိသည်။ ကျေးဇူးရှိဖူးသူများအဖြစ်လည်း အမှတ်ရမိပါသည်။

စစ်ကိုင်းမြို့နယ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည့်ကာလသည် အရာရှိငယ်ဘဝအစဖြစ်၍ စီမံခန့်ခွဲမှု အားနည်းချက်များရှိကောင်းရှိခဲ့ပါသည်။ သို့သော် လုပ်ဖော်ကိုင်ဖက်များ၏ ဖေးမကူညီပံ့ပိုးမှု၊ အကြီးအကဲ ဆရာသမားများ၏စောင့်ရှောက်မှုတို့ကြောင့် အခက်အခဲကြီးကြီးမားမား မကြုံတွေ့ခဲ့ရဘဲ အစစအဆင်ပြေခဲ့သည်။

တစ်ဦးက မေတ္တာ တစ်ဦးက စေတနာဖြင့် ဖေးမသောလက်များ အတွဲညီခဲ့၍သာ အရာရာကို အောင်နိုင်ခဲ့ခြင်းဖြစ်မည် ထင်ပါသည်။ လုပ်ဖော်ကိုင်ဖက် အားလုံးကို မှတ်မှတ်ရရ ရှိပါ၏။

ဇေယျာရွှေမြေကို လွမ်းမိသည်။

အခါအခွင့်သင့်လျှင်ဖြင့် ဇေယျာကမ်းမှာ အေးချမ်းစွာ အပန်းဖြေချင်မိပါသေးသည်။ ။

စာမျက်နှာ (၁၈) မှအဆက်

အလေ့ကျပေါက်နေတာလား၊ စိုက်ထားရာက ပွားလာတာလားမကွဲပြားဘူး။ အစ်ကို့မိဘတွေက ရိုးရိုးကြီးတွေ။ သဘောလည်းကောင်းကြတယ်။

အစ်ကိုက ကျွန်တော်တို့စိုက်ခင်းလက်ထောက်အဖြစ်နဲ့အလုပ်ဝင်တော့အတူတူ။ မှော်ဘီ ဝါးနက်ချောင်းစိုက်ခင်း၊ စခန်းတစ်ခုတည်းမှာ ပျော်ပျော်ပါးပါးနေခဲ့ကြတာ။ ၁၉၇၄ အတန်းက ဦးတင်ထွေးရယ် ဦးသောင်းတင်ရယ် ၁၉၇၅ အတန်းက ဦးဝင်းဇော်ရယ် (စာရေးဆရာ မင်းသိခ်ရဲ့ညီ) ၁၉၇၆ အတန်းက မောင်မောင်သန်းရယ် ကျွန်တော်ရယ် ဝါးနက်ချောင်းမှာ ယူကလစ်စိုက်ခဲ့ကြတာ။

အဲဒီတုန်းကသမန်းကျားဇာတ်ကားထဲက မင်းသားတိုးညွှန့်နဲ့တူတယ်လို့ပြောရင် အစ်ကိုက သွားကြီးဖြီးလို့။ သဘောကျမှာပေ့ါ။ မင်းသားနဲ့တူတယ်ပြောတာပဲ။ တကယ်လည်းအစ်ကိုက အသားဖြူဖြူခပ်တောင့်တောင့် ခပ်ဖြောင့်ဖြောင့်ဆိုတော့ မိန်းကလေးတွေ ကြွေလောက်ပါတယ်။

မြန်မာပြည်ထဲတင်မက နိုင်ငံခြားမှာတောင် အစ်ကိုက စွံတာ။ သူပြောပြလို့သိရတာပါ။ သူ့မိန်းမကို သူနိုင်ကြောင်း၊ ပိုင်ကြောင်း၊ မီးသေကြောင်းလည်း ခဏခဏပြောတယ်။ တစ်ခါတုန်းက နိုင်ငံခြားရောက်နေရာက သူ့မိန်းမဆီဖုန်းဆက်သတဲ့။ သူ့ရင်ခွင်ထဲမှ နိုင်ငံခြားသူမိန်းကလေးထားပြီးဆက်တာတဲ့။ အဲ့ဒီ မိန်းကလေးနဲ့ သူ့မိန်းမနဲ့ဖုန်းပြောခိုင်းသေးတာတဲ့။ ဟုတ်တာ မဟုတ်တာတော့ သူပဲသိမယ်။ ကြားရတာ ကြက်သည်းထမိပါရဲ့။ အံ့သြကုန်နိုင်ဖွယ်ကြီးပါ။

ဒီလိုမျိုးစကားတွေ အစ်ကို့အဖေဆီလည်း ရောက်မှာပေ့ါ။ ဒါကြောင့်မို့ အစ်ကို့အဖေက ပြောတယ်။

‘သောင်းတင်ရယ်.. မင်းမိန်းမကို သိပ်မနိုင်ပါနဲ့ကွာ’ လို့ပြောရသေးတယ်တဲ့။ နောက်ပြီးတော့ မင်းကွာကောက်ညှင်းထုပ်ကြိုက်ရင်လည်းစားပေ့ါ။ ဘာကိစ္စ ဖက်ကို အိမ်အထိသယ်လာရသလဲတဲ့။ အဲ့သလိုပညာသားပါပါ ဆုံးမစကားပြောရသေးတာတဲ့။ အန်ကယ့်ဆုံးမစကားသံကတော့ ကျွန်တော့်ရင်ထဲစွဲသွားတာပဲ။

ပြောရရင် ပဋ္ဌာန်းဆက်ပဲဆိုဆို ရေးရေစက်ပဲဆိုဆို သထုံမှာ ဆုံတွေ့ကြတဲ့ မိတ်သင်္ဂဟများလုပ်ဖော်ကိုင်ဖက်များအကြောင်းကတော့ တစ်ထောင့်တစ်ညပုံပြင်တွေလို မဆုံးနိုင်ဘူးထင်ပါတယ်။

တချို့က သက်ရှိထင်ရှားရှိကြသေးပေမဲ့ သံသရာခရီးကို ထွက်သွားကြတဲ့သူတွေလည်းမနည်းပါ။

ကျွန်တော်လည်း လူကိုယ်တိုင်အကြောင်းကြောင်းကြောင့် မရောက်နိုင်တဲ့နေရာတွေကို စိတ်နဲ့ပဲခရီးနှင်လို့ အမှတ်တရစာလွှာကမ္ဘ ည်းတင်လိုက်ရပါကြောင်းပါခင်ဗျား။

+++++

# ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းရေးဆွဲခြင်း

ဇော်မင်းထွဋ် (ဧ၃)

မြန်မာနိုင်ငံသည် သစ်တောများကို စနစ်တကျ သိပ္ပံနည်းကျစီမံခန့်ခွဲအုပ်ချုပ်ခဲ့သည့်နေရာတွင် ရှေးအကျဆုံးဟုဆိုရမည်။ သစ်တောဦးစီးဌာနကို စတင်ဖွဲ့စည်းခဲ့သည့် ၁၈၅၆ ခုနှစ်ကတည်းက ပဲခူးရိုးမရှိ ကျွန်းတောများ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်များ ရေးဆွဲဆောင်ရွက်ခဲ့ကြသည့် မှတ်တမ်းများအရလေ့လာသိရှိခဲ့ရပါသည်။ ယနေ့ ခေတ်ရေးဆွဲဆောင်ရွက်လျက်ရှိသော ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းတို့၏ အစပင်ဖြစ်ပေမည်။ ပဲခူးရိုးမ ကျွန်းတောများတွင် သန္ဓေတည်ကြိုးပမ်းခဲ့ကြတဲ့သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းတို့ဟာ ၁၉၂၀ ခုနှစ်ကစ၍ သစ်တောခရိုင်အလိုက်ရေးဆွဲခဲ့ကြပါသည်။ ခေတ်အဆက်ဆက် အခက်အခဲမျိုးစုံကြားက သစ်တောဝန်ထမ်းတို့က မဆုတ်မနစ်သော ဇွဲဖြင့် ကြိုးစားရေးဆွဲခဲ့သည်မှာ ယနေ့အထိတိုင် တည်ရှိလာခဲ့ပေသည်။ ယနေ့အချိန် ကာလသည် ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ရေးဆွဲရန်ချမှတ်ထားသည့် တတိယ(၁၀)နှစ်သက်တမ်းကာလသို့တိုင်ခဲ့ပါသည်။ ၂၀၂၅–၂၀၂၆ ခုနှစ်ရောက်ပါက ၂၀၁၆–၂၀၁၇ ခုနှစ်က ရေးဆွဲခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် ပြန်လည်ပြုပြင်တည်းဖြတ်ခဲ့သည့် စီမံကိန်းများသည် အသစ်တစ်ဖန်ပြန်လည်ပြုစုရပေတော့မည်ဖြစ်ပါသည်။ နောက်ထပ် ထပ်မံ၍ (၁၀)နှစ်ကာလကို မျှော်မှန်းပြီး သစ်တောရဲဘော် ရဲဘက်တွေက ဆက်လက် ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြရပေတော့မည်။

သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများ ခေတ်အဆက်ဆက်ရေးဆွဲခဲ့ရာ ခေတ်ကာလအချိန်ကာလအလိုက်ရေးဆွဲသည့်ပုံစံများကွဲလွဲခဲ့ပါသည်။ သို့သော် အနှစ်သာရကတော့ ထပ်တူကျသည်ဟု ဆိုရပါမည်။ ယခင်က ရေးဆွဲခဲ့သည့်စီမံကိန်းများ အထောက်အထားများကို မှီငြမ်း၍ ပြောင်းလဲလာသည့်ခေတ်ကာလနှင့်လည်း ကိုက်ညီအောင် ၁၉၉၆ ခုနှစ်တွင် ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲခြင်းလက်စွဲကို သစ်တောဦးစီးဌာနက အလုပ်ရုံဆွေးနွေးပွဲရလဒ်များ၏ အကျိုးဆက်အနေနဲ့ ပြုစုထုတ်ဝေခဲ့ပါသည်။ လက်စွဲပါ လမ်းညွှန်ချက်ပါ အစီအစဉ်၊ အတွေးအမြင်၊ လမ်းညွှန်ချက်တွေကို လိုက်နာလျက် စီမံကိန်းများကို ပြန်လည်ရေးဆွဲလာခဲ့ကြသည်များလည်း တတိယ(၁၀)နှစ် ကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ စီမံကိန်းကို အဓိကဦးဆောင်ပြုစုကြရမည့် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးများ၊ အခက်အခဲမရှိစေရန် အလို့ငှာနှစ်စဉ်စီမံကိန်းအနှစ်ချုပ်များကို ရေးဆွဲပြုစုစေလျက်ရှိရာ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်အထိ ရေးဆွဲပြုစုဆဲဖြစ်ပါသည်။ မကြာခင်သော ကာလ၌ပင် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ချုပ်အစီရင်ခံစာတို့ကို မိမိတို့ ခရိုင်အလိုက် ပြုစုကြရပေတော့မည်ဖြစ်ပေသည်။ ၂၀၂၅–၂၀၂၆ ခုနှစ်တွင် ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများရေးဆွဲကြတဲ့အခါ အထောက်အကူပြုဖို့ ကြိုတင်ကြိုးပမ်းကြရခြင်းဖြစ်ပါသည်။ သစ်တောကြေးမုံမှ စီမံကိန်းရေးဆွဲခြင်းအတွက် အထောက်အကူပြုဆောင်းပါးတွေကိုလည်း စဉ်ဆက်မပြတ်ဖော်ပြလာခဲ့သည်မှာလည်း တတိယအကြိမ်သို့တိုင်ခဲ့ပြီး ယခင်ပတ်ဖော်ပြချက်ဖြစ်သည့် စီမံကိန်းရေးဆွဲရာတွင် လိုက်နာဆောင်ရွက်ရသည့် ခေါင်းစဉ်အလိုက် ဆက်လက်ဖော်ပြသွားပါမည်။

၂.၃.၂.၃ ကြိုးပြင်တောများ (သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရမြေ)

၂.၃.၂.၃.၁ ထုတ်လုပ်ရေးသစ်တောများ

၂.၃.၂.၃.၁.၁ သဘာဝတောများ

၂.၃.၂.၃.၁.၁ ကြီးထွားနှုန်း

၂.၃.၂.၃.၁.၂ သေကြေပျက်စီးနှုန်း

၂.၃.၂.၃.၁.၃ မျိုးဆက်မှု

၂.၃.၂.၃.၁.၄ ပင်ထောင်ဇယား

၂.၃.၂.၃.၁.၅ ထုထည်ဇယား

၂.၃.၂.၃.၁.၂ သစ်တောစိုက်ခင်းများ

၂.၃.၂.၃.၁.၁ ကြီးထွားနှုန်း

၂.၃.၂.၃.၁.၂ သေကြေပျက်စီးနှုန်း

၂.၃.၂.၃.၁.၂.၃ စိုက်ခင်းဇယား

၂.၃.၂.၃.၂ ရေဝေရေလဲသစ်တောများ

၂.၃.၂.၃.၃ ဒေသထောက်ပံ့ရေးသစ်တောများ

၂.၃.၂.၃.၄ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ

၂.၃.၂.၃.၅ အခြားသစ်တောများ

ဆက်လက်ဖော်ပြပါမည် ➤

# SOME MISCELLANEOUS NOTES OF MYINT SWE



*From Previous month ⇒*

**Myint Swe (1975)**

## The Seventh Ceremony of Paying Homage to Forestry Teachers

We Forestry graduates of 1975 batch held the ceremony of paying homage to Forestry Teachers up to 11 times. After that we could not hold this kind of ceremony because of many reasons. We have altogether 10 Forestry teachers. They are U Aung Myint, U Soe Kyi, U Saw Yan Aung C. Doo, U Htun Hla, U Saw Han, U Ohn, U Wei Lin, Dr. U Kyaw Tint, U Saw Kelvin Keh, and U Aung Kyin. They all are professionally well-experienced in their respective subjects. They are good-tempered and good at teaching.

According to Buddhism, the Five Infinite Venerables include the Buddha, the Dharma, the Sangha, Parents and Teachers. So teachers are noble persons, and teaching is a benevolent job. Everybody may not have benevolence, hobby and sacrifice for the interest of other people. Only teachers can have these three noble attributes. Our Forestry teachers possess the above attributes, and they all are well-read. In my opinion, teachers today should have the above-mentioned four attributes like our teachers. They are model teachers for us. They are good and skillful teachers. They all got local and overseas degrees. Sincerely speaking, I would like to mention that I was highly honoured to learn their marvelous knowledge and valuable experience. I always pay obeisance to them every night before praying for the well-being of others.

Out of the 11 ceremonies only Seventh Ceremony could be attended by all teachers. The Seventh Ceremony was held at religious community hall of Forest Department in Gyogone on the 26th November 2005. Only 6 or 7 teachers could attend the remaining ceremonies due to their personal affairs. I always keep the photograph of the Seventh Ceremony of Paying Homage to Forestry Teachers in front of me on my reading-table.

Sad to say, 9 teachers out of 10 passed away due to their old age. I pray that those teachers passing away may reach a better future existence. Only one teacher is still alive. He is Dr. Saya U Kyaw Tint. He is the current Chairman of Ecosystem Conservation and Community Development Initiative (ECCDI) and also the former Director General of Forest Department. When we were Fifth Year Forestry students, he taught us Forest Mensuration. The following photographs were taken by U Maung Maung Soe, a retired Assistant Director of Forest Department.





*To be Continue*

သက်ရှိလောက တည်မြဲဖို့
သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။



# ဆိုင်ကယ်

**အုန်းလွင်လေး**

'အဘ– သမီးတို့မိသားစုကို ဆက်လက် စောင့်ရှောက်ပါ၊ အင်္ဂါနံ ဆိုတာက ဘာပစ္စည်းလဲ အဘ'

'ဆိုင်သူတွေကို ကယ်မယ့် ပညတ်သွားရာ ဓာတ်သက်ပါစေမယ့် ဆိုင်ကယ်ဝင်မယ်ပေါ့'

စက်ဘီးကလေးပဲ စီးနေရတဲ့ ကျွန်တော်တို့လင်မယားအတွက် ဆိုင်ကယ်ဝင်မယ်ဆိုတာ ဇနီးသည်ကတော့ မျှော်လင့်ချက်အပြည့်နဲ့ ယုံကြည်တယ်၊ နောက်မိသားစု ကျန်းမာရေး စီးပွားရေးအကြောင်းတွေမေးတယ်၊ အဘဓာတ်စီးလို့ တကိုယ်လုံးတုန်ခါလှုပ်ရမ်းနေတဲ့ အမျိုးသမီးဆရာမက တစ်နာရီနီးပါးကြာ ဟောနေလေရဲ့။

နတ်လိုလို ဓာတ်လိုလို အကြားအမြင်လိုလို မယ်တော်လိုလို အမျိုးသမီးဆီမှ ပြန်လာပြီးနောက် နှစ်လလောက်အကြာမှာ သူငယ်ချင်းတစ်ယောက်က သူ့အတွက် အပိုဖြစ်နေတယ်၊ ငွေလည်းလိုနေတယ်ဆိုပြီး သူ့ရဲ့ ဂျပန်ကျဆိုင်ကယ်လေး လာရောင်းပါလေရော.... လာရောင်းတဲ့ဈေးက လင်မယားနှစ်ယောက် ချွေတာစုဆောင်းရတဲ့ ငွေပမာဏထက် နည်းနည်းပဲပိုတဲ့ တန်ဖိုးသာရှိတယ်ဆိုတော့ ဝယ်ဖြစ်ပါရော၊ ဇနီးဖြစ်သူက–

'အဘက တို့လင်မယားကို တကယ်စောင့်ရှောက်တာပဲ၊ ရှင်လည်း အဘကို ယုံလိုက်' တဲ့.... ကျွန်တော် ပြုံးမိတယ်။

လွန်ခဲ့သောနှစ်ဆယ့်ငါးနှစ်ကျော်က ဆိုင်ကယ် စတင်ဝယ်ယူစီးဖြစ်တဲ့အဖြစ်အပျက်လေးပါ၊ ခြေထောက်ဖွေပါ ခရီးလမ်းပေါက်များသူ ကျွန်တော့်အတွက် ခြေစကြာရသလိုဆိုင်ကယ်စီး သွားလိုရာသွားရလို့ကျေနပ်နေမိတယ်။

ဆိုင်ကယ်ကြံ့ခိုင်ရေးကောင်းအောင် အမြဲစစ်ဆေးပြုပြင်တယ်၊ လူ ဆိုင်ကယ် လိုင်စင်တွေ သွားလေရာပါတယ်၊ အရည်အသွေးကောင်းတဲ့ ဆိုင်ကယ်စီးဦးထုပ်ဆောင်းတယ်၊ လမ်း ယာဉ် စည်းကမ်းတွေလိုက်နာတယ်၊ အချိန်ရာသီမရွေး လမ်းမရွေး ခရီးတို့ရှည်မရွေး စီးဖြစ်တယ်၊ ကျွန်တော်ဆိုင်ကယ်စီးတာနဲ့ပတ်သက်လို့ ကျွန်တော့်ဆီ အလည်အပတ်ရောက်လာတဲ့ ဘကြီး(အမေရဲ့ အစ်ကိုအကြီးဆုံး)က အခုလိုပြောပါရော–

'သားတော်ကြီး ပင့်ဖိတ်လို့ အဘကြွလာရသကွယ်.... အဘက သားတော်ကြီးကို စောင့်ရှောက်နေတယ်လို့မှတ်ပေါ့၊ ကဲ့– သားတော်ကြီး ရှေ့တိုးပြီး လျှောက်တင်စမ်း'

'ယောက်ျား– ရှေ့တိုးလိုက်လေ အဘကြွလာပြီ'

ကျွန်တော့်အနီးမှာအတူထိုင်နေတဲ့ ဇနီးဖြစ်သူက ခါးတို့သတိပေးရင်း ရှေ့တိုးခိုင်းနေတယ်။ ရုံးပိတ်ရက်မှာ ဇနီးဖြစ်သူက တစ်နေရာကိုလိုက်ပို့ပေးပါလို့ ပူဆာတာကြောင့် ကျွန်တော်လည်း စက်ဘီးနင်းကာ လိုက်ပို့မိပါတယ်။ ဇနီးသည်ကို ဘယ်သူက လမ်းညွှန်ပေးထားသည် ကျွန်တော်မသိ၊ ပို့ခိုင်းတဲ့နေရာက ဓာတ်စီးတာလား၊ အကြားအမြင်ဟောတာလား၊ နတ်ဟောတာလား၊ ဗေဒင်ဟောတာလားမသိတဲ့အမျိုးသမီး၏ အိမ်ဖြစ်နေတယ်။

ထိုအမျိုးသမီးက ကျွန်တော်တို့လင်မယား၏ မွေးနေ့တွေမေးတယ်၊ နောက်ဘုရားဆောင်အနီး ကန်တော့ပွဲအစုံနဲ့ ရုပ်ထုတွေကို လက်အုပ်ချီ ရှစ်ခိုးရွတ်ဖတ်ရင်း တစ်ကိုယ်လုံး လှုပ်ရမ်းတုန်ခါနေရာမှ ကျွန်တော်တို့ဘက်ပြန်လှည့်၊ ဒူးနှစ်ဖက်ပေါ်လက်ထောက် တင်ပြင်ခွေပြင်ထိုင်ပြီး အာလုပ်သံကြီးဖြင့် မေးလာတာကို ကျွန်တော်က ဘာမှပြန်မပြောတာကြောင့် ဇနီးဖြစ်သူက အားမလိုအားမရအသံနဲ့ တိုက်တွန်းနေပါရော။

'ဘာလျှောက်တင်ရမှာလဲ မိန်းမရယ်၊ ဒီကို လာချင်တာက မင်း၊ လိုက်ပို့ရတာက ကိုယ်လေ၊ မင်းဘာသာမင်းမေးပေါ့'

'သားတော်ကြီးက အခုထိ အရာရာကို သံသယစိတ်ထားပြီး ကြောင်းကျိုးခိုင်လုံမှ ယုံကြည်တတ်တဲ့အကျင့်ကမပျောက်သေးဘဲကိုး၊ အဘက ဆိုင်သူတွေကို ကယ်မ သလို သားတော်ကြီးကိုလည်း ဘေးရန်ဆီးကာလို့ စောင့်ရှောက်လျက်ကွယ်၊ မကြာမီ သားတော်ကြီး အင်္ဂါနံ ဒီလို ဒီလို ပစ္စည်း ရရစေမယ်ပေါ့၊ အဘကို မယုံဘူးလား စောင့်ကြည့် မကြာဘူးကွဲ့' လို့ ကျွန်တော့်ဘက်လှည့်ကာ လက်နှစ်ဖက်ကိုလည်း စက်ဘီးလက်ကိုင်ကိုင်သလို လုပ်ပြတယ်၊ ကျွန်တော်က တုံဏှိဘာဝေ၊ ဇနီးက ဝမ်းသာအယ်လဲအသံဖြင့်–

'ဆိုင်ကယ်စီးရင် ကိုယ်စီးတဲ့ လမ်းတစ်လျှောက် တနလ်္ာနံ ခွေး၊ ကလေး၊ ကား၊ ခဲလုံးတွေကို အမြဲသတိထားရမယ်၊ ဆိုင်ကယ်စီးတဲ့သူ မောင်းတဲ့သူတွေ မတော်တဆဖြစ်ရင် ဆူးပေါ် ဖက်ကျလည်း ဖက်ပေါက်၊ ဖက်ပေါ် ဆူးကျလည်း ဖက်ပေါက် စကားအတိုင်းပဲ၊ ကိုယ်မှားလည်း ကိုယ်ခံရသလို တစ်ပါးသူမှားလည်းကိုယ်ပဲ ခံရတယ်၊ မိုးရွာလေတိုက် ရာသီဥတုဆိုးရွားချိန်၊ လမ်းအထာမသိ လမ်းမကောင်းတာဂရုမစိုက်၊ ကိုယ်မောင်းနှင်တဲ့ဆိုင်ကယ်မှာ ဘာတွေချို့ယွင်းတာမသိ၊ သတိလက်လွတ်နဲ့ကိုယ်စီးတဲ့ အမြန်နှုန်း ကိုယ်မထိန်းနိုင်ချိန်တွေမှာ မတော်တဆမှုတွေ ဖြစ်တတ်တာပဲ၊ ဒါ့ပြင် လမ်းစည်းကမ်း ယာဉ်စည်းကမ်း ထိန်းသိမ်းရေးတာဝန်ရှိသူတွေ စစ်ဆေးပြီဆို နိုင်ငံကြီးသားပီသစွာ စစ်ဆေးခံရမယ်၊ ကိုယ့်ကိုကိုယ် ဆိုင်ကယ်စီးကျွမ်းကျင်လှချည်ရဲ့လို့ ပေါ့ပေါ့ဆဆစီးနင်းတာ၊ ကိုယ့်ရဲ့ယာဉ်မောင်းနှင်မှုဟာ တခြားသူတွေတွက် စိတ်အနှောက်အယှက်ဖြစ်စေတာ၊ စတန့်ထွင်စီးတာ ဘယ်တော့မှ မလုပ်မိစေနဲ့' တဲ့၊

ဘကြီးစကားနားထောင်ရင်း ဆိုင်ကယ်စီးနင်းသူများ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းလိုက်နာရေး၊ ယာဉ်အန္တရာယ်ဂရုပြုရေးနှင့်ဆိုင်ကယ်စီးဦးထုပ်ဆောင်းရေးလိုက်နာအောင် အများမြင်သာသည့်လမ်းဘေးတစ်နေရာက 'မင်းထက်ဆိုင်ကယ်စီးကျွမ်းကျင်သူတွေ မင်းအရင် သင်္ချိုင်းကုန်းရောက်ကုန်ပြီ' ဆိုတဲ့ ဆိုင်ကယ်မတော်တဆမှု မဖြစ်စေရေး သတိပေးဆိုင်းပုဒ်စာသားကို မြင်ယောင်မိပါသေး။

လက်ရှိအချိန် အိမ်နီးချင်းနိုင်ငံမှ နည်းမျိုးစုံဖြင့် ပြည်တွင်းဝင်ရောက်လာသည့်ဆိုင်ကယ်များသည် တန်ဖိုးမှာလည်း သင့်တင့်လျောက်ပတ်သည့်ဈေးနှုန်းများ ဖြစ်သဖြင့် လွယ်ကူစွာဝယ်ယူသုံးစွဲနိုင်ကြပါသည်။ထိုဆိုင်ကယ်များ ပျံ့နှံ့တည်ရှိမှုသည် ပြည်တွင်း ကျေးလက်တောရွာနေပြည်သူများအထိရောက်ရှိနေပြီး ကျေးလက်ပြည်သူများ၏ ကူးသန်းသွားလာမှု၊ ကုန်စည်သယ်ယူပို့ဆောင်မှု၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စအဝဝတွက်အကျိုးပြုနေပါသည်။ တစ်ဖက်တွင်လည်း မဆင်မခြင်စီးနင်းမှုများကြောင့် အသက်သေဆုံးရခြင်းထိ လူသားအရင်းအမြစ်များ ဆုံးရှုံးရခြင်းဖြစ်ရပါသည်။ မဆင်မခြင် စီးနင်းမောင်းနှင်မှုကြောင့် သေဆုံးသူ၊ ဒဏ်ရာအနာတရထိခိုက်သူ၊ သက်ဆိုင်ရာ ဥပဒေကြောင်းအရ အရေးယူခံရသူ ကာယကံရှင်၏ မိသားစုကိုလည်း ဆိုးကျိုးသက်ရောက်စေပါသည်။

ကျွန်တော်သည် သစ်တောဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းဖြစ်ပါသည်။ ကျွန်တော်အပါအဝင်သစ်တောဝန်ထမ်းများ၊ ရုံးဝန်ထမ်းများ အထူးသဖြင့် သစ်တောဌာနလက်အောက်အမှုထမ်း အတော်များများသည် လုပ်ငန်းသဘာဝအရ၊ အခြားလိုအပ်ချက်အရ ဆိုင်ကယ်စီးနင်း မောင်းနှင် အသုံးပြုရသည်များရှိပါသည်၊ မော်တော်ဆိုင်ကယ်မတော်တဆမှုနှင့်ပတ်သက်၍ တာဝန်ထမ်းဆောင်နေစဉ်နှင့် တာဝန်ချိန်ပြင်ပအချိန်တို့၌ ဆိုင်ကယ်စီးနင်းမောင်းနှင်ရာတွင်ဝန်ထမ်းသေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းဖြစ်စဉ်များ ရှိခဲ့ပါသည်၊ ဝန်ထမ်းသေဆုံးခြင်းသည် ဝန်ထမ်းနှင့်မိသားစုအတွက် နစ်နာဆုံးရှုံးမှုများရှိသလို ဌာနအတွက်ဝန်ထမ်းပြုန်းတီးမှုဖြစ်ရပါသည်။ ဝန်ထမ်းထိခိုက်ဒဏ်ရာရရှိပါကလည်း ဝန်ထမ်း၏ ကိုယ်စိတ်ထိခိုက်ခံစားရမှု၊ မိသားစုတွက် ပြုစုစောင့်ရှောက်ရမှုနှင့်ဆေးဖိုးဝါးခကုန်ကျမှုစရိတ်များဖြင့် ဝန်ထုပ်ဝန်ပိုးဖြစ်သလို ဌာနအတွက် ဝန်ထမ်းနှင့်ပတ်သက်သည့် လုပ်ငန်းစွမ်းဆောင်ရည်များကို ထိခိုက်မှုဖြစ်ရပါသည်။ ဝန်ထမ်းသည် တာဝန်ချိန်အတွင်း တာဝန်ဖြင့် မော်တော်ဆိုင်ကယ်စီးနင်းမောင်းနှင် အသုံးပြုစဉ် မတော်တဆမှု မဖြစ်စေကာမူ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတစ်ခုခုကျူးလွန် ဖောက်ဖျက်ပါက သက်ဆိုင်ရာနှင့် ပြေလည်အောင် ဖြေရှင်းနိုင်သည့်တိုင် ဝန်ထမ်းအတွက် ဒဏ်ကြေးပေးဆောင်ရပါက ငွေကြေးကုန်ကျမှု၊ အချိန်ကုန်မှု၊ ဌာနတွက်လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုကို ဖြစ်ရပါသည်။

သစ်တောဦးစီးဌာန အကြီးအကဲများသည် လက်အောက်ဝန်ထမ်းများ တရားမဝင်လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ စီးနင်းမောင်းနှင်ခြင်းမပြုရေး၊ စီးနင်းမောင်းနှင်ရာတွင် စနစ်တကျရှိစေရေးတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတ်မှတ်ချက်များအား တိကျစွာလိုက်နာရေးကို ဝန်ထမ်းအဆင့်ဆင့်လိုက်နာဆောင်ရွက်ကြရန် အသိပေးအကြောင်းကြားထားပြီးဖြစ်ပါသည်။

ခေတ်ကာလအခြေအနေအရ အချိန်ကာလ၊ နေရာဒေသအလိုက် အကန့်အသတ်ဖြင့်သွားလာနေရပါသည်။ နယ်ပယ်များတွင် ခွင့်ပြုဝန်ထမ်းအင်အားဖွဲ့စည်းမှုရာနှုန်းပြည့်မရှိပါ။ ရှိသည့်ဝန်ထမ်းအင်အားဖြင့် ဌာန၏ သစ်တောလုပ်ငန်း၊ ရုံးလုပ်ငန်းများအချိန်နှင့်တပြေးညီပြီးစီးအောင်မြင်စေရေးဆောင်ရွက်နေရချိန် ဖြစ်ပါသည်။ တည်ရှိဝန်ထမ်းများအနက် မော်တော်ဆိုင်ကယ်စီးနင်းမောင်းနှင်မှုကြောင့် မတော်တဆမှုများ မဖြစ်ပေါ်စေရေးသည် ဌာနအကြီးအကဲများ၏ ညွှန်ကြားချက်များကို အလေးထားလိုက်နာရမည်ဖြစ်ပါသကဲ့သို့ မိမိကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် အထူးဂရုပြုသတိရှိနေရမည်ဖြစ်ပါသည်။

++++++++

# သစ်တောသယံဇာတစာရင်းကောက်လုပ်ငန်းနှင့် နှစ် (၃၀) ခရီး

ဦးမြင့်သိန်းဦး (ဒုတိယ ညွှန်ကြားရေးမှူး)၊ စီမံကိန်းနှင့်စာရင်းအင်းဌာနနှင့်အဖွဲ့

သစ်တောဦးစီးဌာနမှ ထုတ်ဝေသော သစ်တောကြေးမုံစာစောင်အတွက် ဆောင်းပါးရေးသားပေးပို့ရန် တောင်းခံလာရာ ၁၉၉၄ ခုနှစ် စက်တင်ဘာလ၌ သစ်တောဦးစီးဌာန (ထိုစဉ်ကသစ်တောသယံဇာတဌာနခွဲ၊ သစ်တောတိုင်းတာရေးဌာနစိတ်) စာရင်းကောက်ဌာနစိတ်တွင် တောအုပ်ကြီးအဖြစ်စတင်တာဝန်ထမ်းဆောင်ခဲ့သော စာရင်းကောက်ခေါင်းဆောင်(Inventory Crew Leader) ဘဝမှ ယနေ့ အချိန်အထိ နှစ်(၃၀) နီးပါးကာလအတွင်း စာရင်းကောက်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ဆဝါးသိရှိနိုင်စေရန်ရည်သန်လျက် သစ်တောသယံဇာတဌာနခွဲတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ပညာရှင်ဆရာများ၊ နောင်တော်များ၏ ရေးသားပြုစု မှတ်တမ်းတင်မှုများမှအစပြု၍ လက်လှမ်းမီရာ ဖတ်ရှုမိသောစာစုစာစောင်အသီးသီးအလယ်၊ တောလုပ်ငန်းခွင်အတွင်း အထက်အောက်ဆုံးမသွန်သင် မှာကြားနည်းကူ လက်တွဲခေါ်ယူခဲ့ကြသော စီနီယာဖေါ်ရက်စတာအပေါင်းတို့၏ နှုတ်ထွက်စကားများကို သက်ကြီးစကားသက်ငယ်ကြား ပြန်လည်စဉ်းစား၍အဆုံး သစ်တောသယံဇာတစာရင်းကောက်လုပ်ငန်းနှင့် နှစ် (၃၀) ခရီး ခေါင်းစဉ်ဖြင့် ကြိုးစားလေ့လာတင်ပြချက်များတွင် အားနည်းချက်တစုံတရာပါရှိခဲ့ပါသော် စာရေးသူ၏တာဝန်သာဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**သစ်တောသယံဇာတစာရင်းကောက်လုပ်ငန်း၏ လာရာနှင့် လားရာ**

မြန်မာနိုင်ငံသစ်တောစီမံအုပ်ချုပ်မှု မှတ်တမ်းများအရ ၁၈၅၆ ခုနှစ်၌ Linear Valuation Survey နည်းစနစ်ကိုအသုံးပြု၍ သစ်တောသယံဇာတစာရင်းကောက် လုပ်ငန်း၏အခန်းကဏ္ဍကို ပဲခူးရိုးမဒေသတွင် စတင်ဖွင့်လှစ်ခဲ့ပြီး သစ်တောဦးစီးဌာနကို ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ခြင်းဖြစ်ရာ သစ်တောသယံဇာတစာရင်းကောက်လုပ်ငန်း၏ လားရာသည် သစ်တောဦးစီးဌာနကို ပေါ်ပေါက်စေခဲ့ပါသည်။ ၁၈၅၆ ခုနှစ်မှ ၁၈၆၂ ခုနှစ်အထိ ပဲခူးရိုးမကျွန်းတောများကို စနစ်တကျလေ့လာဆန်းစစ်စာရင်းကောက်ယူခဲ့ပြီး သဘာဝအလျောက်မျိုးဆက်နိုင်မှုအပေါ် အခြေခံ၍ ထာဝစဉ်ညီတောထွက်မှု (Sustained Yield Principle) ဖြင့် နှစ်စဉ်တောထွက်ကို သတ်မှတ်ပြဋ္ဌာန်း ပေးနိုင်ခဲ့သည်။

ဆက်လက်၍ ၁၉၂၀ ခုနှစ်တွင် တိုးချဲ့ဖွဲ့စည်းလာနိုင်ခဲ့သော သစ်တောကြိုးဝိုင်းဧရိယာ ၂၉,၈၇၄ စ/မ (စတုရန်းမိုင်၃၀,၀၀၀ နီးပါး)အတွက် ကွက်စိတ်စီမံကိန်း (Working Plan) များရေးဆွဲနိုင်ရန် စိတ်ကြိုက် နမူနာကောက်နည်းစနစ် (Subjective Sampling Method) ကိုအသုံးပြု၍ ကျွန်းနှင့်သစ်မာများကို ရင်စို့လုံးပတ် ၂' အထိ စာရင်းကောက်ယူနိုင်ခဲ့သည်။ ထို့နောက် ၁၉၆၄ ခုနှစ်မှ ၁၉၈၀ ခုနှစ်များအတွင်း စာရင်းအင်းပညာအရ အားထားနိုင်မှု/ခန့်မှန်းခြေ၏ အနည်းဆုံး စိတ်ချစည်း (Reliable Minium Estimate) ကို တွက်ဆနိုင်သော နမူနာကွက် ချမှတ်မှုပုံသဏ္ဌာန်များ (Statistical Inventory Design) ဖြင့် စာရင်းကောက်လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ခဲ့ပြီး သဘာဝကျွန်းတောများမှ နှစ်စဉ်ခွင့်ပြုတောထွက် (Annual Allowable Cut-AAC )ကို တွက်ချက်ပြုစုခဲ့ပါသည်။ သို့ရာတွင်စာရင်းကောက်လုပ်ငန်းများ ပုံမှန်စဉ်ဆက်မပြတ် ကောက်ယူဆောင်ရွက်နိုင်ခြင်းမရှိခဲ့သော သစ်တောနယ်မြေများနှင့် လုံးဝဆောင်ရွက်နိုင်ခြင်းမရှိသော သစ်တောနယ်မြေများအတွက် လိုအပ်သော ကိန်းဂဏန်းအချက်အလက်များကို ပံ့ပိုးပေးနိုင်မှု မရှိခဲ့ပါ။ ထိုအခက်အခဲကို ကျော်လွှားနိုင်ရန်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာကိုယ်စားပြုသော အချက်အလက်များ ကောက်ယူနိုင်ရန် UNDP^FAO အထောက်အပံ့ဖြင့် အမျိုးသားသစ်တောစာရင်းကောက်လုပ်ငန်းစီမံကိန်း(National Forest Survey and Inventory Project) ကို ၁၉၈၁–၈၂ မှ ၁၉၈၅–၈၆ ခုနှစ်အထိ ပထမဆင့်(Phase I)အဖြစ် လည်းကောင်း၊ ၁၉၈၆–၈၇ မှ ၁၉၉၁–၉၂ အထိ ဒုတိယဆင့် (Phase II) ကို (National Forest Management and Inventory Project) အဖြစ်လည်းကောင်း၊ အကွာညီနမူနာကောက်နည်းစနစ် (Systematic Sampling Method)ဖြင့် နမူနာကွက်ပုံသဏ္ဌာန်ကို 'အယ်' အက္ခရာပြောင်းပြန် (Reversed "L" Shape) သတ်မှတ်ဆောင်ရွက်ခဲ့ရာ NFI Project နှင့် NFI Design ဟူ၍ သစ်တောဦးစီးဌာနတွင် မှတ်တမ်းဝင်ဖြစ်စေခဲ့ပါသည်။ (သစ်တော

ဦးစီးဌာနမှ အသုံးပြုဆောင်ရွက်ခဲ့သော Inventory Design /Method များနှင့်ပတ်သက်၍ သီးခြားဆောင်းပါးဖြင့် ဆက်လက်လေ့လာတင်ပြသွားပါမည်)

**သစ်တောသယံဇာတစာရင်းကောက်ယူခြင်း**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် သစ်တောဥပဒေ (၂၀၁၈)ပုဒ်မ ၁၁(ဂ) ပါ လိုအပ်သော သစ်တောသယံဇာတစာရင်းကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ၁၀ နှစ်တစ်ကြိမ်ကောက်ယူ၍ စာရင်းဇယားပြုစုရမည်။ ပြဋ္ဌာန်းချက်အရ အချိန်စေ့ရောက်သည့်တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်များတွင် (၁၀) နှစ်တစ်ကြိမ် သစ်တောသယံဇာတ စာရင်းကောက်လုပ်ငန်းကို လုပ်ငန်းစီမံချက်များရေးဆွဲ၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိပါသည်။

**ရည်ရွယ်ချက်**

သစ်တောသယံဇာတစာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ပါသည် –

(က)ခရိုင်အတွင်း သစ်နှင့်သစ်မဟုတ်သော သစ်တောသယံဇာတများ၏ လက်ရှိအခြေအနေများကို ခန့်မှန်းတွက်ချက်နိုင်ရန်၊

(ခ)ယခင်(၂၀၁၉)က ကောက်ယူထားရှိသည့် ပင်ထောင်ဦးရေပြဇယား (Stand Table)၊ ပင်ထောင်ထုထည်ပြဇယား (Volume Table)နှင့် နှစ်စဉ်တောထွက် (Annual Allowable Cut) ကို ပြန်လည်ဆန်းစစ်ရန်၊

(ဂ) ရရှိလာသော သစ်တောကိန်းဂဏန်းများကို အခြေခံ၍ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဂေဟစနစ်အခြေပြုသစ်တော အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းအား အထောက်အကူပြုရန်၊

(ဃ)အလုပ်တိုက်နယ်အတွင်းရှိ မြေအသုံးချမှုများကိုသိရှိပြီး ခရိုင်အတွင်း အလုပ်တိုက်နယ်များ ခွဲခြားထားမှုကို ပြန်လည်ဆန်းစစ်နိုင်ရန်နှင့် ထုတ်လုပ်ရေး အလုပ်တိုက်နယ်အတွင်း ခုတ်စဉ်၊ နှစ်စဉ်ခုတ်ကွက်များ၏ အခြေအနေအား ပြန်လည်စိစစ်ရန်၊

(င) သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း သစ်တောသယံဇာတတည်ရှိမှုအခြေအနေကို လေ့လာဆန်းစစ်နိုင်ရန်၊

**သစ်တောခရိုင်များ ဖွဲ့စည်းထားရှိမှုနှင့် စာရင်းကောက်ယူနိုင်မှုအခြေအနေ**

သစ်တောဦးစီးဌာနသည် သစ်တောခရိုင် ၆၉ ခရိုင်အတွက် ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများရေးဆွဲ ဆောင်ရွက်လျက်ရှိရာ ၁၉၉၄–၉၅ ခုနှစ်မှ ၂၀၂၃–၂၄ ခုနှစ်အထိ နှစ်ပေါင်း ၃၀ အတွင်း ခရိုင်အဆင့် သစ်တောသယံဇာတစာရင်းကောက်လုပ်ငန်း ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေကို အောက်ပါအတိုင်း လေ့လာဖော်ပြအပ်ပါသည် –

**၁၉၉၄-၉၅ မှ ၂၀၂၃-၂၄ ခုနှစ်အထိ နှစ်(၃၀)အတွင်း သစ်တောသယံဇာတစာရင်းကောက်လုပ်ငန်းဆောင်ရွက်မှုအခြေပြဇယား**

| စဉ် | တိုင်း ဒေသကြီး/ ပြည်နယ် | ခရိုင် | စာရင်းကောက်နှစ် | | | | | ကြိမ်ရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ကချင် | မြစ်ကြီးနား | ၁၉၉၄-၉၅ | ၁၉၉၆-၉၇ | ၁၉၉၇-၉၈ | ၂၀၀၇-၀၈ | | ၄ | |
| | | ပူတာအို | | | | | | | |
| | | ဗန်းမော် | ၁၉၉၄-၉၅ | ၁၉၉၆-၉၇ | ၂၀၀၄-၀၅ | ၂၀၀၇-၀၈ | | ၄ | |
| | | မိုးညှင်း | ၁၉၉၄-၉၅ | | | | | ၁ | |
| ၂ | ကယား | ဘောလခဲ | | | | | | | |
| | | လွိုင်ကော် | | | | | | | |
| ၃ | ကရင် | မြဝတီ | | | | | | | |
| | | ဘားအံ | | | | | | | |
| | | ကော့ကရိတ် | | | | | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၄ | ချင်း | ဖလမ်း | ၁၉၉၆-၉၇ | | | | | ၁ | |
| | | မင်းတပ် | ၁၉၉၇-၉၈ | | | | | ၁ | |
| | | ဟားခါး | ၁၉၉၆-၉၇ | | | | | ၁ | |
| ၅ | စစ်ကိုင်း | စစ်ကိုင်း | | | | | | | |
| | | ရွှေဘို | ၁၉၉၅-၉၆ | ၂၀၀၄-၀၅ | ၂၀၀၅-၀၆ | ၂၀၁၄-၁၅ | | ၄ | |
| | | မုံရွာ(ယင်းမာပင်အပါ) | ၁၉၉၅-၉၆ | ၂၀၀၄-၀၅ | ၂၀၁၄-၁၅ | | | ၃ | |
| | | ယင်းမာပင် | ၁၉၉၅-၉၆ | ၂၀၀၄-၀၅ | | | | | |
| | | ကလေး | ၁၉၉၈-၉၉ | ၂၀၀၄-၀၅ | ၂၀၁၃-၁၄ | | | ၃ | |
| | | တမူး | ၁၉၉၈-၉၉ | ၂၀၁၃-၁၄ | | | | ၂ | |
| | | ကသာ(ကောလင်းအပါ) | ၁၉၉၅-၉၆ | ၂၀၀၄-၀၅ | ၂၀၀၅-၀၆ | ၂၀၀၇-၀၈ | ၂၀၁၄-၁၅ | ၅ | |
| | | ကောလင်း | | | | | | | |
| | | မော်လိုက် | ၁၉၉၈-၉၉ | ၂၀၁၃-၁၄ | | | | ၂ | |
| | | ခန္တီး | ၁၉၉၉-၂၀၀၀ | ၂၀၁၄-၁၅ | | | | ၂ | |
| ၆ | တနင်္သာရီ | မြိတ် | | | | | | | |
| | | ထားဝယ် | | | | | | | |
| | | ကော့သောင်း | ၁၉၉၄-၉၅ | ၂၀၀၃-၀၄ | | | | ၂ | |
| ၇ | ပဲခူး(အရှေ့) | ပဲခူး | ၂၀၀၁-၀၂ | ၂၀၁၀-၁၁ | ၂၀၂၂-၂၃ | | | ၃ | |
| | | တောင်ငူ | ၁၉၉၈-၉၉ | ၂၀၀၀-၀၁ | ၂၀၀၉-၁၀ | ၂၀၂၂-၂၃ | | ၄ | |
| ၈ | ပဲခူး(အနောက်) | သာယာဝတီ | ၁၉၉၄-၉၅ | ၂၀၀၀-၀၁ | ၂၀၁၀-၁၁ | ၂၀၂၂-၂၃ | | ၄ | |
| | | ပြည် | ၁၉၉၄-၉၅ | ၂၀၀၀-၀၁ | ၂၀၁၆-၁၇ | | | ၃ | |
| ၉ | မကွေး | မကွေး | ၁၉၉၄-၉၅ | ၂၀၀၂-၀၃ | ၂၀၁၂-၁၃ | | | ၃ | |
| | | မင်းဘူး | ၁၉၉၄-၉၅ | ၂၀၀၂-၀၃ | ၂၀၁၂-၁၃ | | | ၃ | |
| | | သရက် | ၁၉၉၄-၉၅ | ၂၀၀၂-၀၃ | ၂၀၁၂-၁၃ | | | ၃ | |
| | | ပခုက္ကူ | ၁၉၉၄-၉၅ | ၂၀၀၂-၀၃ | ၂၀၁၂-၁၃ | | | ၃ | |
| | | ဂန့်ဂေါ | ၁၉၉၄-၉၅ | ၂၀၀၂-၀၃ | ၂၀၁၂-၁၃ | | | ၃ | |
| ၁၀ | မန္တလေး | မန္တလေး | ၁၉၉၄-၉၅ | | | | | ၁ | |
| | | ပြင်ဦးလွင် | ၁၉၉၄-၉၅ | ၂၀၀၃-၀၄ | ၂၀၀၇-၀၈ | ၂၀၁၅-၁၆ | | ၄ | |
| | | ကျောက်ဆည် | ၁၉၉၄-၉၅ | ၂၀၀၃-၀၄ | ၂၀၁၅-၁၆ | | | ၃ | |
| | | မြင်းခြံ | | | | | | | |
| | | ရမည်းသင်း | ၁၉၉၄-၉၅ | ၂၀၀၃-၀၄ | ၂၀၁၅-၁၆ | | | ၃ | |
| | | မိတ္ထီလာ | ၁၉၉၄-၉၅ | ၂၀၀၃-၀၄ | ၂၀၁၀-၁၁ | ၂၀၁၅-၁၆ | | ၄ | |
| | | ညောင်ဦး | | | | | | | |
| ၁၁ | နေပြည်တော် | ဒက္ခိဏ | ၂၀၁၆-၁၇ | | | | | ၁ | |
| | | ဥတ္တရ | ၂၀၁၆-၁၇ | | | | | ၁ | |
| ၁၂ | မွန် | မော်လမြိုင် | | | | | | | |
| | | သထုံ | | | | | | | |
| ၁၃ | ရခိုင် | စစ်တွေ | ၁၉၉၉-၂၀၀၀ | ၂၀၀၄-၀၅ | | | | ၂ | |
| | | သံတွဲ | ၂၀၀၀-၀၁ | | | | | ၁ | |
| | | ကျောက်ဖြူ | ၁၉၉၉-၂၀၀၀ | | | | | ၁ | |
| | | မောင်တော | ၂၀၀၄-၀၅ | | | | | ၁ | |
| | | မြောက်ဦး | | | | | | | |
| ၁၄ | ရန်ကုန် | ရန်ကုန်(မြောက်ပိုင်း) | ၂၀၀၀-၀၁ | | | | | ၁ | |
| | | ရန်ကုန်(အနောက်ပိုင်း) | | | | | | | |
| ၁၅ | ရှမ်း(တောင်) | တောင်ကြီး | ၁၉၉၇-၉၈ | ၁၉၉၈-၉၉ | ၂၀၀၆-၀၇ | ၂၀၀၇-၀၈ | ၂၀၁၀-၁၁ | ၅ | |
| | | လွိုင်လင် | ၁၉၉၆-၉၇ | | | | | ၁ | |
| | | လင်းခေး | ၁၉၉၆-၉၇ | ၂၀၀၆-၀၇ | | | | ၂ | |
| | ရှမ်း(မြောက်) | လားရှိုး | | | | | | | |
| | | မူဆယ် | | | | | | | |
| | | ကျောက်မဲ | ၁၉၉၅-၉၆ | ၁၉၉၇-၉၈ | ၂၀၀၄-၀၅ | ၂၀၀၅-၀၆ | | ၄ | |
| | | ကွမ်းလုံ | | | | | | | |
| | | လောက်ကိုင် | | | | | | | |
| | ရှမ်း(အရှေ့) | ကျိုင်းတုံ | | | | | | | |
| | | တာချီလိတ် | | | | | | | |
| | | မိုင်းဆတ် | | | | | | | |
| | | မိုင်းဖြတ် (မအူးပင်အပါ) | | | | | | | |
| ၁၆ | ဧရာဝတီ | ပုသိမ် | ၁၉၉၄-၉၅ | ၂၀၀၀-၀၁ | ၂၀၂၁-၂၂ | | | ၃ | |
| | | မြောင်းမြ(ဖျာပုံ+လပွတ္တာအပါ) | ၂၀၂၁-၂၂ | | | | | ၁ | |
| | | ဖျာပုံ | ၂၀၂၁-၂၂ | | | | | | |
| | | လပွတ္တာ | ၂၀၂၁-၂၂ | | | | | | |
| | | ဟင်္သာတ | ၁၉၉၄-၉၅ | ၂၀၀၀-၀၁ | ၂၀၂၁-၂၂ | | | ၃ | |
| | | မအူပင် | | | | | | | |
| | စုစုပေါင်းစာရင်းကောက်အကြိမ် အရေအတွက် | | | | | | | ၁၀၆ | |

အထက်တင်ပြပါ ဇယားအရ သစ်တောခရိုင်ပေါင်း ၆၉ ခရိုင် အနက် စာရင်းကောက်လုပ်ငန်း (၄) ကြိမ်နှင့် အထက်ဆောင်ရွက်ပြီးခရိုင်ပေါင်း (၈) ခရိုင်၊ (၃) ကြိမ် ဆောင်ရွက်ပြီးခရိုင်ပေါင်း (၁၃) ခရိုင်၊ (၂) ကြိမ်ဆောင်ရွက်ပြီး ခရိုင်ပေါင်း (၆) ခရိုင်၊ (၁) ကြိမ် ဆောင်ရွက်ပြီး၊ ခရိုင်ပေါင်း (၁၃) ခရိုင်နှင့် လုံးဝဆောင်ရွက်နိုင်ခြင်းမရှိသော ခရိုင်ပေါင်း (၂၆) ခရိုင်တို့ဖြစ်ကြရာ ဆောင်ရွက်ခဲ့သော စာရင်းကောက်လုပ်ငန်းများမှ ပံ့ပိုးပြည့်ဆည်းပေးနိုင်ခဲ့သော သစ်တောသယံဇာတဆိုင်ရာ အချက်အလက်များကို သစ်တောစီအုပ်ချုပ်မှုရှုထောင့်မှလေ့လာ၍ ဆက်လက်တင်ပြသွားပါမည်။

**၁၉၉၄-၉၅ ခုနှစ်မှ ၂၀၂၃-၂၄ ခုနှစ်အထိ နှစ်(၃၀)အတွင်း သစ်တောသယံဇာတစာရင်းကောက်ယူခဲ့သည့် ခရိုင်ပြမြေပုံ**




**သစ်တောမပြုန်း၊ ချင့်ချိန်သုံး**

**ပြည်လုံးစိမ်းလန်း၊ တို့စိတ်ဝမ်း။**

+++++++

# An Old Forester Looks Back. (20) - Woody Biomass for Rural Electricfication in Myanmar

By

U Sein Thet, B.Sc (For), M.Sc (ANU), MIFA.

Director (Retired), Ex-Chairman, FREDA.

Myanmar has abundant renewable energy resources such as hydro, biomass, solar and other types of renewable energy. Among these resources, hydropower is the only renewable energy resources that is being exploited and utilized on a commercial scale, while other resources remain under research and development or pilot stage. Almost 70% of the primary energy in Myanmar is being supplied in the form of biomass such as fuel-wood, charcoal, agricultural residue and animal waste.

Renewable energy sources such as wind, solar, hydro (particularly small hydro), and biomass are receiving increased attention in developed as well as developing countries. Such renewable energies offer developing countries the prospect of increasing their energy supplies in a self-reliant way at national and local levels along with the attendant economic, social, and security benefits. Long-term sustainable development in all countries, and particularly in the developing world, requires a gradual shift towards renewable sources of energy that are more equitably distributed and less environmentally destructive than fossil fuel sources. Biomass is a renewable fuel used in nearly every corner of the developing world as a source of heat, particularly in the domestic sector. Biomass energy includes energy from all plant matter (tree, shrub, crop) and animal dung. Currently biomass energy is characterized by a low efficiency of use and a low quality of life due to the drudgery associated with its gathering and use.

In forestry sector of Myanmar, activities for promotion of renewable energy are being implemented in conjunction with climate change mitigation activities. Ministry of Natural Resource and Environmental Conservation welcome proposals for CDM projects related to dissemination of fuel-efficient stoves with a view to conserving renewable bio-energy resources in sustainable manner while providing incentives to rural communities using revenue to be obtained from CDM. In addition, Reducing Emissions from Deforestation and Forest Degradation – plus (REDD+) readiness activities are being initiated in forestry sector of Myanmar. REDD+ activities can achieve not only control of the deforestation and forest degradation and carbon enhancement of the forests but also improvement of the livelihood of the local people by means of carbon revenue and increased employment.

Around two billion people in the developing world have no access to electricity for lighting, heating, cooking, refrigeration or telecomm-unications- things that the rest of the world take for granted. Lack of electricity deprives them of access to other services and opportunities for income generation and employment. Around 2.5 billion people rely on traditional biomass fuels (including wood, charcoal, crop residues and dung) for cooking and heating, using low efficiency and highly polluting devices. The Intergovernmental Panel on Climate Change (IPCC) estimated world energy demand would increase by a factor of 2.1 to 3.3 by 2050. Unless dramatic changes are made to governments' energy policies most of the increased demand would be met using fossil fuels. The IPCC estimated that carbon emissions would increase globally by a factor of 1.6 to 3.5.

The modern bio-energy technology covers a number of technological areas including (i) Biomass powered electric power plants (Combined heat and power, CHP); (ii) Liquid biomass fuels: bio- ethanol and bio- diesel; (iii) biogas production technologies; (iv) Gasification and (v) Improved efficiency cook stove technology. In the biomass sub-sector, there is widespread drive towards the modern biomass fuels including biodiesel, ethanol, biogas,

cogeneration, and electricity from biomass gasification, among many others. If successfully tapped, these emerging biomass fuels will form an important key to future biomass utilization for energy to meet the needs for the poor rural women and men. Biomass is any plant for animal matter used to produce energy. Many plants and plant-derived materials can be used for energy production; the most common is wood. Other sources include food crops, grasses, agricultural residues, manure and methane form landfills.

In Myanmar, natural forest resources occupy 47% or about 31,773,000 ha of the total land area. In these forests, a lot of florae enjoy growing their number being 4,157. Of these, about 2,088 trees species, big and small can be assumed to be able to produce timber. The number of big trees species amount to 1,347 of which a small number of timbers, producing species can be considered economically important. As Myanmar forest are diverse and rich in species already known, among the species, many species are still left for testing the utilization- oriented properties.

It is estimated that 1 MWh of bioelectricity substituting for 1 MWh of electricity generated from a diesel-fired power plant leads to carbon emissions reduction of 0.88 -1.3 tones of $CO_2$. Therefore, a 1MW capacity biomass gasifier system, if operated at 75% capacity, can mitigate 4,404 -6,606 tones of $CO_2$ annually and form 132,120 -198,180 tones of $CO_2$ over the expected 30-year lifetime. The mitigation potential of bioelectricity as a substitute for kerosene home lighting has not been estimated. Additional environmental benefits of the programme are the reclamation of degraded land, the protection of valuable watershed zones, the conservation of biodiversity. Furthermore, significant employment opportunities will be generated to assist in growing and processing wood as well as in the operation and maintenance of the system.

By providing electricity to rural communities, bioelectricity plants will bolster economic development and improve the quality of life of rural household dwellers. Other benefits of bioelectricity system are:

- Land reclamation and promotion of land diversity
- Mitigation of local air pollution and
- Local employment and income generation

Furthermore, it is expected that once people realize the benefits of bioelectricity they will be motivated to participate in the program (i.e planting trees for electricity).

Electrification is perhaps the most important economic development challenge in Myanmar. Some areas, particularly rural areas, are completely without electricity. The electrification rate is 49%, with notable urban-rural; differences; just 28% of the rural population has access to electricity compared to 89% in urban areas. This means that some 26 million people are without electricity. Without adequate electrical power, Myanmar cannot promote effective industrialization or meet its goal of tripling GDP by 2016. Nor will it be able to upgrade its telecommunications, technology and overall capacity to deliver necessary services to businesses and consumers.

Within this context, Myanmar has been trying its best to manage forest resources on a sustainable basis for improved humanity and social equity while reducing environmental vulnerabilities and associated risks. Myanmar firmly believes the sustainable landscape for green growth will contribute to eradicating poverty as well as to sustained economic growth, enhancing social inclusion, improving human welfare and creating opportunities for employment and decent work for all, while maintaining the health functioning of the Earth. Energy needs for living must combined with energy needs for livelihood to generate a minimum level of income. Income-generation should be the primary goal of rural energy development. Use of woody biomass for rural electrification is very promising for rural areas, since abundant amount of woody biomass is available in rural areas. ***So, we need to highlight the policy issue of woody Biomass electricity through not only Logging for commercial Timber but also extraction of Lop and Top from the same tree for Bioelectricity in Myanmar.***

# ကျွန်တော်နှင့် ရွှေလီချိုင့်ဝှမ်းဒေသ - ၃

မောင်ချမ်းမြေ့ (သစ်တော)

## ရွာပျက်များနှင့် ထိုဒေသ

ထိုဒေသအတွင်း အများအပြားတွေ့ရသည်မှာ ရွာပျက်များပင်ဖြစ်သည်။ UTM မြေပုံများ၊ One inch One mile မြေပုံများပေါ်တွင်ရှိသည့် ကျေးရွာတော်တော်များများသည် မြေပြင်တွင်မရှိတော့ကြပေ။ မိမိတို့ သစ်တောဦးစီးဌာနအနေဖြင့် သစ်တောလုပ်ငန်းများဆောင်ရွက်ရာတွင် မြေပြင်အခြေအနေအား စူးစမ်းထောက်လှမ်းခြင်းများ၊ ဒေသခံပြည်သူများ၏ အကူအညီမပါဘဲ မြေပုံပေါ်ရှိ ကျေးရွာများကိုသာအားပြုဆောင်ရွက်ပါက ထမင်းငတ်မည့်ကိန်းရှိသည့်ဒေသဖြစ်သည်။ ရွာပျက်ရသည့်အကြောင်းများမှာ တိုက်ပွဲများဖြစ်ပွားခြင်းနှင့် ရောဂါဘယကြောင့်ဖြစ်သည်။ ထိုဒေသတွင် ရောဂါဘယဖြစ်ပွားက ဒေသတွင်းဆေးမီးတိုများအားကိုးခြင်း၊ ခေတ်မီဆေးဝါးရော တက်ကျွမ်းသည့် သမားတော်များပါမရှိသဖြင့် ကူးစက်ရောဂါဖြစ်ပွားပါက အသေအပျောက်များလေ့ရှိသည်။ ထိုအခါမျိုး၌ ရွာတည်ရာ မြေမသန့်ဟုယူဆ၍ ရွာလုံးကျွတ်ရွှေ့ပြောင်းလေ့ရှိကြသည်။ အချို့တောင်ယာစိုက်ပျိုးသောရွာများသည် ရွှေ့ပြောင်းတောင်ယာဖြစ်သဖြင့် တောင်ယာနှင့် ကျေးရွာအလှမ်းကွာဝေးလာပါက ရွာသို့မပြန်ဘဲ တောင်ယာတဲ(သို့မဟုတ်) တောင်ယာအနီးတွင်သာ နေထိုင်ကြရင်း ရွာပျက်သွားတက်သည်ကတော့ရှိနေဆဲပင်ဖြစ်သည်။ စားဝတ်နေရေးအတွက် ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်မှုများသကဲ့သို့ အခြေချနေထိုင်ရေးအတွက်လည်း ရွာမြေနေရာအပြောင်းအလဲများသောဒေသတစ်ခုဆိုပါလျှင် မှန်ချေ၏။ ရွှေလီချိုင့်ဝှမ်းဒေသအတွင်း ရွှေ့ပြောင်းတောင်ယာပပျောက်ရေးအတွက် မိမိတို့သစ်တောဦးစီးဌာနအနေနဲ့ မည်သို့ပင်တိုးချဲ့ပညာပေးနေစေကာမူ စားဝတ်နေရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများဖွံ့ဖြိုးမှုမရှိပါက ရွှေပြည်တော်မျှော်တိုင်းဝေးနေဦးမည်သာ။



COVID -19 ရောဂါကာလဖြတ်သန်းချိန်များတွင်တော့ တိုးတက်လာသည့် အင်တာနက်၊ တီဗွီအစီအစဉ်များမှတစ်ဆင့် အသိပညာပေးမှုများကျယ်ပြန့်လာသည်နှင့်အတူ ကျေးရွာအလိုက်၊ လူမျိုးအလိုက်၊ ဘာသာအလိုက်အသိပညာပေးမှုများ၊ စည်းကမ်းထိန်းသိမ်းမှုများကျယ်ပြန့်စွာဆောင်ရွက်လာနိုင်၍ ကျေးရွာဒေသစွဲ၊ ရေးရိုးစွဲအယူအဆများပျောက်လာသည်မှာရလဒ်ကောင်းတစ်ခုဖြစ်သည်။ သို့သော် ရွာတိုင်းတော့မဖြစ်ခဲ့ပါချေ။





## ဇောတိရှမ်း

မန်တုံ–နမ္မတူ–နမ့်ခမ်း–ကွတ်ခိုင်မြို့နယ်များ၏ နယ်နိမိတ်ဆုံရာဖြစ်သည့် နမ့်ရီချောင်းဘေး မြေပြန့်ကွင်းအတွင်း နမ့်ဟိုင်းခေါ် မိုင်းမော်ရှမ်းရွာသို့ရောက်သည်။ ထိုရှမ်းရွာသည်ရွာကြီးဖြစ်ပြီး တရုတ်လူမျိုးများနှင့် ရှမ်းလူမျိုးအများစုနေထိုင်သည်။ ထိုရှမ်းရွာသည် ကျွန်တော်ပြောပြမည့် ဇောတိရှမ်းရွာဖြစ်သည်။ ရှမ်းလူမျိုးများကို မောရှမ်း (တိုင်းမော်ဝ်)၊ ဂုံရှမ်း (တိုင်းဂုံ)၊ ရှမ်းကြီး (တိုင်းလုံ)စသည့် လူမျိုးခွဲအဖြစ် ဒေသအလိုက် ခွဲခြားခေါ်ဝေါ်ကြလေ့ရှိသည်။ ဇောတိရှမ်းဆိုသည်မှာ ဒေသအလိုက် ခွဲခြားခေါ်ဝေါ်ခြင်းမဟုတ်ပေ။ ကိုးကွယ်သည့်အပေါ်မူတည်၍ ခေါ်ဝေါ်ခြင်းဖြစ်သည်။ ဇောတိရှမ်းများသည်လည်း ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ဗုဒ္ဓဘာသာဂိုဏ်းတစ်ခုဟု ဆိုရပေမည်။ သူတို့တွင်လည်းထူးခြားသည့်သတ်မှတ်ချက်များရှိသည်။ ထူးခြား၍ သတိထားမိသည့်အချက်မှာ ဘုရားများသို့ကပ်လှူပူဇော်သည့် မည်မျှတန်ဖိုးကြီးသော ပစ္စည်းဖြစ်စေကာမူ ဘုရားထံကပ်လှူပြီးပါက မြေကြီးတွင်းတူး၍ စွန့်ပစ်ကြ

သည့်ဓလေ့သည် ထူးဆန်းဖွယ်ဖြစ်သည်။ ထိုပစ္စည်းများကို ဘယ်သူမှပြန်တူးယူခြင်းမပြုရပေ။ ထိုအတိုင်းမြေမြှုပ်မှသာ ကပ်လှူမှုအထမြောက်သည်ဟုလည်း ယူဆကြသည်။ ထို့ကြောင့် ဇောတိရှမ်းရွာများ ရောက်ရှိပါက မြေပေါ်မှ မည်သည့်ပစ္စည်းမဆိုကောက်ယူရရှိလျှင် ရွာလူကြီးထံအပ်နှံမှသာ ညွှန်သည့်သည် ရိုးသားကြောင်း ရွာခံများမှ သတ်မှတ်လေ့ရှိပြီး အပ်နှံခြင်းမရှိပါက ထိုရွာတွင် ဆက်လက်နေထိုင်ရန်ပင် အခက်အခဲဖြစ်လာနိုင်သဖြင့် တာဝန်ထမ်းဆောင်မည့်ဝန်ထမ်းများ သတိပြုဆင်ခြင်ဖွယ်ဖြစ်သည်။

နောက်ထပ်ထူးခြားချက်အနေဖြင့် ဇောတိရှမ်းရွာရှိ အိမ်များတွင် ကြက်ဖတစ်ကောင်သာ မွေးထားလေ့ရှိကြသည်။ အချိန်သိရန်အတွက်သာဖြစ်ပုံရသည်။ ကြက်မမွေးလေ့မရှိကြပေ။ မည့်သည့်အကြောင်းကြောင့်တော့ အသေးစိတ်မမေးမြန်းမိခဲ့ပါ။ ထိုအပြင် မူဆယ်နှင့် နမ့်ခမ်းမြို့များတွင်လည်း ဇောတိရှမ်းများရှိသည်ကို တွေ့ရသည်။ ဇောတိရှမ်းများသည် ရှေးယခင်က ရွှေတိဂုံဘုရားဖူးအဖြစ် ရန်ကုန်သို့ရောက်ရှိလာခဲ့ကြပြီး မပြန်တော့ဘဲ ရန်ကုန်မြို့အနီးဝန်းကျင် (၆ မိုင်၊ ၇ မိုင်၊ ၈ မိုင်၊ ၉ မိုင်) နေရာတွေမှာ ရွာတည်ပြီး အစဉ်အဆက်နေထိုင်သွားလာခဲ့ကြသည်။ လက်ရှိချိန်တွင်ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်ရှိ (၈) မိုင် မစိုးရိမ်တိုက်အတွင်းမှာလည်း ဘုရားဇောတိဆုတောင်းပြည့်စေတီတည်ထားသည့် သက်သေများရှိကြောင်း ကျေးရွာသားများမှ ပြောပြကြသည်။ ၎င်းတို့ ဇောတိရှမ်းများ၏ အထင်ကရ ဘုန်းတော်ကြီးကျောင်းများသည် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်ရှိ ပြည်လမ်း (၉) မိုင်တွင် အောင်မြေဘုံသာသျှမ်းကျောင်းကြီး (သို့) ဇောတိရှမ်းကျောင်းကြီးနှင့် ကချင်ပြည်နယ်၊ မိုးညှင်းမြို့တွင်လည်း ဇောတိသျှမ်းဘုန်းကြီးကျောင်းကြီးများ ယနေ့တိုင်ရှိသည်ဟု ရွာခံများ၏ ပြောပြချက်အရ သိရှိရသည်။ မည်သို့ပင်ဆိုစေကာမူ ဇောတိရှမ်းများ၏ မူလအစသည် ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့ရာ ရွှေလီချိုင့်ဝှမ်းဒေသဖြစ်ကြောင်း သိရသဖြင့် ကြံဖန်၍ ဂုဏ်ယူမိသေးတော့သည်။

**ကချင်နတ်စားရွာ**

နမ္မတူမြို့နယ်နှင့် မန်တုံမြို့နယ်အစပ်မှ ကွတ်ခိုင်မြို့နယ်ဘက်သို့သွားရာ လမ်းတစ်လျှောက် စီးဆင်းသည့် နမ့်ခိုင်ချောင်း၏ အနောက်ဖက်တောင်ကြောပေါ်တွင် ထူးခြားသော ကချင်ရွာတစ်ရွာရှိသည်။ သေချာသည့်အချက်ကတော့ ထိုရွာသည် ခရစ်ယာန်ဘာသာကိုးကွယ်သည့် ကချင်ရွာမဟုတ်ဘဲ နတ်ကိုးကွယ်သည့်ရွာ ဒေသအခေါ်ဆိုရလျှင် နတ်စားရွာဖြစ်သည်။ ရွာအဝင်ခပ်လှမ်း လှမ်းကပင် ရွာအဝင်မုဒ်ဦးကို ထင်ထင်ရှားရှားတွေ့ရသည်။ လမ်းကိုခွ၍ တိုင်နှစ်တိုင်ထောင်ထားပြီး အပေါ်၌ ကန့်လန့်တန်းတစ်တန်းထိုးထားသည်။ ကန့်လန့်ထိုးထားသောတန်းတွင် အဝတ်စများချည်နှောင်ထားသည်။ ဤသို့ရွာအဝင်မုဒ်ဦးကို နတ်ကိုးကွယ်သည့် ရွာများတွင်ပြုလုပ်လေ့ရှိသည်။ ကချင်ရွာတော်တော်များများသည် ခရစ်ယာန်ဘာသာ ကိုးကွယ်ကြသော်လည်း ရွှေလီချိုင့်ဝှမ်းဒေသရှိ တောင်ပေါ်ကချင်ရွာအချို့ကတော့ နတ်ကိုးကွယ်ကြဆဲဖြစ်သည်။နတ်ကိုးကွယ်သည့် ရွာအမျိုးမျိုးရှိသော်လည်း ရွာအဝင်မုဒ်ဦးလုပ်သည့်ပုံစံမျိုးသည် တူညီကြသည်။ လူမျိုးမတူ၊ နတ်ကိုးကွယ်ပုံချင်းမတူသော်လည်း အချို့ဓလေ့များတူကြသည်ကိုတွေ့ရသည်။ တောင်ပေါ်အချို့ရွာများက မုဒ်ဦးကို ဝါးဖြင့်ပြုလုပ်ကြသလို အချို့ကသစ်များဖြင့်လည်း ပြုလုပ်ကြသည်။ ရှေးခေတ် တရုတ်ပြည်ရှိရွာများက မုဒ်ဦးများနှင့်တူသည်။ ယဉ်ကျေးမှုများက ဆက်နွယ်မှုရှိခဲ့ပုံရသည်။

အဆိုပါရွာများတွင် အသက်ကြီးပိုင်းလူကြီး များပြီး လူငယ်လူရွယ်များမှာ တရုတ်ပြည်သို့ အလုပ်သွားရောက်လုပ်ကိုင်ကြသည်ဟုသိရသည်။ ထိုကချင်ရွာများသည် အိမ်ခြေတော့ သိပ်မများလှပေ။ သို့သော်လည်း အိမ်များကို သစ်ဝါးများဖြင့် ကောင်းကောင်းမွန်မွန်ခိုင်ခန့်သပ်ရပ်စွာ ဆောက်လုပ်ထားကြသည်။ အိမ်မျက်နှာစာထိပ်တွင် ကြီးမားသော ကျွဲချိုရှိသည့် ကျွဲခေါင်းကို ချိတ်ထားကြသည်။ နတ်စားရွာတို့၏ အထိန်းအမှတ်လက္ခဏာတစ်ခုဖြစ်သည်။ နတ်ကိုးကွယ်သည့် ရွာများ၊ အိမ်များတွင် သတ်မှတ်ထားကြသည့် စည်းကမ်းများစွာရှိသည်။ ထိုစည်းကမ်းချက်များကို မိမိတို့လည်းသိပ်တော့နားမလည်။ တစ်ခုတော့ မှတ်မိသည်။ ညွှန့်သည်တစ်ယောက်သည် အိမ်ရှေ့ပေါက်မှ ဝင်ပြီးလျှင် အိမ်ရှေ့ပေါက်မှ ပြန်ထွက်ရသည်။ ဘာအကြောင်းရှိရှိ အိမ်ရှေ့မှတက်ပြီး အိမ်နောက်ဖေးလှေကားမှ မဆင်းရပေ။ အိမ်၏ ဘုန်းကံနိမ့်စေရန်ပြုစားသည်ဟု ယူဆ၍ ရုံးရာထုံးတမ်းအရသတ်မှတ်ထားသည့်အတိုင်း လျော်ကြေးပေးရသည်။ ယုံကြည်ကိုးကွယ်မှုတိုင်းတွင် စည်းကမ်းသတ်မှတ်ချက်များရှိသည်။ ထိုစည်းကမ်းကို ဖောက်ဖျက်မိပါက ယုံကြည်ကိုးကွယ်သူတိုင်း မနှစ်မြို့တက်ကြပေ။ ရည်ရွယ်ချက်မရှိသော်လည်း မိမိတို့ဝန်ထမ်းတွေမသိသဖြင့် လုပ်မှားကိုင်မှားဖြစ်မည်ကိုစိုးရိမ်ရသည်။ လိုက်နာထိန်းသိမ်းပေးရသည်။ ဒေသခံပြည်သူပူးပေါင်းဆောင်ရွက်မှု အားကောင်းလိုသည့် အစိုးရဌာနတစ်ခုအနေဖြင့် လူထု၏ ယုံကြည်ကိုးကွယ်ရာနှင့် ဒေသစည်းကမ်းများလိုက်နာ ပေး

ခြင်းသည် အရေးကြီးသောအချက်တစ်ချက်ပင် ဖြစ်ချေတော့သည်။

ရွှေလီချိုင့်ဝှမ်းဒေသအတွင်း မတူညီသောလူမျိုးများနေထိုင်ကြသကဲ့သို့ မတူသောကိုးကွယ် ယုံကြည်မှုများရှိသည်ကိုတွေ့ရသည်။ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာန်ဘာသာ၊ ဆစ်ဘာသာများအပါအဝင် နတ်ကိုးကွယ်မှုများလည်းတွေ့ရသည်။ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာများတွင်လည်း ကွဲပြားသောဂိုဏ်းများတွေ့ရပြန်သည်။ မတူကွဲပြားသော လူမျိုးများ၊ မတူကွဲပြားသော ယုံကြည်မှုများ၊ မတူကွဲပြားသော ဓလေ့ထုံးတမ်းများရောနှောနေခြင်းသည် ရွှေလီချိုင့်ဝှမ်းဒေသ၏ ထူးခြားသည့် ပင်ကိုယ်စရိုက်လက္ခဏာပင်ဖြစ်သည်။

ရွှေလီချိုင့်ဝှမ်းဒေသအတွင်းရှမ်း၊ ကချင်၊ ပလောင်စသည့်လူမျိုးများကွဲပြားပြီး ဘာသာအယူဝါဒ၊ ဓလေ့ ထုံးစံများကွဲပြားကြသော်လည်း တူညီသည့်နေထိုင်မှုပုံစံများ ရှိကြသည်ကိုတော့ သတိထားမိသည်။ ထိုဒေသတွင်နေထိုင်သည့် တိုင်းရင်းသားလူမျိုးစုတိုင်း၏ ရိုးရာအိမ်များသည် ခြေတန်ရှည်အိမ်များဖြစ်ကြသည်။ အများစုမှာ အိမ်တိုင်ကို မြေတွင်မစိုက်ဘဲ ကျောက်တုံးများဖြင့်ခုခံကာထားကြသည်။ ရွှေ့ပြောင်းရလွယ်စေရန်ဟု ယူဆရသည်။ ထိုခြေတန်ရှည်အိမ်များတွင် လှေကားမှတက်လာသည်နှင့် အိမ်ရှေ့ကပြင် (ဝရံတာ) ရှိသည်။ ထိုကပြင်မှ ဝင်လိုက်သည်နှင့် ဧည့်ခန်းသို့ရောက်သည်။ ဧည့်ခန်းနှင့်အတွင်းအိပ်ခန်းကို သီးသန့်ကာရံထားသည်။ ဧည့်ခန်းအလယ်တွင် မီးဖိုရှိသည်။ ကြမ်းပြင်ကို လေးထောင့်ပုံသဏ္ဌာန်ဖောက်၍ မြေသားထည့်ပြီး ထင်းဖြင့် မီးမွှေးနိုင်ရန် မီးဖိုပြုလုပ်ထားသည်။ ထမင်းဟင်းချက်သည့် နောက်ဖေးမီးဖိုချောင်သပ်သပ်ဖြစ်ပြီး ဧည့်ခန်းတွင်းမီးဖိုက ဧည့်သည်နှင့် စကားပြောရင်းမီးလှုံရန်၊ ရေနွေးအိုးတည်ရန်အသုံးပြုကြသည်။ ထိုမီးဖို၏ အိပ်ခန်းဘက်အခြမ်းသည် အိမ်ရှင်ထိုင်သည့်နေရာ၊ အိမ်ထောင်ဦးစီးထိုင်သည့်နေရာ ဖြစ်သည်။ သင်ဧည့်သည်ဖြစ်မည်ဆိုလျှင် ထိုနေရာမထိုင်မိဖို့ အရေးကြီးပေသည်။ ဤဖွဲ့စည်းပုံ၊ ဤဓလေ့သည် ထိုဒေသအတွင်းရှိ ရှမ်း၊ ကချင်၊ ပလောင်စသည့်တိုင်းရင်းသားအားလုံးအတူတူပင်ဖြစ်သည်။ ရွှေလီချိုင့်ဝှမ်းဒေသအတွင်း မတူကွဲပြားမှုများကြားက တူညီမှုကိုရှာဖွေတွေ့ရှိရသေးသည်။

**ကောင်းဆုံရွာ**

ကောင်းဆုံရွာသည် နမ့်ခမ်းနှင့် မန်တုံလမ်း (ဗျူဟာလမ်း)အနီး ရွှေလီမြစ်အရှေ့ဘက်ကမ်းတွင်ရှိသော မြေပြန့်ကွင်းအနည်းငယ်ပေါ်တွင် တည်ထားသည့်ရွာကြီးဖြစ်သည်။ ပြင်လုံရွာ၏ မြောက်ဘက်တွင်ရှိပြီး ရွှေလီမြစ်နှင့်ပို၍နီးသည်။ အဆိုပါရွာသည် ပြင်လုံကြိုးဝိုင်းအတွင်းရှိပြီး ကြိုးဝိုင်းဖွဲ့စည်းစဉ်က ချန်လှပ်ကွက်များ၊ ဆိုင်ရာဆိုင်ခွင့်များပေးထားသော သစ်တောရွာဖြစ်သည်။ ကျေးရွာလူကြီးများကလည်း သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် မိမိတို့ သစ်တောဦးစီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုကောင်းသည်။ အဆိုပါ ကောင်းဆုံရွာအနီး ဝန်းကျင်သည် နောက်ဆုံးမြေပြန့်ဖြစ်ပြီး ထိုရွာကျော်လွန်ပါက ပြန့်မရှိ တောင်ကြောမတ်စောက်ကာရွှေလီမြစ်သို့ ဆင်းသွားသည်။ ထိုရွာအနီး ရွှေလီမြစ်သည် သိပ်မကျယ်သော်လည်း ရေစီးသန်သည်။ ဝါးလုံးထိုးစီးဆင်းနေပြီး ဝါးဖောင်ဖြင့်အားပြုကူးရသည်။ မြစ်ကမကျယ်လှသော်လည်း ရေစီးသန်သည့်အပြင်ရေခဲတစ်မျှအေးစက်နေ၍ ပုဂံသူရဲကောင်းညောင်ဦးဖီးကူးလျှင်ပင် ကြွက်တက်နိုင်သည်။

အဆိုပါရွာမှ ရွာသားတစ်ယောက် တောထဲသွားရင်း ဝက်ဝံကုတ်ခံထားရသည်ဟု မိမိထံ သတင်းပေးသဖြင့် သွားရောက်ကြည့်ရှုမေးမြန်းရင်း ပြင်လုံကြိုးဝိုင်းထဲ တစ်ကြိမ်ပြန်ရောက်ခဲ့သည်။ ရွာရောက်တော့ အကုတ်ခံထားရသူပြောပြချက်အရ ဝက်ဝံသည် လူအရွယ်ဖြစ်ပြီး အားသန်သဖြင့် အကုတ်ခံရသူ၏ ညာဘက်မျက်နှာနှင့် လက်မောင်းတွင် အသားမရှိတော့။ တောသူတောင်သားပေမို့ အားသန်သဖြင့်သာလွတ်လာသည်။ ဝက်ဝံရှိကြောင်းသိရသဖြင့် အားတက်မိသော်လည်း ရွာသားအတွက်တော့ စိတ်မကောင်းဖြစ်မိသည်။ မန်တုံပြည်သူ့ဆေးရုံသို့ ခေါ်ဆောင်ကာ ဆေးရုံမှ ဆရာဝန်ကြီးက အသေအချာကုသပေးသဖြင့် မိမိတို့မှာ စိတ်ချရသည်။ တောတောင်ထဲတွင် နေထိုင်ရှင်သန်ရသည်မှာ လွယ်ကူသည်တော့ မဟုတ်ပေ။

ကောင်းဆုံရွာကထွက်တော့ ရွှေလီမြစ်ရိုး တစ်လျှောက်တောင်တန်းတွေကို တက်ရသည်။ နံနက် (၇) နာရီခန့်တွင် ကြိုးဝိုင်းနယ်နိမိတ်လမ်း (RF Boundary) နှင်း၍ ဘုတ်တိုင်များ စိစစ်ခြင်းဆောင်ရွက်နေရင်း ရှေ့က လမ်းပြမှ 'ဆင် ဆင် 'ဆိုသည့် အသံကိုကြားရသဖြင့် မိမိတို့အပြေးအလွှားတက်ကြည့်ကြသည်။ တောင်တစ်ဖက်လျှိုထဲမှ တဝေါဝေါ တဝုန်းဝုန်းအသံသာ ကြားလိုက်ရသည်။ အရိပ်အယောင်ဆိုလို့ ဆင်မြီးပင်မမြင်လိုက်ရပေ။ ဆင်က လူတွေ့သည်နှင့် နောက်ခြေနှစ်ချောင်း ရှေ့ပစ်ထိုင်ချပြီး ရှေ့လက်နှစ်ချောင်းအပေါ်သို့မြှောက်ကာ လျှိုထဲသို့လျှောဆင်းသွားကြောင်း လမ်းပြမှပြောပြသည်။ ဝါးပင်များကျိုးကျေ၍ စွတ်ကြောင်းတစ်ခုတော့ အထင်းသားမြင်ရသည်။

*စာမျက်နှာ (၃၉) သို့*

# လှူနှင့်ဗိဇအဝန်းနယ်မြေ လေ့လာရေးခရီး (၃)

သိုက်ဝင်းထွန်း

၂၁-၁၁-၂၀၁၈

ယနေ့ စခန်းသစ်ကျေးရွာနှင့် အနီးအနားကျေးရွာများမှ ဒေသခံများနှင့်တွေ့ဆုံပြီး ဒီရေတောများ ထိန်းသိမ်းရေး၊ ကြိုးပြင်ကာကွယ်တောဖွဲ့စည်းရေး၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ရေးများ ဆွေးနွေးကြရန်ဖြစ်သည်။ ပြီးလျှင် မြိတ်သို့ဆက်သွားမည်။

စခန်းသစ်ရွာသည် အိမ်ခြေတစ်ထောင်ကျော်ပြီး မြို့အဖြစ်တိုးချဲ့သွားရန် အုပ်ချုပ်သူများမှ ရည်ရွယ်ထားသည်ဟုသိရသည်။ ရွာ၏ လူမှုစီးပွားရေးကို အိမ်ရှင်ထံမှ စူးစမ်းသည်။

'ဆောင်းပေမဲ့ မအေးဘူးနော်'

'ပင်လယ်ဘေးပဲ၊ ဘယ်အေးမလဲ၊ ဒါနဲ့ မနေ့ညက အိပ်လို့ ရကြရဲ့လား၊ တစ်ညလုံး ခြင်ကိုက်လို့ အိပ်မရဘူး၊ ဒီအတိုင်း မိုးလင်းတာပဲ အေး-ဘယ်အိပ်လို့ရမလဲ- ခြင်ထောင်မှ မပါကြတာကို'

ညတုန်းက ငါးဆီဖောင်းများကို ကြိုးတန်းပေါ်တင်ပြီး ခြောက်သွေ့အောင် ပန်ကာဖွင့်ပေးထားတာ တွေ့ရသည်။

'မနေ့က ငါးဆီဖောင်းတွေ လှန်းထားတာ တွေ့ရတယ်၊ တစ်ပိသာ ဘယ်ဈေး ရောင်းရလဲ'

'တစ်ပိသာ ဆယ်သိန်း၊ ရနောင်းဈေးကိုပြောတာ'

'တော်တော်ဈေးရတာပဲ အခြောက်လှန်းရင် သိပ်မတင်ဘူး'

'ရနောင်းကို ဒီရွာက တစ်ခြားဘာတွေ ပို့သေးလဲ'

'ငါးကွမ်းရှပ်လှေတွေ သွားတယ်၊ အရင်ကတော့ တစ်ရက်ကို ငါးကွမ်းရှပ် လှေနှစ်စီးပို့ရတယ်၊ နောက်ပိုင်း ဒီရေတောတွေ ပျက်လာတော့ တစ်ပတ်နှစ်စင်းပဲ ပို့နိုင်တော့တယ်'

'ဟုတ်လား-ဘယ်လို ကွာခြားလာသလဲ'

'အရင်က ကျုပ်တို့ရတာကပဲ ဒိုင်ကို တစ်ခါပို့ရင် အကောင်ခြောက်ဆယ်-ခုနှစ်ဆယ်၊ တစ်ကောင်ကို နှစ်ပိသာခွဲ-သုံးပိသာကောင်တွေ၊ တစ်ကောင်ကိုပျမ်းမျှ ငါးသောင်းလောက်ရတယ်၊ ရွာကနေ စက်လှေကြီးတွေနဲ့ ရနောင်းပို့ရင် မောင်းချိန် ရှစ်နာရီပဲ ကြာတယ်၊ အခုတော့ ကျုပ်တို့မှာ တစ်ကောင်နှစ်ကောင် မိဖို့တောင်ခက်'

'အခု ကျွန်တော်တို့လာတာလည်း ဒီရေတောတွေ ထိန်းသိမ်းကြဖို့၊ ကျေးရွာသားတွေကိုယ်တိုင် စီမံအုပ်ချုပ်နိုင်ဖို့ လာဆွေးနွေးကြတာပဲ'

ထိုနေ့က စခန်းသစ်၊ ရွာသစ်၊ ကွက်သစ်၊ မိုင်းသွေးကျေးရွာများအနီးရှိ သဘာဝဒီရေတောများကို လေ့လာပြီး ဒေသခံကျေးရွာသားများနှင့်တွေ့ဆုံကာ ထပ်မံဖွဲ့စည်းသင့်/ဖွဲ့စည်းလိုသောကြိုးပြင်ကာကွယ်တောဖွဲ့စည်းရေး၊ ဖွဲ့စည်းပြီးဖြစ်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများနှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခြင်း၊ ထပ်မံဖွဲ့စည်းလိုသော ဒေသခံပြည်သူအစုအဖွဲ့ပိုင် ဒီရေတောများနှင့်ပတ်သက်၍ ဆွေးနွေးခြင်းများပြုလုပ်ကြသည်။

သစ်တောဦးစီးဌာနမှ အဖွဲ့ခေါင်းဆောင် အစ်ကိုဦးသန်းဇော်ဦးက ခရီးစဉ်ရည်ရွယ်ချက်၊ ဒီရေတောများနှင့်ပတ်သက်၍ ဌာန၏မူဝါဒနှင့်ဆောင်ရွက်နေဆဲလုပ်ငန်းများ ဦးဆောင်ရှင်းပြပြီး ကျွန်တော်တို့က ဒေသခံများ လွတ်လပ်စွာ ဆွေးနွေးတင်ပြလာစေရန် လမ်းကြောင်းဖေါ်ပေးကြသည်။

**ရွာသစ်ကျေးရွာ**

၂၀၁၇ ခုနှစ်မှာ CF တည်ထောင်နိုင်ခဲ့သည်။ အဖွဲ့ဥက္ကဋ္ဌက ရှင်းပြသည်မှာ အရင်က မီးသွေးဖုတ်ခြင်း၊ တိုင်၊ မျော၊ သစ်ခုတ်ခြင်းများ အလွန်အကျွံလုပ်ကြသည်။ CF တည်ထောင်ပြီးနောက် မီးသွေးဖုတ်ခြင်း၊ ထင်း၊ တိုင်၊ မျော၊ သစ်ခုတ်ခြင်းများ မည်သူ့ကိုမျှ ခွင့်မပြုတော့ကြောင်း၊ ငါးပုစွန်တွေ ပိုပေါလာပြီး ကျေးရွာသားတွေ သိသိသာသာဝင်ငွေပိုကောင်းလာကြောင်း မြိတ် (ဘိတ်)သံ ဝဲဝဲဖြင့် ဆိုသည်။

'မီးသွေးဖုတ်တာ၊ ထင်း၊ တိုင်၊ မျော၊ သစ်ခုတ်တာတွေက ဘယ်သူတွေလုပ်ကြတာလဲ၊ ဒီကျေးရွာကလား'

'ဟာ-အများပေါ့- ဒီရွာကလည်းပါတယ်-အခြားရွာတွေကလည်း လာခုတ်တယ်- ရေဝတီတိုင်းက လူတွေတောင်ပါတယ်'

'ရွာသားတွေက မတားကြဘူးလား '

'တားတယ်- ကျွန်တော်တို့ရွာကိုထိန်းလို့ရသွားရော၊ ဒါပေမဲ့ အခြားကလူတွေလာခုတ်တာ တားတော့ ဒီတောတွေက မင်းတို့ပိုင်တာလားလို့မေးတယ်- ဒါ့ထက် တင်းမာလာရင် တုတ်တပြက် ဓားတပြက်ဖြစ်ကြတော့မှာမို့ ကျွန်တော်တို့လည်း လက်ပိုက်ကြည့်နေရတယ်၊ နောက်တော့ ကိုယ့်ရွာသားတွေကိုယ်တိုင်



'ဆရာတို့ခင်ဗျား– ဒီရွာတွေက ကျွန်တော်တို့တော ဆင်းလာရင်ပဲ ကြိုးပြင်ကာကွယ်တောဖွဲ့ပေးပါ၊ CF ဖွဲ့ပေးပါလို့ သူတို့ကိုယ်တိုင်တောင်းဆိုတာပါ၊ ခုနက ပြောသလို ကာကွယ်ချင်လို့ပါ၊ နောက်ထပ်လည်း ကြိုးပြင်ကာကွယ်တော (ရည်ရွယ်ကြောင်း အဆိုပြု)တင်ပြဖို့ ရွာသားတွေနဲ့ ပူးပေါင်းရွေးချယ်ကွင်းနင်းထားပါတယ်။ နောက်ထပ် CF ဖွဲ့ကြဖို့တွေလည်းရှိပါတယ်၊ ကွင်းနင်းစာရင်းကောက်တာ၊ မြေပုံဆွဲတာတွေ ဆောင်ရွက်နေပါတယ်ခင်ဗျား'

ရွာသားများက ဟုတ်မှန်ကြောင်း၊ သူတို့ နောက်ထပ်လျှောက်တဲ့ CF ကို အမြန်ဆုံးခွင့်ပြုပေးသွားနိုင်ဖို့ တောင်းဆိုကြသည်။

Ecologist က ဒီလောက်နှစ်အတိုလေးနဲ့ ငါးပုစွန် ကဏန်းတွေ အမြန်ပဲ တိုးပွားလာသလားဆိုတော့ သူတို့အနေနဲ့ ၂၀၁၆ ခုနှစ်ကတည်းက CF လျှောက်ခဲ့ကြောင်း၊ အဲဒီနှစ်မတိုင်မီကတည်းက တတ်နိုင်သမျှ ထိန်းသိမ်းစောင့်ရှောက်ခဲ့တာဖြစ်ကြောင်း ရှင်းပြသည်။

တစ်ယောက်က ဒီရေတောအပြင်ဘက်ခြမ်း လန်းဘဲပင်တွေ အရွက်မရှိ၊ အပင်ခြောက်နေကြောင်း မေးတော့ 'ဆောင်းရာသီမှာ ပိုးကြောင့်အရွက်ကြွေတာ၊ အပင်မသေဘဲအရွက်သစ်ပြန်ထွက်မှာ၊ အရှေ့လေလာတဲ့ အချိန်ဖြစ်တာပါ' ဟုဆိုသည်။

ကျွန်တော့်ကို မကျေနပ်တော့ဘူး၊ သူများတွေကျ လာခုတ်ပြီး သူတို့မှ မခုတ်ရဘဲကိုး'

အခု CF တည်ထောင်ပြီးတော့ ထိန်းလို့ရသွားပြီပေါ့'

'ရပြီပေါ့– CF ပတ်လည်မှာ ဘုတ်တိုင်၊ ဆိုင်းဘုတ်၊ တားမြစ်ချက်တွေထောင်တယ်၊ အပင်တွေမှာ ရိုက်ကပ်ထားတယ်၊ အပင်တွေခုတ်ခွင့်မပေးတော့ဘူး၊ အုပ်ချုပ်လို့ရသွားပြီ၊ ဒါပေမဲ့ ငါး၊ ပုစွန်၊ ကဏန်းဖမ်းတာကို ခွင့်ပြုပေးတယ်၊ ကိုယ့်ရွာသားတင်မဟုတ်ဘူး၊ အခြားရွာသားတွေကိုပါ ခွင့်ပြုထားတာ၊ CF ကိုတော့ လုံးလုံးအထိခိုက်မခံတော့ဘူး'

'ကောင်းတာပေါ့–ဒါနဲ့ ရွာက အိမ်သုံးဖို့ သစ်၊ တိုင်၊ မျော၊ ထင်း လိုရင် ဘယ်မှာ ခုတ်ကြသလဲ'

ဥက္ကဋ္ဌနဲ့ရွာသားများက ပြုံးလျက်–

'ဟိုးမှာ မြင်ရတဲ့ဒီရေတောတွေက သွားခုတ်တာပေါ့'

ဒီတစ်ခါ ရယ်ကြတာ ကျွန်တော်တို့အဖွဲ့တွေ ဖြစ်သည်။

CF ဧရိယာထဲမှာ အိမ်သုံးအတွက် စံနှစ်တကျ ထုတ်ယူလို့ရကြောင်း၊ နည်းလမ်းများ ရှင်းပြသည်။ တောတွေ သိပ်ကောင်းလာတဲ့အခါ ရောင်းချဖို့ပင် ရနိုင်ကြောင်းဆိုတော့ 'ဟာ– ရောင်းဖို့တော့ ဘယ်တော့မှ မစဉ်းစားဘူး၊ ကျွန်တော်တို့က ရေလုပ်ငန်းအဓိကပဲ၊ ငါးပုစွန် ကဏန်းပေါပေါမိရင် ဝင်ငွေကောင်းပြီပဲ'

'အခုလို ထိန်းသိမ်းကြတာ ကောင်းပါတယ်၊ ကျန်နေသေးတဲ့ ဒီရေတောတွေကိုလည်း ကြိုးပြင်ကာကွယ်တောတွေ၊ နောက်ထပ် CF တွေ ထပ်ဖွဲ့ကြရအောင်၊ ဒီရွာက စိတ်ဝင်စားတဲ့လူတွေကို ကြိုဆိုပါရစေ'

နယ်မြေခံ သစ်တောဝန်ထမ်းက ဖြည့်စွက်တင်ပြသည်မှာ–

## ကွက်သစ်ကျေးရွာ

အဖွဲ့ဥက္ကဋ္ဌကဆွေးနွေးသည်မှာ– 'ဒီရေတောကနေ ခရု၊ကလန်၊ဂျင်း၊ကဏန်း၊ပုစွန်၊ပျားရည်တွေ ရပါတယ်၊ ထင်း၊တိုင်၊မျော၊အိမ်ဆောက်ဖို့ သစ်တွေထုတ်သုံးဖို့အတွက်ကိုတော့ အဖွဲ့နဲ့တိုင်ပင်ပြီး သစ်တောဝန်ထမ်းကို တင်ပြ၊ အတည်ပြုပြီဆိုမှ ထုတ်သုံးပါတယ်'

'အခက်အခဲတွေ ပြောပြပါဦး'

'လိုအပ်တဲ့နေရာတွေမှာ ဒီရေတောအပင်တွေ ထပ်စိုက်နိုင်ဖို့ ပျိုးထောင်နည်း၊ စိုက်ပျိုးနည်းတွေလိုအပ်ပါတယ်၊ဖြစ်နိုင်ရင်ငွေကြေးအထောက်အပံ့ ရချင်ပါတယ်'

'ဒီရေတောပင် ပျိုးထောင်နည်း၊ စိုက်ပျိုးနည်းတွေ ဌာနက ကူညီပါ့မယ်၊ ငွေကြေးအကူအညီရဖို့ ကြိုးစားပေးပါမယ်' နယ်မြေခံဝန်ထမ်းကိုပင် နည်းပညာကူညီဖို့ တပါ

တည်း တာဝန်ပေးရ၏။

နောက်အခက်အခဲမှာ 'ကျွန်တော်တို့ ပင်လယ်ရွာတွေဟာ ရေရှားကြပါတယ်၊ အချို့ရွာတွေမှာ ရေထွက်ရှိတော့ အဲလိုရွာတွေဆီသွားပြီး ရေဝယ်ရတာပါ၊ နောက်တစ်ခုကတော့ ကျွန်တော်တို့ရွာနဲ့ ခပ်ဝေးဝေး တောထဲမှာ ရေထွက်ရှိပါတယ်၊ အဲဒီက ယူနိုင်ရင်လည်း ရပါတယ်'

အညာသာရေရှားတာမဟုတ်၊ ပင်လယ်မှာလည်း ရေရှားသည်။ ကျွန်တော်တို့အဖွဲ့တိုင်ပင်ကြပြီး–

'ဒါဆို ရေပိုက်သွယ်ဖို့၊ ရေကန်ဆောက်ဖို့၊ ရွာကို ရေပြန်ဖြန့်ဖို့တွေလိုမှာပေါ့၊ အရင်ဆုံး ကွင်းဆင်း စစ်ဆေးကြတာပေါ့၊ နောက်မှ ဘာလုပ်နိုင်မလဲ အားလုံး စဉ်းစားကြတာပေါ့'

ဤရွာထူးခြားချက်မှာ ဆွေးနွေးပွဲလာကြသူများတွင် အမျိုးသမီးအများစုကို တွေ့ရတာဖြစ်သည်။

**မိုင်းသွေးကျေးရွာ**

ထိုရွာက တင်ပြသည်မှာ– ' CF ကင်းလှည့်ဖို့အတွက် နေ့ခင်းအတွက်သာ ရန်ပုံငွေရသဖြင့် ညပိုင်းကင်းလှည့်ဖို့ ရန်ပုံငွေလိုကြောင်း၊ တိုင်၊မျော၊ထင်း ခိုးခုတ်ဖို့ ညမှာလာတာရှိကြောင်း' ဆိုသည်။ သူတို့ကို ရန်ပုံငွေထောက်ပံ့နေသည်မှာ ALARM(Advancing Life And Regenerating Motherland) စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းက ဖြစ်သည်။

ငါးလုပ်ငန်းဦးစီးဌာန– 'တစ်နှစ်လျှင် မေ၊ ဇွန်၊ ဇူလိုင် သုံးလကို ငါးမဖမ်းရရာသီကာလအဖြစ်သတ်မှတ်ထားကြောင်း၊ ထိုသို့သတ်မှတ်ရသည်မှာလည်း သားပေါက်ရာသီဖြစ်၍ နောင်ပေါများစွာ ငါးဖမ်းနိုင်ဖို့ဖြစ်ကြောင်း၊ ကမ်းနီးကမ်းဝေးအလိုက် အသုံးပြုရမည့် ပိုက်ကွက် အစိပ်အကျဲကို သတ်မှတ်ထားသည့်အတိုင်း လိုက်နာရန်လိုကြောင်း၊ ကမ်းဝေးငါးဖမ်းလှေများ ကမ်းနီးသို့ ဝင်ရောက်ဖမ်းလို့မရကြောင်း' ပညာပေးဆွေးနွေးသည်။

'နောက်ပြီး ရွာတွေမှာ ငါးပိလုပ်မယ်တဲ့အခါ အောက်မှာ ဖျာခင်းလုပ်မယ်တာတွေတွေ့ရတယ်၊ စင်ကလေးတွေပေါ်မှာ ဖျာနဲ့တင်လုပ်ရင် ပိုသန့်ရှင်းတာပေါ့ဗျာ၊ ပစ္စည်းအရည်အသွေးပိုကောင်းရင် ဈေးလည်း ပိုရတာပေါ့' ဟု အကြံပြု၏။ FFI က ရွာလူထုနှင့် ကျွန်တော်တို့အဖွဲ့ ပေါင်းကူးဆက်သွယ်မှု လွယ်ကူအောင်ဆောင်ရွက်ပြီး လိုအပ်တာဖြည့်စွက်ရှင်းလင်းသည်။

ထိုနေ့က ညနေပိုင်းမှာမြိတ်သို့ ရောက်ရှိကြသည်။

**၂၂–၁၁–၂၀၂၃**

**ခရီးစဉ်အပေါ် ဆွေးနွေးသုံးသပ်ခြင်း**

'Ecologist - "UNSECO မှာ MAB,World Heritage,Geophysic Park,Ramsar Site,Agriculture စသည်ဖြင့် ကဏ္ဍကြီးငါးခုရှိရာအဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံတွင်လည်း သုတေသနလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်စပ်ပတ်သက်သည့် ဌာနဆိုင်ရာများအနေဖြင့် ချိတ်ဆက်မှု ပြတ်တောက်မနေစေရေး ပူးပေါင်းဆောင်ရွက်စေလိုကြောင်း'

**Biologist**– 'မြန်မာနိုင်ငံမှာ ဒီရေတောMAB ရဖို့ အလားအလာအလွန်ကောင်း၊ ရလာတဲ့အခါမှာလည်း ခရီးသွားလုပ်ငန်းနဲ့တွဲလုပ်လျှင် ရေရှည်ထိန်းသိမ်းဆောင်ရွက်ဖို့ အထောက်အပံ့ဖြစ်စေသည် '

**ဦးသန်းဇော်ဦး**– 'မြန်မာနိုင်ငံမှာ ဒီရေတောဒေသတွေမှာ MAB ဖွဲ့စည်းနိုင်ဖို့ အခွင့်အလမ်းများရှိကြောင်း၊ NCB-(National Coordinating Body) နိုင်ငံအဆင့်ဒီရေတောများဆိုင်ရာညှိနှိုင်းရေးအဖွဲ့ – ဖွဲ့စည်းခဲ့ပြီး ကမ်းရိုးတန်းဒေသများရေရှည်ဖွံ့ဖြိုးရေးဆိုင်ရာ( National Strategy and Action ) မဟာဗျူဟာချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ(NCRMC-National Coastal Resource Management Committee) ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့်အပြင် ကမ္ဘာ့နိုင်ငံများတွင် ဆောင်ရွက်လျက်ရှိသည့် ဘက်စုံကမ်းရိုးတန်းစီမံအုပ်ချုပ်မှု (ICM-Integrated Coastal Management) စံနစ်ကို အကောင်အထည်ဖော်ရန် ကြိုးပမ်းလျက်ရှိကြောင်း' ဆွေးနွေးသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးလူသားနှင့်ဇီဝအဝန်းနယ်မြေ (Man and the Biosphere Reserve)အဖြစ် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးကန်ဒေသကို ကုလသမဂ္ဂပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ (UNESCO)၏ လူသားနှင့်ဇီဝအဝန်းနယ်မြေအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကောင်စီအစည်းအဝေးမှ ၂၀၁၅ ခုနှစ် ဇွန်လတွင် ကောင်စီအဖွဲ့ဝင်(၃၄)နိုင်ငံမှ တညီတညွတ်တည်း သဘောတူသတ်မှတ်အတည်ပြုခဲ့ပြီးဖြစ်သည်။ ယူနက်စကိုမှ လူသားနှင့်ဇီဝအဝန်းနယ်မြေအစီအစဉ် (Man and the Biosphere Reserve Programme) ကို ၁၉၇၁ခုနှစ်တွင် စတင်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများတည်ရှိမှုအခြေအနေ ထူးခြားကောင်းမွန်သည့်နေရာဒေသများတွင် လူသားများ၏ယှဉ်တွဲနေထိုင်မှုနှင့်အတူ ထိန်းသိမ်းစောင့်ရှောက်ရေး၊

ဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်ထောက်ပံ့ရေးဆိုင်ရာ လုပ်ငန်းကဏ္ဍကြီးသုံးရပ်တို့ကို ဟန်ချက်ညီစွာ ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအစီအစဉ်ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ လူသားနှင့်ဇီဝအဝန်းကွန်ရက်(The World Network of Biosphere Reserve) လူသားနှင့်သဘာဝဝန်းကျင်တို့အကြား ဆက်နွယ်မှုပိုမိုတိုးတက်လာစေရန် ၁၉၇၆ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူတို့၏ လူမှုစီးပွားရေးမြှင့်တင်ခြင်း၊ ဒေသတွင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်း၊ လူသားနှင့်သဘာဝပတ်ဝန်းကျင်တို့အကြား ဆက်နွယ်မှု၊ ညီညွတ်မျှတစွာ တိုးတက်လာစေရန် ထိန်းညှိစီမံအုပ်ချုပ်မည့် စံနစ်တစ်ရပ် ချမှတ်ဆောင်ရွက်စေခြင်းတို့ဖြစ်သည်။

ယခုကျွန်တော်တို့ ရနောင်းလေ့လာရေးခရီးက ဒီရေတောဧရိယာမှာ ဆောင်ရွက်ထားသောလူသားနှင့်ဇီဝအဝန်းနယ်မြေအကြောင်းဖြစ်သည်။ ထိုင်းနိုင်ငံကဲ့သို့ မြန်မာနိုင်ငံရှိ ဒီရေတောဧရိယာများကို MAB,Asian Heritage, World Heritage,Ramsar Site စသည်ဖြင့် ဖွဲ့စည်းတည်ထောင်နိုင်ပြီး ဒီရေတောများ ပိုမိုထိန်းသိမ်းလာနိုင်စေရေး ကြိုးပမ်းသွားရမည် ဖြစ်ပေတော့သည်။

**စာကြွင်း–** တိုက်ဆိုင်စွာပင် ဒိန်းမတ်–မြန်မာ ပူးပေါင်း ဆောင်ရွက်ရေး သဘောတူညီချက်အရ – ပင်လယ်ကမ်းရိုးတန်းဒေသနေပြည်သူလူထုက ရာသီဥတုပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေ ရပ်တည်နေထိုင်နိုင်ရန်အတွက် ဒီရေရောက်သစ်တောများကို စံနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း စီမံကိန်း၂၀၁၈–၂၀၂၃ (FDCCA- Climate Adaptation in Coastal Communities of Myanmar: Improved Management of Mangrove Forests ) ကို ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ၂၀၁၈ ခုနှစ်၌ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့၏။

ထို့ကြောင့် ၎င်းစီမံကိန်း၏ အထောက်အကူဖြင့် ဒီရေတော CF အဖွဲ့ဝင်များကို ဒီရေတောပျိုးဥယျာဉ် တည်ထောင်ခြင်း၊ စိုက်ပျိုးခြင်း၊ စီမံအုပ်ချုပ်ခြင်းဆိုင်ရာ သင်တန်းများ ပို့ချပေးနိုင်ခဲ့သည်။ ထို့အပြင် ဒီရေတောဆိုင်ရာ ကြိုးပြင်ကာကွယ်တောဖွဲ့စည်းခြင်း၊ CF တည်ထောင်ခြင်း၊ တည်ထောင်ပြီးကာကွယ်တောနှင့် CF ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ခြင်းတို့တွင် များစွာအထောက်အကူရခဲ့သည်။ ထိုမျှမကသေး၊ အထက်ပါ ရေခက်ခဲသော ကျေးရွာများ ရေရရှိရေးကိုလည်း ဌာနမှ ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပေသည်။

*******

*စာမျက်နှာ (၃၅) မှအဆက်* ➤

ကြီးမားသော ခန္ဓာကိုယ်၊ ထူထဲသောအရေပြားများကို ကောင်းစွာအသုံးချသွားပုံရသည်။ မိမိတို့အဖွဲ့လမ်းကြိုးဝိုင်းနယ်နိမိတ်အတိုင်းဆက်သွားရာ လူသွားလမ်းငယ်ကိုဖြတ်၍ တောထဲဝင်သွားသည့် ဆင်လမ်းကြောင်းကိုထပ်တွေ့ရသည်။ ထူထပ်သော တောအုပ်အတွင်း ကားနှစ်စီး ယှဉ်မောင်းလို့ရလောက်အောင် အကျယ်ရှိသည်။ ဆင်အုပ်သွားရာလမ်းကြောင်းတစ်လျှောက် သစ်ပင်ကြီးငယ်များ ကြေမွရှင်းလင်းနေသည်။ စကောလောက်ရှိသော ဆင်မစင်ပုံများလည်း ဆင်သွားလမ်းတစ်လျှောက် တွေ့ရသည်။ ထို့ကြောင့်လည်း ဆင်သွားလမ်းဖြစ်ဆိုသည့် စကားပုံ ရှေးလူကြီးများထွင်ခဲ့ကြပုံရသည်။ မိမိတို့မြို့နယ်ရုံးသို့ ပြန်ရောက်မှ ထပ်မံသတင်းကြားရသည်မှာ ကျေးရွာသားတစ်ဦး ပြင်လုံကြိုးဝိုင်းအတွင်း ဆင်နှင့်ပက်ပင်းတိုး၍ အသက်လုပြေးခဲ့ရသည်ဟုကြားရသည်။ တောဆင်လေလော သစ်ခိုးဆင်တွေလောမသဲကွဲပေ။

ဒေသခံတောလိုက်ကျွမ်းကျင်သည့် မုဆိုးအိုကြီးများ၏ပြောပြချက်အရ တောတွင်းမည့်သည့် သတ္တဝါမဆို လူသံကြားလျှင် လူနံ့ရလျှင် ရှောင်ပြေးကြသည်ကများသည်။ ပက်ပင်းတိုးရင်ဆိုင်မိ၍ မပြေးသာဟု ၎င်းတို့ ယူဆမှသာ ပြန်လည်ရန်ပြုတိုက်ခိုက်လေ့ရှိသည်ဟု သူတို့အတွေ့အကြုံများကို ပြောပြသည်။ ထို့ကြောင့် ချောင်ပိတ်ရိုက်လျှင်လူမဆိုထားနှင့် တိရစ္ဆာန်ပင်ပြင်းပြင်းထန်ထန်တုံ့ပြန်တက်သည်ဟုပြောကြခြင်းဖြစ်သည်။ တိရစ္ဆာန်ထက် လူကပိုအသိဉာဏ်ရှိသဖြင့် လူကိုလူချင်း အုပ်ချုပ်ရာတွင် သတိပြုချင့်ချိန်ဆင်ခြင်ဖွယ်ဖြစ်သည်။ ပြင်လုံကြိုးဝိုင်းအတွင်းကဆင်နှင့်ဝက်ဝံကတော့ ထိုသို့ဖြစ်ခဲ့ပုံရသည်။



ဆက်ပါဦးမည် ➤

# လှပဆေးဖက်ဝင် ထားဝယ်မှိုင်းပင်





အေးငြိမ်းချမ်း (သုတေသနလက်ထောက်-၃)

ထားဝယ်မှိုင်းပင်သည် လှပ၍ချစ်စဖွယ်ကောင်းသော ပန်းပွင့်လေးများ၏ဆွဲဆောင်မှုကြောင့် အလှစိုက်ပင်တစ်ပင်အဖြစ် လူသိများကျော်ကြား သော်လည်း ၎င်းအပင်၏ ဆေးဖက်ဆိုင်ရာအသုံးဝင်မှုများကို လူသိနည်းပါးလှပေသည်။

| Scientific name | - | *Combretum indicum* (L.) DeFilipps |
|---|---|---|
| Synonym | - | *Quisqualis indica* L. |
| | - | *Quisqualis grandiflora* Miq. |
| | - | *Quisqualis glabra* Burm.f. |
| | - | *Quisqualis ebracteata* P. Beauv. |
| | - | *Quisqualis villosa* Roxb. |
| Myanmar name | - | Dawe-hmaing-nwe (ထားဝယ်မှိုင်းနွယ်) |
| Common name | - | Rangoon creeper/ Burma creeper |
| Family | - | Combretaceae |
| Flowering Period | - | May to September |

ထားဝယ်မှိုင်းပင်သည် အပူပိုင်းဒေသအာရှနိုင်ငံများ၏ ဒေသမျိုးရင်း (native to tropical Asia) ဖြစ်ပြီး မြန်မာနိုင်ငံ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပေါက်ရောက်ရှင်သန်သော (Kress et al., 2003) အလှစိုက်ပျိုးသည့် (ornamental plant) ပန်းပင်ဖြစ်သည်။ ၎င်းအပင်ကို သဘာဝပေါက်ပင်အဖြစ်သော်လည်းကောင်း၊ စိုက်ပျိုးပင်အဖြစ်လည်းကောင်း မြန်မာနိုင်ငံနေရာအများအပြားတွင် တွေ့နိုင်သည်။ (Medicinal Plant of Myanmar Vol-1) အရောင်အသွေးစုံလင်လှပသော ၎င်းအပင်လေးများသည် နှစ်ရှည်ခံပင်အမျိုးအစားဖြစ်၍ ၂.၅ မီတာမှ ၈ မီတာအထိ ကြီးထွားနိုင်သော သစ်မာနွယ်ပင်လေးများ(woody climber) ဖြစ်သည်။ (https://en.wikipedia.org/wiki/Combretum_indicum)

- အရွက်သည် ရွက်ဆိုင်ဖြစ်၍ ရွက်နားညီသည်။ အရွက်ပုံသဏ္ဍာန်သည် ဘဲဥပုံစံ(သို့မဟုတ်)အလျားရှည်၍ဝိုင်းသောပုံ (elliptic to elliptic-oblong)ရှိသည်၊ အရွက်၏အပေါ်ဘက်မျက်နှာပြင်တွင် အမွှေးနုလေးများပါရှိပြီး၊ အောက်ဘက်မျက်နှာပြင်သည် ပြောင်ချောနေသည်။အရွက်၏ထိပ်ပိုင်းသည် ချွန်၍ အရွက်၏ အောက်ခြေသည် လုံးဝန်းသည်။ ရွက်စွယ်မပါရှိပါ။ (stipule absent)
- ပန်းခိုင်သည် terminal and axillary spike အမျိုးအစားဖြစ်ပြီး အဆုံးမရှိပန်းခိုင် (raceme)ဖြစ်သည်။ ပန်းပွင့်သည် လိင်စုံ (bisexual) ၍ ရနံ့မွှေးပြီး အရောင်အသွေးစုံလင်သည်။ ပန်းပွင့်လေးများသည် ပွင့်စအချိန်တွင်အဖြူရောင်ဖြစ်ပြီး ရက်အနည်းငယ်ကြာသောအခါ ပန်းရောင် ထိုမှတစ်ဆင့် အနီရောင်သို့ ပြောင်း၍ အရောင်စုံဖူးပွင့်ကြသည်။
- အသီးသည် အသားများ၍ အစေ့မာသော (drupe) အမျိုးအစားဖြစ်၍ အသီးအရောင်သည် အနီရောင်ရှိသည်၊ ရင့်မှည့်သောအခါ

အညိုရင့်ရောင်သို့ပြောင်းသွားသည်။ အသီးပုံသဏ္ဍာန်သည် ရှည်လျားသော ဘဲဥပုံစံ(elliptic-ovate) ရှိပြီး ဘေးဘက်တွင် တောင်ပံ (၅)ခုပုံ သဏ္ဍာန်ဖြစ်သည်။ မအက်ကွဲသီး (Indehiscent fruit) အမျိုးအစားဖြစ်၍ အစေ့တစ်စေ့သာပါသည်။

ထားဝယ်မှိုင်းပင်၏ ဆေးဖက်အသုံးဝင်ပုံများကို အောက်ဖော်ပြပါအတိုင်း ဖော်ပြအပ်ပါသည်။

**ဆေးဖက်အသုံးဝင်ပုံများ (Medicinal uses)**

- ❖ ထားဝယ်မှိုင်းပင်၏အစိတ်အပိုင်းအားလုံးသည် ဆေးဖက်ဝင်သည်။ သို့သော် အရွက်သည် ဆေးဖက်ဆိုင်ရာတွင် အသုံးအများဆုံးအစိတ်အပိုင်းဖြစ်သည်။ အရွက်ကို ထုထောင်း၍ (pounded leaf) အရေပြားရောဂါကုသရာတွင် အသုံးပြုသည်။ အရွက်ပြုတ်ရည်သည် ဆီးကြောပိတ်ရောဂါကိုသက်သာစေသည်။ မြွေနှင့်အခြားအဆိပ်ရှိသောတိရစ္ဆာန်များအကိုက်ခံရသောအခါတွင် အရွက်ကိုအပူပေး၍ကပ်ခြင်းဖြင့် အဆိပ်ဖြေနိုင်သည်။
- ❖ အပင်၏အစေ့သည်ဝမ်းလျှောခြင်းကို (stop diarrhoea) ပျောက်ကင်းစေသော်လည်း အစေ့ကို extract ပြုလုပ်၍ ရရှိသောအဆီ(oil)သည် ဝမ်းနုတ်ဆေး(purgative) အဖြစ်အသုံးပြုနိုင်သည်။ အရွက်မှရသော သတ္တုရည် (Leaf juice) သည် သွေးစုနာ၊ ပြည်တည်နာ၊ အရေပြားရောဂါနှင့်အဖျားရောဂါများကို ကုသရာတွင်အသုံးပြုသည်။ ထို့အပြင် ပျို့အန်ခြင်း(nausea)၊ ကြို့ထိုးခြင်း(hiccough) များကို သက်သာစေပြီး ၎င်းအပင်၏အမြစ်ကို ပြုတ်၍ သန်ချဆေးအဖြစ်(vermifuge)သောက်သုံးနိုင်သည်။
- ❖ မြန်မာနိုင်ငံတွင် ထားဝယ်မှိုင်းပင်၏ အရွက်ကိုဝမ်းကိုက်ပျောက်ဆေးအဖြစ်စားသုံးကြသည်။ အစာမကြေလေထိုးလေအောင့်ဖြစ်ခြင်းကို သက်သာစေသည်။
- ❖ တရုတ်နိုင်ငံတွင် ၎င်းအပင်၏အသီးကို သန်ချဆေး၊ ဝမ်းဗိုက်ပိုင်းနာကျင်ခြင်း၊အာဟာရချို့တဲ့ခြင်း၊ အမျိုးသမီးများတွင်ဖြစ်သောရောဂါ (vaginal discharge or leukorrhea)၊ အရေပြားရောဂါနှင့် ဖျားနာခြင်းများကို ကုသရာတွင် အသုံးပြုသည်။
- ❖ အိန္ဒိယကျွန်းစုနိုင်ငံများတွင် ထားဝယ်မှိုင်းပင်၏ အရွက်ပြုတ်ရည်ကို ကလေးငယ်များအား ရေချိုးပေးခြင်းအားဖြင့် နှင်းခူရောဂါကို ပျောက်ကင်းစေရန် အသုံးပြုသည်။ အိန္ဒိယနိုင်ငံတွင် အရေပြားရောဂါအမျိုးမျိုးကို ကုသရာတွင်လည်း အသုံးပြုကြသည်။
- ❖ ဖိလစ်ပိုင်နိုင်ငံတွင် ထားဝယ်မှိုင်းပင်၏ အသီးကို ဝါးစားခြင်းဖြင့် ချောင်းဆိုးခြင်းကို သက်သာစေသည်ဟု ဆိုကြသည်။
- ❖ မလေးရှားနိုင်ငံတွင် အရွက်မှရသော အရည်ကို အရေပြားအပူလောင်ခြင်းနှင့် ပြည်တည်နာများ ဖြစ်သောအခါ လိမ်းဆေးအဖြစ်သုံးသည်။ ၎င်းအပင်၏ အရွက်သည် ခေါင်းကိုက်ဝေဒနာကို သက်သာစေသည်။
- ❖ ဗီယက်နမ်နိုင်ငံတွင် ထားဝယ်မှိုင်းပင်ကို worm vine ဟုခေါ်ဆိုကြပြီး အမြစ်ကို extract ပြုလုပ်၍ ရရှိသော အရည်အား အရိုးအဆစ်ကြွက်သားများ ရောင်ရမ်းနာကျင်ခြင်းရောဂါကိုကုသရာတွင် အသုံးပြုသည်။

**အခြားအသုံးဝင်ပုံများ (Other uses)**

တစ်ချို့သောနိုင်ငံများ၌ မင်္ဂလာပွဲကဲ့သို့သော အခမ်းအနားများတွင် အိမ်များကို အလှဆင်သောအခါ ထားဝယ်မှိုင်းပန်းလေးများကို အသုံးပြုကြသည်။ နှစ်သစ်ကူးနေ့များနှင့် မင်္ဂလာအခမ်းအနားများတွင် အမျိုးသမီးများသည် ၎င်းပန်းလေးများကို မိမိတို့၏ အဝတ်အစားပေါ်တွင်အဆင်တန်ဆာအဖြစ် အလှဆင်ကြသည်။

အနောက်အာဖရိကနိုင်ငံများတွင် ထားဝယ်မှိုင်းပင်၏ ရှည်လျား၍ပျော့ပြောင်းနူးညံ့သော ပင်စည်အားခြင်းတောင်းများရက်လုပ်ရာတွင်လည်းကောင်း၊ ငါးဖမ်းပိုက်ကွန်ပြုလုပ်ရာတွင်လည်းကောင်း အသုံးပြုကြသည်။

ထားဝယ်မှိုင်းအစေ့သည် ရင့်မှည့်သောအခါ စိမ့်၍ ဗာဒံစေ့ (Almond)ကဲ့သို့သော အရသာရှိသည်။ ထို့ကြောင့် အစေ့ကိုလည်း စားသုံးကြသည်။

References:

•Gurib-Fakim, A. (2012) Combretum indicum (L.) DeFilipps. Prota 11(2): Medicinal plants/Plantes Medicinales 2. PROTA, Wageningen, Netherlands.

•Jose, J.; Subbahmanya, P.; RaviRao, S. (2021) Pharmacognostical and phytochemical Study on Leaf of Combretum indicum (L.). Int. J. Res. Ayurveda Pharm. 2021; 12(5): 13-16 http://dx.doi.org/10.7897/2277-4343.1205134.

•Medicinal Plants of Myanmar-Vol (1). Ministry of Health. Department of Traditional Medicine.

•National Parks Board. (2023) Combretum indicum (L.) DeFilipps. Flora & Fauna Web. https://www.nparks.gov.sg/florafaunaweb/flora/1/4/1497.

•Wikipedia. https://en.wikipedia.org/wiki/Combretum_indicum.

# သစ်တောစိုက်ခင်းသမား တစ်ယောက်ရဲ့ ဘဝအစိတ်အပိုင်းများ (၄)

**အောင်ကျော်မိုး (ဧဉ)**

ဒီလိုနဲ့ ပြဿနာအပေါင်းရှင်းပြီးတော့ယာခုတ်လုပ်ငန်းပြီးအောင် ကျန်သူများကို တွန်းကြရပြန်ပါတယ်။ အမှန်တော့ February လကုန်မှာပြီးကြရမှာဖြစ်ပေမဲ့ အထက်ဖော်ပြသလို ရွာအလှူပြန်၊ သာရေးနာရေးပြန်နဲ့ မပြီးသူများကို ယာအပြီးအမြန်ခုတ်စေဖို့ပါ။ ထိုစဉ်က ယာခုတ်ခ ၁ ဧက ၉၀ ကျပ်နှုန်းဖြစ်ပေမဲ့ အလွန်ကြီးမားတဲ့အပင်ကြီးမျိုးကိုခုတ်ဖို့တင် ၉၀ ကျပ်ထိပေးခုတ်ရတာမျိုးရှိပါတယ်။ နောင်လုပ်သက်ရင့်လာတော့ သဘာဝတောခုတ်တန်ဖိုးရှိသစ်မျိုးစိုက်ခင်းတွေထောင်တာတော့ ဟုတ်ပါရဲ့ ....ဒီလို သစ်တောကြီးတွေ တစ်နှစ် ဧကများစွာခုတ်ခဲ့တာမှန်ပါရဲ့လား နှမြောမိပါတယ်။ ဘာကြောင့်တွေးမိလဲဆိုတာ ခုမျက်စိရှေ့ အောင်မြင်ကောင်းမွန်လှတဲ့ ၁၉၈၃ စိုက်ခင်းအပါ၊ ၁၉၈၉ ထိနတ္တလင်းမြို့နယ်မှာ ကိုယ်တိုင်လုပ်ကိုင်ခဲ့ရတဲ့ စိုက်ခင်းအပေါင်းနဲ့ သဘာဝတောများရဲ့ ၂၀၀၄ ခုနှစ် ဇာတ်ပေါင်းခန်းမှာ ဆက်လက်ဖော်ပြသွားပါမယ်။

ဒီကြားထဲ သစ်ထုတ်ရေးကားကြုံနဲ့ မြို့ပေါ် တစ်ခါတစ်ခေါက်တော့ ပြန်ရောက်ပါတယ်။ ရဲမြင့်သိန်းကတော့ မြို့နဲ့နီးတော့ ပြန်ဖြစ်တာများပါတယ်၊ အဲ့ဒီအချိန် ရုံးအနောက်က တောခေါင်း ကိုတင်ဝင်းက ကျွန်တော်တို့နှစ်ယောက် ရုံးပေါ်ဖြစ်သလိုနေတာ အမြင်မတော်တော့ သူ့အိမ်လေးထဲ တစ်ခန်းပေးနေစေပါတယ်။ သူတို့မိသားစု ကလေး ၃ ယောက်အပါက ကျန်အခန်းတစ်ခုထဲ စုပြုံနေပြီး ထမင်းကိုသူတို့ချက်ကျွေးပါတယ်။ ညနေသူငယ်ချင်းနှစ်ယောက် BEလေး အမဲကျော်အမြည်းလေးနဲ့အိမ်ရှေ့ဝရံတာမှာ အတွေ့အကြုံချင်းဖလှယ်လို့ပျော်။

ပိုက်ဆံလေးရှိရင် တစ်ခါတလေ နတ္တလင်းမြို့ ပြည်လမ်းပေါ်က သဇင် မင်း ဆိုတဲ့ဆိုင်သွားထိုင်ကြပါတယ်။ Rum ၁ ပက် ၃ကျပ်၊ ခေါက်ဆွဲကြော် ၁ ပွဲ ၆ ကျပ်၊ ကြက်ကုန်းဘောင်ကြော် ကြက်ပဲငပိ ၉ကျပ်၊ တောက်တောက်ကြော် ၁၂ ကျပ်ခေတ်ပါ၊ ၃ ပက် ၄ ပက်လောက်ဆိုရင် မှန်ပါပြီ။ ထူးခြားတာက ဆိုင်ပိုင်ရှင်က ဝက်သားမစားတဲ့လူမျိုးဖြစ်လေတော့ ကျွန်တော်ကလည်း မစားတော့ အတော်ပါပဲ၊ ရဲမြင့်သိန်းက ခြေစရှည်လေတော့ ပြည်ကိုနေ့ချင်း ပြန်မျိုးလည်း သွားလည်ဖြစ်ပါတယ်။

ဒီလိုနဲ့ ကိုယ်စီတောပြန်တက်ကြ၊ ဒီတစ်ခါတော့ စခန်းနားအရောက်သစ်လုပ်ငန်းကားကြုံလိုက်လာပေါ့။ မီးလမ်းပတ်ရင်း ယာထဲသွားရင်း မတ်လကုန်တောင်ယာမီးရှို့ချိန်ရောက်လာပါတယ်။ ကိုယ့်အတွက်တော့ ပထမဆုံး အတွေ့အကြုံပါ၊ တောင်ယာသမားတွေ ရွာအစုအဖွဲ့အလိုက် စိုက်ခင်းပတ်လည်ကနေ မီးရှို့ဖို့တာဝန်ယူပိုင်းရပါတယ်။ တောင်ယာထဲမှာ အတွင်းလမ်းလှည်းလမ်းတွေရှိပါတယ်၊ အဲဒီအတွင်းကလည်း မီးဒုတ်နဲ့မီးတို့ပြီးအကွက်ပြင် အပြေးထွက်လာနိုင်မယ့် အားကောင်းမောင်းသန်လူငယ်တွေ ရွေးရပါတယ်။ အချိန်မီပြေးမထွက်နိုင်ရင် အန္တရာယ်ရှိလို့ပါ။ အဲလိုအတွင်းက ဝင်ရှို့အပြင်ကလည်း ညှပ်ရှို့မှသာ တောင်ယာမီးနာလို့စိုက်ပျိုးလို့ကောင်း၊ ပေါင်းပေါက်လည်း အားနည်းစေနိုင်မှာဖြစ်ပါတယ်။

ယာမီးရှို့အပြီး အခန်း(၇) မှာ ဖော်ပြခဲ့တဲ့အတိုင်း အစ်ကို ဦးသန်းဝင်းကတော့ 'အချစ်ရေ နေလို့မှ ကောင်းရဲ့လား' သီချင်းလေးငြီးရင်း ဦးအောင်ကျော်စိုး ကြည့်ထားဦးပြောပြီး ငွေစာရင်း စာအုပ်နဲ့ငွေအချို့အပ်လို့ ချောင်းဆုံဇနီးလေးရှိရာအရပ် အပြေး ပြန်ပါလေတော့တယ်။

အစ်ကို ဦးသန်းဝင်းက ကျွန်တော့်အတွက် လုပ်ငန်းလက်ဦးဆရာပါပဲ၊ ကျွန်တော်နဲ့လည်း ညီအစ်ကို မိသားစုဆက်ဆံရေးရှိခဲ့သူပါ၊ နောင်ရေးရင်းလည်း ပါသွားမှာပါ။ စခန်းမှာက အဓိက အားကိုးရသူက ၁၉၈၃ မေမြို့ကျောင်းဆင်း ဇီးကုန်းသားကိုညွှန့်ရွှေပါ၊ နောက် တောခေါင်း ကိုသန်းလွင်၊ permanent ဝန်ထမ်းက သူတို့သာမှတ်မိပြီး ကျန်ကလေးတွေက စိုက်ခင်းတောခေါင်း အမည်တပ်ထားတဲ့ နေ့စားလရှင်း ၆ယောက်ခန့်၊ ပျိုးဥယျာဉ်လုပ်သားနဲ့ စခန်းစောင့်ဆိုပြီး ၅ ဦးလောက်ရှိပါတယ်။ ၁၉၈၄ April စိုက်ခင်းဖွဲ့စည်းပုံထွက်လာပြီးနောက်ပိုင်းမှသာ စိုက်ခင်းတောခေါင်းများကို တောခေါင်း(စိုက်ခင်း)လို့ နာမည်တပ်လို့ permanent ခန့်ထားခဲ့ပါတယ်။

အစ်ကိုဦးသန်းဝင်း ခေတ္တ ပြန်သွားစဉ် အရင်ဆုံး တောင်ယာသမားတွေ ကိစ္စဖြေရှင်းရတာများပါတယ်။ ယာခုတ်ခ လက်ကျန်ငွေထုတ်ပေးရတာတွေ ကျွန်းစေ့ခ စရံငွေထုတ်ပေးရတာတွေလုပ်ရပါတယ်။ သူတို့အလုပ်ဝင်နေမှု ပြီးမှုအပေါ်လည်း နေ့စဉ်ကွင်းဆင်းစစ်ရပါတယ်၊

အဲ့ဒီအချိန် ချောင်း မြောင်းလေးတွေ ရေနီးရာမှာ တစ်ဖက်ရပ်တဲလေးတွေထိုးလို့နေပြီး ယာသမားတွေက ကျွန်းခွေကြ၊ တစ်ဆက်တည်း ပန္နက်တုတ်ချွန်ကြပါတယ်၊ ၁ ကေကို ပန္နက် ၆၀၀ နှုန်း ယာသမားတွေက ချွန်ပေးရပြီး ပန္နက်ဖိုးသူတို့ကိုပေးချေရပါတယ်၊ ပန္နက်အရှည် ၃ ပေချွန်ကြရတာပါ၊

ကျွန်းခွေတယ်ဆိုတာ တောင်ယာမီးရှို့ပြီးအကြွင်းအကျန် သစ်စ ဝါးစတွေပုံမီးရှို့တာမို့ အကွက်တွေကပြောင်လာချိန် ယာသမားအချို့က တောင်ယာထဲ တစ်ရာသီလုံးနေမယ့် တဲလေးတွေထိုးစပြုပါပြီ။ သစ်လိုတာကိုတောင်ယာကွက်ထဲက မီးလောင်ကျန်တာ ယူသုံးသလို အနီးနားတောက မျှောတိုင် ဝါးတိုင်ကလည်း ပေါပါတယ်။ တဲကိုအချို့ကလည်း ချောင်းနားနီးရာ၊ အချို့ကလည်း တောင်စောင်းမှာ အချို့ကလည်းတောင်ထိပ်နား ခြေလမ်းဘေး ကိုယ့်ယာကွက် အကျယ်အဝန်းအခြေအနေကိုလိုက်လို့တဲထိုးကြပါတယ်။ ရေးရင်း သတိရမိပါရဲ့ တောင်ယာတဲလေးတွေကြား စိုက်ခင်းလုပ်ခဲ့ရတဲ့ feeling က ကြုံဖူးသူတွေ ပိုခံစားကြည့်လို့ရပါတယ်။

ကိုယ်ကွင်းနင်းသွားရင်း အမောပြေတစ်နေရာရာဝင်နားရင်တော့ ရေနွေးကြမ်းနဲ့ အမြဲကြော်ကျွေးကြတာ မြေပဲကြော်၊ အစပိုင်းက အားနာရမှန်း မသိပေမဲ့ နောက်မှသိရတာ မိုးမှာစိုက်မယ့်မျိုးမြေပဲထဲက ကြော်ကျွေးတာလည်းရှိသမို့ တားပေမယ့်မရပါဘူး။ ကျွေးမွေးချင်ကြတဲ့ တောသူတောင်သားစေတနာပါ။

နွေရာသီအတွင်းမှာပဲ ကျွန်တော့်တစ်သက် မောင်ကျန်တစ်တို့ဖြစ်သွားစေတဲ့ ထူးကဲအရသာတစ်ခုကို မြည်းစမ်းလိုက်ရပါတော့တယ်။

ကိုယ်ကဝက်သားလည်းမစားတော့ ကြက်သားချက်တာများပါတယ်၊ ငါးခြောက်နဲ့ ပဲဟင်းလည်း တစ်ခါတစ်ရံပေါ့၊ breakfast ကတော့ ထမင်းဖြူနဲ့ငါးခြောက်ဆီဆမ်းပုံမှန်(ငါးရံ့ခြောက်မပါ၊ ဈေးကြီးလို့) ဝန်ထမ်းအားလုံး တူတူစားစနစ်ပါ၊ ဆရာတွေကိုဦးစားပေး ခူးပေးပေမဲ့ ကျန်တာကတော့ ကြက်သားလည်းအပြောင်ရှင်းပါပဲ၊ အလုပ်ကပင်ပန်း စားနိုင်သောက်နိုင်ပေကိုး။

တစ်နေ့တော့ မနက်ပိုင်း.. 'နေ့လယ်ကြရင်ဆရာ ပဒတ်သားစားမလား'လို့ဟင်းချက်ကောင်း စားဖိုမှူးသောင်းလွင်က မေးလာပါတယ်....ကြည့်လိုက်တော့ ပုတ်သင်ညိုလိုလိုကောင်၊ အမှန်တော့မတူပါ၊ Reptile တွားသွားသတ္တဝါ Family တူမို့ ဆင်တာပါ၊ ငယ်ငယ်က အမေ့ကိုဈေးဝယ်ပေးရတော့ တိုက်ကြီးဈေးထဲက ဒေါ်လှ မုန့်ဟင်းခါးဆိုင်ဘေးမှာ တောကနေလာပြီး ဗန်းလေးထဲထည့်ရောင်းတာမြင်ဖူးပေမဲ့ ဘာကောင်တွေလဲဟ ပဲတွေးဖူးပါတယ်။

ခုတော့ ဒါကိုချက်ကျွေးမယ်လို့ တော့တော့ဆိုင်ဆိုင်တွေ့ရတော့ 'မင့်.... ဘယ်လိုချက်မှာတုန်း' 'မီးဖြိုက်တောက်တောက်စင်းပြီး ဧရှတ်သီးလေးနဲ့ကြော် ပဲဟင်းချက်မယ်ဆရာ'

'အေး.. အကောင်ကြီးပျောက်အောင်တော့ လုပ်ပေါ့ကွာ'

ဒါနဲ့ နေ့လယ်စာ စားတော့ အဲဒီဟင်းခွက် မရဲတရဲခပ်ထည့်.... ရွံ့တွန့်တွန့် ပါးစပ်ထဲထည့် ဟား.... ချိုလိုက် ကောင်းလိုက်တဲ့အရသာ အဲ့ဒီမှာတင် ပဒတ် လုပ်ပါဦးဟလို့ မောင်ကျန်တစ်တို့ဖြစ်သွားလို့ ရှာမရတဲ့အခါ တပည့်တွေ ခေါင်းကုတ်ကြရပါတော့တယ်။

ဒီလိုနဲ့ အကွက်ထဲသွားလိုက် တောကျန်တွေထဲလျှောက်ကြည့်လိုက် ကျွန်းခွေပြီး ဆောက်ပြီးတဲတွေ လည်လိုက်၊ စခန်းကိုလည်း ရွာပေါင်းစုံကလာကြလေတော့ ဖောင်အိုင်ရွာသားတွေသာမက ဘိုကြီးစခန်း သမားဒီးသဲကြောနဲ့ ညံ့လယ်က ကရင်လူမျိုးယာသမားတွေနဲ့ပါသိကျွမ်းခင်မင်လာ၊ သူတို့ရွာတွေကိုလည်း အလည်ရောက် အလုပ်လည်းလုပ်ရင်းမိသားစုတွေလည်း တိုးလို့လာပါတယ်။

သစ်တောစိုက်ခင်းထူထောင်ရာမှာ သစ်တောလုပ်ငန်းကိုပါ မိတ်ဖက်ထားစိတ်နဲ့ Well trained တောင်ယာသမားများ စုဖွဲ့လုပ်ကိုင်နိုင်ရင် အောင်မြင်ဖို့ မခဲယဉ်းပါ၊ ကိုယ်ကလည်းစိတ်ရင်းမှန် ကောင်းကျိုးပြုပေးရင် တန်ပြန်စေတနာလာပါတယ်။ ကွင်းဆင်းစစ်တဲ့နေ့ဆိုရင် သူတို့တောင်ယာတဲတွေမှာပဲ ရှိတဲ့ဟင်း ညငါးခြောက် မြေပဲကြော် ကြက်ဥကြော်စတာတွေနဲ့ ပိုင်းဖွဲ့စားဖြစ်ပါတယ်။ သူတို့ကလည်း အဲလိုမိသားစုပုံစံနေရင်ကိုပျော်လို့၊ ဝန်ထမ်းညှော်သည်ကို ညှော်ခံချင်ကြတာ၊ အဲ.. တောင်သူယာသမားများကတော့ စိမ်ရေအိုးလေးစိမ်ထားတာပါပါသဗျား။

ဖောင်အိုင်က သမီးချောတွေလည်း တောင်ယာထဲ ကျွန်းခွေကူဖို့ ထမင်းချက်ပေးဖို့ သစ်တက်ပေါင်းတွေရှင်းဖို့ရွာကနေ ယာထဲလိုက်လာပြီမို့ တွေ့ရ ရွာထဲ မဟုတ်တော့ ကွင်းထဲတွေ့ရင်စကားပြောရ ခင်မင်ရင်းနှီးပြုလာပါပြီ၊ ဦးရွှေမျိုး၊ ဦးအေး၊ ဦးလှကြည်၊ ဦးအုန်း၊ ဦးတင်ရွှေစသဖြင့် သမီးချောရှိသူများဆီ ထမင်းစား၊ ဦးတည်ရောက်အောင် တပည့်များကလည်း လမ်းကြောင်းရှာတတ်ပါတယ်၊ လူငယ်ဘာဝရင်ခုန်ကြတာရှိသလို အလုပ်နဲ့မိသားစုဆက်ဆံရေး ခင်မင်မှုတွေပါ။ အဲဒီလောက် မိသားစုဆက်ဆံရေးကလည်း တောင်ညိုအရပ်မှာ ပထမဆုံးအတွေ့အကြုံဖြစ်သလို နောင်အခါထိုမျှထိ closed family

type မကြုံရလေလို့လည်း ကျွန်တော့်တစ်သက်တာ စွဲလန်းချစ်ခင်ရတဲ့နေရာဖြစ်ပါလိမ့်မယ်။

ဒီလိုနဲ့ အကိုဦးသန်းဝင်းလည်းပြန်ရောက်လာ ကျွန်းခွေလုပ်ငန်းတွေလည်းပြီးလို့ မိုးဦးတစ်ဖြိုက် နှစ်ဖြိုက်ကျချိန်ရောက်လာခဲ့ပါပြီ။ အဲဒီအချိန် တောမှာ ခုတ်ထားတဲ့ အပင်ငုတ်တွေက သစ်ဖူးတွေတက်လာ၊ မြေပြင်မှာပေါ်များစွာထွက်လာတာက ဖလောင်တောင်ဝေးနဲ့ ပဒတ်စာပင်များ.... မြို့မှာ ကြော်စား၊ ဟင်းခါးချက်စား ပြုတ်တို့ဖို့ စျေးမှာဝယ်ရတာတွေ တောမှာ မြေပေါ်ကြိုက်တဲ့နေရာက နုတ်ယူလို့ရပါတယ်။

May လဆန်း မိုးရွာပြီးကာစ ကျွန်တော်တို့ အပူတပြင်းလုပ်ရတာက ပန္နက်ရိုက်လုပ်ငန်းဖြစ်ပါတယ်။ အဲဒီအချိန်က ဌာနသတ်မှတ်ချက်က ၁ ဧက အပင် ၆၀၀ စနစ်ပါ။ ၁ ဧကဆိုတာ 10 chain square မို့ အကြမ်းဖျင်း 660'×66'=43560 Square feet ပါ၊ ခုက ပန္နက် ၆၀၀ ဝင်ချင်တော့ 8.5 feet အကွာအဝေးခြားရပါတယ်၊ ၄၃၅၆၀ကို 8.5×8.5 နဲ့စားကြည့်ရင် 602.something ရမှာဖြစ်လို့ အနီးစပ်ဆုံး ၆၀၀ ကိုယူပါတယ်။ ထိုနည်းတူစွာပဲ 9'×9' 6'×6' 12'×12' စသည်ဖြင့် ကိုယ်လိုရာ အကွာအဝေး အပင်ခြားစိုက်ရင် ၁ ဧကကို ပန္နက်ဘယ်လောက် တစ်နည်း အပင်ရေ ဘယ်လောက်ရမယ်ကို ၄၃၅၆၀ အား အပင်အကွာအဝေး ၂ ခု မြှောက်ခြင်းနဲ့ တွက်ချက်ကြည့်လို့ရပါတယ်။

ပန္နက်ကြိုးကိုတော့ သုံးမူးလုံးလောက် ပန္နက်ကြိုးမှာဇပေခွဲခြားတိုင်း ရောင်စုံအဝတ်ကြိုး သို့မဟုတ် ကြွတ်ကြွတ်ကြိုးတွေကို အမှတ်အသား ထည့်ချည်ရပါတယ်။ အလယ်မှာ 8.5 feet အကွာ ပန္နက်ရိုက်အမှတ် ၁၀ ခု ထည့်ပါတယ်။ ပန္နက်ရိုက်ရာမှာ ကွက်ကြ ကွက်စိပ်စနစ်နဲ့ Contour စနစ်တို့ရှိပြီး ယခုက ဆောင်ရွက်နေကြ ကွက်ကျဲကွက်စိတ်စနစ်ရိုက်မှာဖြစ်ပါတယ်။ နောင်သောအခါ ကိုယ်တိုင်ကြီးကြပ်ရတဲ့ စိုက်ခင်းတွေမှာ ကျွန်တော်ကတော့ ကြောအတိုင်း ဆက်နွယ်ရိုက်ပြီး မြောင်ခြားရင် ပန္နက်ချင်းမဆက်တော့တဲ့ Contour အတိုင်း ပန္နက်ရိုက်စနစ်သာကျင့်သုံးဖြစ်ပါတယ်။

ပန္နက်ရိုက်ချိန် ဝန်ထမ်းများလည်းပျော်ပါတယ်။ ပန္နက်ရိုက်ပြီး ကျွန်းစေ့စိုက်ပြီးမှ သူတို့စိုက်မယ့်သီးနှံအတွက်မြေပြင်ခွင့်ပေးထားတာမို့ ယာသမားတွေက ကျွန်းခွေပြီးတာနဲ့ ပန္နက်ရိုက်ချင်ပါတယ်။ အဲလိုရိုက်တဲ့နေ့မှာ သူတို့က ယာစောင့်နတ်ပသပူဇော်ပါတည်းလုပ်ပါတယ်။အရက်နဲ့ကြက်နဲ့ပေါ့၊ ပန္နက်ရိုက်တာကလည်း ကျွန်းခွေပြီးတဲ့ ယာသမား ၁၅ ဦး ၂၀ ဦးထက်မနည်းကို စုစည်းလုပ်တာမို့ အားလုံးချက်ကြ ပန္နက်ရိုက်ကူကြ နေ့လယ်စာ အတူစားကြမို့ပျော်စရာ ... အခုချိန်မှာတော့လွမ်းစရာပါ ... ကျွန်တော်ဟာ မမျှော်လင့်ပဲ အသဲစား ဘုရင်ဖြစ်သွားခဲ့ရပုံနဲ့ ဆက်ပါဦးမယ်...

++++++

ပန္နက်ရိုက်ချိန်မှာ မိုးဦးရောက်ပြီမို့ ခုတ်ထားတဲ့ သစ်ငုတ်တွေ သစ်ဖူးတွေပြန်တက်ချိန် ပထမပေါင်းတွေ မြေကြီးကနေ စထိုးခါစအချိန် စိုက်ခင်းကွက်ထဲမှာ တောင်ယာတဲလေးတွေလည်း ဟိုနား ဒီနား ကိုယ့်ယာကွက်ထဲ အစီအရီထိုးပြီးကြပြီ၊ ပေါင်းရှင်းကူဖို့ ရွာက သမီးချောတွေ အစုံအညီလည်း တောင်ယာတဲမှာလိုက်နေကြပြီမို့ မိသားစုများနေထိုင်တဲ့ ရွာပုံစံဖြစ်လို့ပျော်ဖို့ ကောင်းလာပါတယ်။

ပန္နက်ရိုက်ဖို့ အင်အားစုရာမှာတော့ တောင်ယာသမားမိသားစုထဲကနဲ့ ဖောင်အိုင်ရွာက ရွာမှာကျန်နေကြတဲ့၁၄ နှစ် ၁၅ နှစ်ဝန်းကျင် ကလေးမလေးတွေနဲ့ တချို့တလေ ၁၉၊ ၂၀ အပျိုပေါက်လေးတွေပါလို့ ပန္နက်ကြိုးထိန်းဆွဲနဲ့ တောင်စောင်းအခက်အခဲနေရာတွေအတွက် ပြေးလွှားလုပ်နိုင်တဲ့ လူငယ်လေးများ အပါအဝင်လူ ၄၀ ဝန်းကျင်လောက်နဲ့ ဖွဲ့စည်းထားပါတယ်။

အဲဒီလို ဖွဲ့စည်းတာက အဲဒီ ၈ တန်းလောက် အရွယ်တွေကတက်ကြွပြီး အလွန် အလုပ်ခိုင်းလုပ်ရမြန်ပါတယ်...အလယ်က အများစု ကလေးမလေးတွေက ပန္နက်ရိုက်သွက်ပါတယ်၊ အစွန်က ကြိုးဆွဲအရွေ့ လူငယ်တွေက ကျားအားနဲ့ အရွေ့မြန်ရပါတယ်။ အပျိုအရွယ်တွေကတော့ ချာတိတ်မတွေကို အထိန်းပေါ့၊ နောက်တစ်ခုက ကျားမ အဆွဲဓာတ်သဘာဝရှိလေတော့လုပ်ငန်းအရှိန်ရ အပြိုင်လုပ်ကြ လုပ်ငန်းလည်း မြန်မြန်ပြီးစေပါတယ်။

ပန္နက်ရိုက်ရာမှာ ပန္နက် ၁၀ တိုင်အမှတ်ပါ ကြိုးနဲ့တောင်ကြောသာရာမှာ base line ဆွဲပြီး နောက်အဲဒီပေါ် အလယ်လောက်က ထောင့်မှန် Cross line ဆွဲပြီးနောက် ၁၀ တိုင်အမှတ်ကြိုးတွေနဲ့ အကွက်ကျယ်တွေဖွဲ့သွားပြီး အလယ်မှာ ပန္နက် ၁၀ တိုင်ကြိုးနဲ့ပဲ အလယ်ဖြည့်ရိုက်သွားရတာပါ၊ ကွက်ကျဲကွက်စိတ်ရိုက်တယ်ခေါ်ပါတယ်။

ပန္နက်ရိုက်သွားဖို့ အကွက်ထဲ ယာတဲကလာမဲ့ ကလေးတွေ ပန္နက်ရိုက်မဲ့နေရာ မနက်ဂုနာရီအရောက်ချိန်းရသလို ဖောင်အိုင်ကလာမယ့် ကလေးတွေကို တောအုပ်ကိုညွှန့်ရွှေက မနက် ၆ နာရီ လူစုပြီး နာရီဝက်လောက် လမ်းလျှောက်ရတဲ့ဖောင်အိုင်ကနေစခန်းခရီးကိုခေါ်ခဲ့ပါတယ်။

သစ်တောစခန်းကနေ အကွက်ထဲ နာရီဝက်သာသာ၊ ကြိုစောင့်နေတဲ့ကလေးတွေနဲ့ဆုံပြီး လုပ်ငန်းစကြရတာပါ။ ဖောင်အိုင်က ၁၄ နှစ် ၁၅ နှစ် ကလေးမတွေ





က နေ့စဉ်မနက်လာရင် စခန်းအရောက်မှာ ကိုယ့်ထံ ပန်းလေးတွေ ဆရာ့ဖို့ဆိုပြီး ပေးကြတာလည်း အမှတ်တရ ပါပဲ၊ သူတို့က ၇ တန်း ၈ တန်းထွက်တွေများတော့ ကျောင်းမှာ ဆရာမကိုပန်းပေးနေကြထင်ပါ့။ ကိုယ်က လည်း သူတို့ကျေနပ်အောင်ယူ စခန်းကတပည့်တွေ ဘုရားပန်း ကပ်ကြလို့ ပေးခဲ့ရတာပေါ့။

တောတောင်ထဲ အလုပ်လုပ်ရတယ်၊ မိုးတွေရွာရင် ရွှံ့ရွှံ့စိုတယ်၊ ကိုယ်ကော သူတို့တွေကော ကျန်ဝန်ထမ်း တွေကော....အလုပ်လုပ်ရင်းချွေးထွက်၊ နေသာရင် အဝတ် တွေ ကိုယ်ငွေ့နဲ့ခြောက်၊ တစ်ခါမှ မဖျားဖူးခဲ့၊ သူတို့ ကိုလည်းပျော်အောင်ထား ရင်းရင်းနှီးနှီးနေ။

'ဂွက်ထော်တို့ မိကျေးတို့ နောက် ၁၀ နှစ်လောက် ကြာလို့ ငါ ဒီကို အလည်ရောက်ရင် နင်တို့အိမ်တွေရှေ့ က.... မိကျေး ဂွက်ထော်နဲ့ခေါ်လိုက်ရင် ချက်ချင်းထွက် လာနိုင်ကြမှာ မဟုတ်ဘူး'

'ဘာဖြစ်လို့ ဆရာ'

'ဟဲ့ ကလေးတစ်ဖက်နဲ့လေ'

'ဟင့် ဆရာကလည်း'

ရင်းနှီးလာတော့ နားချိန် အဲဒီလိုပေါက်ကရလည်း ပြောပေးရသည်။ ဒီကလေးမနှစ်ယောက်က အသွက်ဆုံး ချာတိတ်မတွေခေါင်းဆောင်လည်းဖြစ်သည်။ ဂွက်ထော် ဆိုတာ ဦးရွှေဗျိုင်းသမီးအငယ်ဆုံး...တကယ်လည်း ကိုယ့် ၏တပည့်ရင်း တစ်ယောက်နဲ့အိမ်ထောင်ကျ.. ကလေး တစ်ယောက်ရတော့ တောင်တွင်းကြီးမြို့နယ်ထဲပြန်ဆုံသေး သည်။ မိကျေးရဲ့အစ်မအကြီးဆုံးက သစ်ထုတ်ကသစ်အုပ် ကြီးနောက်တော့AM ဖြစ်၊ အမှတ်မမှားရင် ဦးအောင်ကျော် ဆိုသူ၏ ဇနီးဖြစ်သည်။ သူတို့အစ်ကိုကြီးက လူပျိုကြီး သဘောကောင်း သွက်လက်သူ... ခုတော့ မိကျေးဂွက်ထော် တို့လည်း ၅၀ကျော်ပြီပေါ့၊ ဘယ်တွေရောက်နေကြလဲ မသိပြီ။ ဖောင်အိုင်ရွာသားတွေ တောင်ညိုဆည်ဆောက် တော့ ရွာကရေမြုပ်ထဲပါလို့ တောင်ညိုမြို့သစ်ဆိုတဲ့နေရာ ပြောင်းကြရသည်။ တစ်နေ့တော့ ဖောင်အိုင်ရွာက ဘယ် သူတွေရှိသေးလဲ နတ္တလင်းအရှေ့က တောင်ညိုမြို့သစ်ကို သွားကြည့်ချင်ပါသေးသည်။

ညနေစောင်း ၅ နာရီမှာ အလုပ်သိမ်း၊ ကလေး တွေ ပြန်လွှတ်ရသည်။ ဖောင်အိုင်ရွာက လာသည့်ကလေး တွေက တောင်ယာကွက်မှ စခန်းကိုလာ... စခန်း အောက် က တောင်ညိုချောင်းကိုဖြတ်ပြီးမှ နာရီဝက်လောက် လမ်း လျှောက်ပြန်ရတော့ ပိုပင်ပန်းသည်။

တစ်ခါမှာတော့ June လဆန်းလောက်မှာ ညနေ အပြန်တောင်ညိုချောင်းရေကျချိန်နဲ့ တိုးပါတော့တယ်။ တောင်ညိုချောင်းက ဆောင်းနဲ့နွေရာသီ ရေက ကြည် သန့်၊ သောက်ကောင်း ရေချိုးကောင်းပေမဲ့ မိုးအစမှာ ချောင်းရေ စလာလို့ နောက်စပြုပါပြီ....ခုလို မိုးများရေ ကျချိန် ရေစီးကလည်းသန်ပါသည်။

ဒီကျားပျိုတွေ အပျိုဖြန်းတွေ ချာတိတ်မတွေ ဘယ်လိုချောင်းကိုကူးကြမှာလဲ။

မြို့သူ မြို့သားတွေဆိုရင် ကူးဖို့တွေးမှာ မဟုတ်။

ဒီကလေးတွေသာမက တောင်ယာထဲမှ ရွာပြန် မည့်သူများလည်းပါ၏၊ ချောင်းရေကပြည့်လျှံနေပြီ။ အား ကောင်းမောင်းသန် လူလတ်နှစ်ဦးက တစ်ဖက်ကမ်းသို့ ရေအရင်ကူးသည်။ ပန္နက်ကြိုးကို ပစ်ပေးစေပြီး ကမ်းပါး သစ်ပင်တစ်ခုမှာချည်....ဒီဖက်ကလည်းချည်လို့ ကျားတွေ က ကမ်းနားတစ်ဖက်တစ်ချက်ကနေ ကြိုးကိုထိန်းကိုင် ပေး၊ မိန်းကလေးများက ထိုကြိုးကို ဘယ်ညာအားပြု ကိုင်ရင်း ရေကို ခြေခတ်ကာ တဖက်ကမ်းရောက်အောင် ကူးကြတော့သည်။

ကိုယ်ကတော့စိုးရိမ်စိတ်နဲ့ ကြည့်ရုံ၊ အော်ဟစ် သတိပေးရုံသာ....နောက်ဆုံး ဟိုဖက်ကမ်းရောက် အောင် မြင်စွာအိမ်ပြန်ကြကုန်လေ၏။

လူသားပီပီ လွမ်းမိပါသေးတော့....

ပစ္စုပ္ပန်တည့်တည့် မရှုနိုင်သေးပြီကော....

အသည်းစားတာတော့ နောက်ရက်ဆက်ပါ မည်....

**********

# “၂၀၂၃ ခုနှစ် သစ်တောဦးစီးဌာန ဝန်ထမ်းမိသားစု ပျော်ပွဲ၊ ရွှင်ပွဲ၊ အားကစားပြိုင်ပွဲများ”

















နောက်ကျောဖုံးမှအဆက်

## ပေါက်ရောက်ခြင်း

သက်န်းပင်များသည် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ လာအို၊ မလေးရှား၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့၌ ပေါက်ရောက်ကြသည်။ မြန်မာနိုင်ငံတွင် သက်န်းပင်များကို အောက်ဖော်ပြပါဒေသတို့၌ တွေ့ရှိရသည်။

၁။ သက်န်းပင် *Hopea griffithii* ကို မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ တွေ့ရှိရသည်။

၂။ သက်န်းနက်၊ သက်န်းကျောက် *Hopea helferi* ကိုမွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင်တွေ့ရှိရသည်။

၃။ သက်န်းပင် *Hopea micrantha* ကို မွန်ပြည်နယ်၌ သာတွေ့ရှိရသည်။

၄။ သက်န်းမလေး၊ သက်န်းပွဲကို *Hopea minutifolia* ကို မြိတ်ခရိုင်၌ တွေ့ရှိရသည်။

၅။ သက်န်း၊ သက်န်းရွှေ၊ သစ်သက်န်းကို *Hopea odorata* ကို တနင်္သာရီတိုင်း၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ တွေ့ရှိရသည်။

၆။ သက်န်းရွှေ၊ သစ်သက်န်းပင် *Hopea sangal* ကို တနင်္သာရီတိုင်းတွင် တွေ့ရှိရသည်။

သက်န်းပင် အမျိုးမျိုးရှိသော်လည်း ယခုရေးသားဖော်ပြထားသည့် သက်န်းပင်မှာ *Hopea odorata* ဟုခေါ်သော သက်န်းပင်အကြောင်းဖြစ်ပါသည်။

သက်န်းပင်သည် အောက်မြန်မာနိုင်ငံ အနှံ့အပြား၌ ပေါက်ရောက်ကြသည်။ အထူးသဖြင့် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် အမြောက်အမြားပေါက်ရောက်ကြသည်။ ၎င်းအပင်များပေါက်ရောက်ကြသည့် တောမျိုးများမှာ စိုစွတ်သည့် အမြဲစိမ်းသစ်တောများဖြစ်ကြသည်။ ပဲခူးရိုးမတွင် အရှေ့ဘက်ခြမ်း၌ ပျဉ်းမနား သစ်တောခရိုင်နှင့် အနောက်ဘက်ခြမ်းတွင် သာယာဝတီ သစ်တောခရိုင်တို့သည် သက်န်းပင်များ ပေါက်ရောက်ရာဒေသတို့၏ မြောက်ဘက်အကျဆုံးဖြစ်သည်။

သက်န်းပင်သည် ငယ်ရွယ်စဉ်အခါ လောင်းရိပ်ကို ကောင်းစွာခံနိုင်ရည်ရှိပြီး ကြီးမားလာသည့်အခါ အခြားသစ်မျိုးများကို လွှမ်းမိုးတတ်သည်။ ၎င်းနှင့်အတူ ပေါက်ရောက်ကြသည့်သစ်မျိုးများမှာ ကညင်ဖြူပင်၊ကညင်နီပင်၊ လက်ခုပ်ပင်၊ ဘိုင်ပင်၊ တောင်ပိန္နဲပင်၊ မျောက်လုတ်ပင်၊ တောင်သရက်ပင်၊စံကားဝါပင်နှင့်သစ်တိုပင်တို့ဖြစ်ကြသည်။

မြေအမျိုးအစားမှာ သက်န်းပင်သည် ပူအိုက်စွတ်စိုထိုင်းမှိုင်းသော သစ်တော သို့မဟုတ် အမြဲစိမ်းသစ်တောများအတွင်းရှိ အပေါ်ယံ မြေဆီလွှာထုထူ၍ မြေဩဇာကောင်းမွန်ထက်သန်သော မြေနေရာမျိုးတွင် ပေါက်ရောက်ကြပြီး အထူးသဖြင့် စွတ်စိုသောမြစ်ချောင်းများ နံဘေးတွင် ကြီးမားသန်စွမ်းစွာ အများဆုံးပေါက်ရောက်ကြသည်။

သက်န်းပင်များသဘာဝအလျောက် ပေါက်ရောက်ကြသည့် မူရင်းဒေသ၏ရာသီဥတုမှာ အရိပ်အာဝါသအောက်၌ အမြင့်ဆုံးအပူချိန်မှာ ၉၈ မှ ၁၀၅ ဒီဂရီ ဖာရင်ဟိုက်နှင့် အနိမ့်ဆုံးအပူချိန်မှာ အရိပ်အာဝါသအောက်တွင် ၄၅ မှ ၆၀ ဒီဂရီ ဖာရင်ဟိုက်အထိဖြစ်ပြီး နှစ်စဉ်ရွာသွန်းသည့်မိုးရေချိန်မှာ ၉၀ မှ ၂၀၀ လက်မ ကျော်အထိ ဖြစ်သည်။ သက်န်းပင်များသည် စွတ်စိုထိုင်းမှိုင်းသည့် ရာသီဥတုကို အလွန်ကြိုက်နှစ်သက်သည်။

### အရွယ်ပမာဏနှင့် ထင်ရှားသည့်လက္ခဏာများ

သက်န်းပင်သည် တစ်နှစ်ပတ်လုံး စိမ်းလန်းသည့် အမြဲစိမ်းသစ်ပင်ကြီးမျိုးဖြစ်၍ အရွယ်ရောက်သည့် အပင်ကြီးများသည် အမြင့်ပေ ၁၅၀ ကျော်နှင့် ပင်စည်မှာ ရင်စို့လုံးပတ် ၁၂ ပေ အထိ ကြီးမားကြသည်။ ပင်စည်မှာ ရှည်လျား လုံးဝန်း ချောမော ဖြောင့်တန်းပြီး ကိုင်းတက်လွတ်ပင်စည်မှာလည်း အလွန်ရှည်လျားပါသည်။ ၎င်းအပင်သည် ရွက်အုပ် အလွန်ကြီးမားသည့် အပင်မျိုးဖြစ်ပြီး ပင်စည်မှာ ဖြောင့်တန်းလုံးချောပြီး ပေ ၄၀ မှ ပေ ၈၀ အထိ ရှည်လျားသော သစ်လုံးရှည်ကြီးများကို သက်န်းပင်များမှ ရရှိနိုင်ပါသည်။

အခေါက်မှာ လက်မဝက်ခန့်ထူ၍ မီးခိုးရင့်ရောင် သို့မဟုတ် ညိုမည်းသောအရောင်ရှိပြီး အခေါက်တွင် နက်ရှိုင်းသည့် အလျားလိုက် အက်ကွဲကြောင်းကြီးများပါရှိသည်။ အခေါက်၏ အတွင်းသားမှာ အဝါရောင် သို့မဟုတ် နီကျင်ကျင်အရောင်ရှိသည်။ အကိုင်းအခက်များမှာ ကြီးမားလေးလံသဖြင့် တွဲလွဲဆွဲထားဘိသကဲ့သို့ တည်ရှိနေသည်။

အရွက်များသည် ရွက်ရိုး ရွက်လွဲ ဖြစ်ပြီး အဖျားဘက်သို့ သွယ်ပြီးထိပ်ချွန်ပါသည်။ အရွက်အောက်ခြေမှာ ဝိုင်းပြီး အကိုင်းဖျားမှထွက်ကြသည်။ အရွက်များသည် အမွေးမဲ့၍ တောက်ပပြောင်လက်နေသည်။ အရွက်ပေါ်တွင် အကြောမွှာ ၁၂ စုံ ပါရှိ၍ ရွက်အနားများမှာ လှိုင်းတွန့်ပုံတွန့်လျက်ရှိကြသည်။ အရွက်ကြောများ၏ အရင်း၌ မှဲ့ကလေးများ ရံဖန်ရံခါ ပါရှိတတ်သည်။

ရနံ့သင်းပြီး ဖြူဖွေးသေးငယ်သည့် သက်န်းပွင့်ကလေးများသည် မတ်လနှင့်ဧပြီလတွင် အကိုင်းနှင့်အ

ရွက်ကြားမှထွက်ပေါ်လာပြီး ပွင့်ကြသည်။ အပွင့်ဖြူဖြူကလေးများသည် တစ်ဖက်သတ်တည်းထွက်သော ပန်းမျိုးဖြစ်သည်။ ပန်းပွင့်ကလေးများတွင် ပွင့်ဖတ်နှင့်ပွင့်ချပ်ငါးခုစီပါရှိပြီး ပွင့်ဖတ်အနားမှာ တစ်ဖက်လိပ်ဝင်နေသည်။ ပွင့်ချပ်များတို့သည် ပူးတွဲအသီးသီးသောအခါ အသီးနှင့်အတူပူးတွဲပြီး ထွားကြိုင်းလာသည်။ အသီးတွင် အတောင်ကဲ့သို့ အဂ်ါနှစ်ခုပါရှိသည်။ အသီးများမှာ မေလမှ ဇွန်လအတွင်း ရင့်မှည့်ကြပြီး ရင့်မှည့်သည့်သက်န်းသီးများမှာ သေးငယ်၍ လုံးဝန်းသောအစေ့အိမ်နှင့် တစ်လက်မခွဲခန့်ရှည်သောအတောင်နှစ်ခုပါရှိသည်။

မိုး တစ်ပြိုက် နှစ်ပြိုက် ရွာသွန်းပါက ချက်ခြင်းအညောက်ထွက်၍ အပင်ပေါက်ပါသည်။ သက်န်းစေ့များကို သိုလှောင်သိမ်းဆည်းထား၍မရပေ။ အချိန်အနည်းငယ်အတွင်းမှာပင် အပင်ပေါက်ရောက်မှု ရာခိုင်နှုန်း လျင်မြန်စွာကျဆင်းသွားပါသည်။ သို့အတွက် ရင့်မှည့်သည့်အသီးများကိုစုဆောင်းပြီး ချက်ခြင်းပျိုးထောင်ရပါသည်။ အသီးများသည် အလေးချိန်တစ်အောင်စလျှင် ၈၆ လုံးခန့်ပါရှိပြီး၊ နို့ဆီဘူး တစ်ဘူးတွင် အသီးအလုံးပေါင်း ၇၀ ခန့်ပါရှိသည်။

သက်န်းပင်သည် နှစ်စဉ်လိုပင် အသီးအမြောက်အမြားသီးသဖြင့် သဘာဝအတိုင်း ဓမ္မတာမျိုးဆက်ခြင်းကောင်းပြီး ပင်မကြီးများ၏ ပတ်ဝန်းကျင်တွင် အပင်ငယ်ကလေးများ ကောင်းမွန်စွာပေါက်ရောက်နေသည်ကို တွေ့ရှိရသည်။ သက်န်းပင်ပေါက်များသည် သန်စွမ်း၍ ခံနိုင်ရည်ရှိသောကြောင့် အပင်ငယ်ကလေးများကို မြေလုံးပါအောင်တူးယူပြီး ရွှေ့ပြောင်းစိုက်ပျိုးနိုင်ပါသည်။

တော်ရုံမျှသောဒဏ်များကိုလည်း ကောင်းစွာခံနိုင်စွမ်းရှိသည်။ မေလနှင့် ဇွန်လအတွင်း ရင့်မှည့်၍ ကြွေကျသည့် အသီးများကို စုဆောင်းပြီး အစေ့များကိုချက်ခြင်းစိုက်ပျိုးရသည်။ မိုးတစ်ပြိုက် နှစ်ပြိုက် ရွာသွန်းပါကချက်ခြင်းအပင်ပေါက်ပါသည်။ သက်န်းပင်ပေါက်များသည် သန်စွမ်း၍ ခံနိုင်ရည်ရှိသောကြောင့် အပင်ကလေးများကို ငယ်ရွယ်စဉ်တွင် ပလတ်စတစ်အိတ်သို့ ရွှေ့ပြောင်းစိုက်ပျိုးပြီး ထိုမှတစ်ဆင့် လိုရာတွင် စိုက်ပျိုးနိုင်သည်။

သက်န်းပင်သည် မြေတွင် အမြစ်တွယ်မိလျှင် ပျက်စီးလေ့မရှိပေ။ အပင်ငယ်ကလေးများမှာ ငယ်ရွယ်စဉ်သန်စွမ်း၍ ကြီးထွားမှုမှာလည်း အတော်အသင့်လျင်မြန်ပါသည်။ သို့ရာတွင် အပင်များ ကြီးရင့်လာသည့်အခါ ကြီးထွားမှု အနည်းငယ်နှေးလာပါသည်။ မြန်မာနိုင်ငံတွင် သက်န်းပင်များ သဘာဝအလျောက် ပေါက်ရောက်မျိုးဆက်ခြင်းအခြေအနေမှာ ကောင်းမွန်သောကြောင့် သက်န်းပင်များကို ယနေ့အထိ စိုက်ခင်းအနေဖြင့် တည်ထောင်စိုက်ပျိုးခြင်းလည်း မရှိသေးပေ။

သစ်သား

သက်န်းအကာသားမှာ ဖြူဖျော့သောအရောင်ရှိပြီး အနှစ်သားမှာ အဝါရောင် သို့မဟုတ် ညိုလဲ့လဲ့အရောင်ဖြစ်သည်။ အနှစ်သားသည် မာကျောကျစ်လျစ်၍ အကြောအမျှင်များမှာလည်း စိတ်၍ ညီညာပါသည်။ သက်န်းသားကို အလွယ်တကူ ညီညာချောမွတ်အောင် ပြုပြင်ရန် လွယ်ကူသည်။ သက်န်းသားမှာ ရုန်းကန်တတ်သောသတ္တိလည်းရှိသည်။ အစိုတွင် သက်န်းသား တစ်ကုဗသည် ၆၉ ပေါင်လေးပြီး ခြောက်သွေ့ပြီးပါက တစ်ကုဗပေလျှင် အလေးချိန် ၄၇ ပေါင် စီးသည်။ သက်န်းသားသည် ပိုးဖောက်ခြင်းနှင့် ခြကိုက်ခြင်း ဒဏ်ကိုလည်း ကောင်းစွာခံနိုင်ရည်ရှိသည်။ အလယ်မှ အူရောင်ခြည်သဖွယ် ဖျာထွက်နေသော အကြောင်းကလေးများကို ဒေါင်လိုက်ခွဲစိတ်ထားသည့် သစ်ခွဲသားများပေါ်၌ တွေ့ရှိနိုင်ပြီး ၎င်းတို့ရှိခြင်းဖြင့် သစ်ခွဲသားများကို ပိုမို၍ လှပစေသည်။

မြန်မာနိုင်ငံ၌ တွေ့ရှိရသော Dipterocarpaceae မျိုးရင်းဝင်သစ်မျိုးများအနက် သက်န်းသားသည် အဘက်ဘက်တွင် အကောင်းဆုံးသစ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လုံးထွင်းလှေများ၊ စက်လှေကြီးများတည်ဆောက်ရာတွင် သက်န်းသစ်ကို အများဆုံးအသုံးပြုကြသည်။ ကြမ်းခင်းခြင်းနှင့်ရာသီဥတုဒဏ်ကို ခံရမည့်နေရာတိုင်းတွင် သက်န်းသစ်ကို ကောင်းစွာအသုံးပြုနိုင်ပါသည်။ မီးရထား ဇလီဖားတုံးများ၊ တံတားများနှင့် သင်္ဘောဆိပ်များ ဆောက်လုပ်ရန်အတွက်လည်း အထူးသင့်တော်ပါသည်။ အခိုင်အခံ့ဆောက်လုပ်သော အဆောက်အအုံများအတွက်လည်း အထူးကောင်းမွန်သော သစ်ဖြစ်သည်သာမက ရွက်တိုင်များ၊ အောက်ခံတိုင်များ၊ လှည်းများနှင့် အိမ်ထောင်ပရိဘောဂများ ပြုလုပ်ရန်အတွက် အသုံးဝင်သည်။

၎င်းအပြင် ပျဉ်အုတ်ကြွတ်များ၊ စည်များနှင့် စိုက်ပျိုးရန် ကိရိယာများကိုလည်း ပြုလုပ်နိုင်သည်။ အထည်ယက်လုပ်သည့်စက်ရုံများ၌လည်း ဒလိတ်တုံးများအတွက် သက်န်းသားကို အသုံးပြုနိုင်သည့်အပြင် သုံးထပ်သားများပြုလုပ်ရန်အတွက်လည်း သင့်တော်သောသစ်ဖြစ်သည်။ ကြမ်းခင်းတုံးများကိုလည်း ကောင်းစွာပြုလုပ်နိုင်သည်။ ၁၈၂၈ ခုနှစ်က ဒေါက်တာဝေါလစ် စုဆောင်းထားသော သက်န်းသား နမူနာသစ်ခွဲသားကို အနှစ် ၅၀ ကြာပြီးနောက် ၁၈၇၈ ခုနှစ်တွင် ပိုင်းဖြတ်ကြည့်ရာ ဆွေးမြေ့ခြင်းမရှိဘဲ ကောင်းမွန် ခိုင်ခံ့စွာ ရှိနေသည်ကို တွေ့ရှိရသည်။

မီးရထားဇလီဖားတုံးအဖြစ် ဆေးမသွင်းဘဲ သဘာဝအ တိုင်းအသုံးပြုပါက ၁၆နှစ်အထိ ခံသည်ကို တွေ့ရှိရ သည်။ သက်န်းသားဖြင့် တည်ဆောက်ထားသော လုံးထွင်းလှေများ သည် အနှစ် ၂၀ ကျော် ခိုင်ခံ့သည်ကို တွေ့ရှိရသည်။ သစ်ခွဲသားများ မျက်နှာပြင်ပေါ်တွင် အနည်းငယ် အက်ကြောင်းကလေးများ ဖြစ်ပေါ်တတ်သည်မှအပ သက်န်းသားကို အသားသေအောင်ပြုပြင်ရန် လွယ်ကူသည်။ ဖိုဖြင့် ခြောက်သွေ့ပါက အမြန်မခြောက်သွေ့စေဘဲ တဖြည်းဖြည်း ခြောက်သွေ့ပါက ပို၍ကောင်းပါသည်။ ဆေးသွင်းရန် အတွက်လည်း ခက်ခဲမှုမရှိပေ။

သက်န်းပင်မှ အရောင်တင်ဆီကဲ့သို့ အသုံးပြုနိုင်သည့် ကျောက်ပွဲလျက်ဟုခေါ်သည့် အဝါရောင်အစေး တစ်မျိုးကိုရရှိပါသည်။ ၄င်းကို သစ်သားမျက်နှာပြင်အက်ကွဲကြောင်းများ ဖုံးကွယ်သွားရန် အရောင်တင်ဆီအဖြစ် အသုံးပြုကြသည်။ ပွဲလျက်ထက် ပိုမို၍ကောင်းခြင်းကြောင့် လှေအပေါက်များ ဖာထေးရန်အသုံးပြုကြသည်။ မြန်မာသမားတော်များသည် အနာအတွက် ဖယောင်းချက်ဖော်စပ်ရာတွင် သက်န်းစေးကို ရောနှောအသုံးပြုကြသည်။ သက်န်းသားများကို အခြားသစ်ခွဲသားများနှင့် လွယ်ကူစွာ ခွဲခြားလိုပါက သစ်ခွဲသားများကို မြေဖြူဖြင့်ခြစ်ကြည့်ပါက သက်န်းသားနှင့် သက်န်းမကလေး သားရှိ မြေဖြူရာသည် မိနစ်အနည်းငယ်အတွင်း ဖြူရာမှုနီသွားသည်ကို တွေ့မြင်ရပေမည်။

ကျွန်းသစ်၏ ဂုဏ်သတ္တိများကို ၁၀၀ စီထား၍ နှိုင်းယှဉ်လျှင် သက်န်သားသည် အလေးချိန် ၁၁၀၊ ရက်မအဖြစ် ခိုင်ခံ့အား ၁၀၀၊ ရက်မအဖြစ် တောင့်ခံအား ၁၀၀၊ တိုင်/ကျားကန်အဖြစ် တောင့်ခံအား ၉၅ ၊ ထုနှက်ခံနိုင်အား ၁၀၀၊ လျောပြတ်အား ၁၁၀၊ မာရည် ၁၃၀ နှင့် ပုံတည်မြဲမှု ၇၀ ဖြစ်သည်။

သက်န်းပင်များသည် သဘာဝအလျောက် အောက်မြန်မာနိုင်ငံ၌သာ ပေါက်ရောက်ကြသော်လည်း မန္တလေးမြို့အနီး နန်းတော်ကျွန်းတွင် သက်န်းပင်ကြီး (၆)ပင် ပေါက်ရောက်နေသည်ကို တွေ့ရှိရသည်။ အဆိုပါသက်န်းပင်များကို ဘိုးတော်ဘုရားသည် မင်းကွန်းအနီး ပုထိုးတော်ကြီး စေတီတည်တော်မူစဉ်အခါက အမှတ်တရ စိုက်ပျိုးခဲ့သည် ဟုဆိုကြသည်။ သက်န်းပင်သည် တားမြစ်ရာပါ သစ်ပင် ဖြစ်သည်။

***********

## ကာတွန်းကဏ္ဍ




APK

# သင်္ကန်းပင် (သစ်သင်္ကန်းပင်၊ သင်္ကန်းရွှေပင်)



အင်္ဂလိပ်အမည်

Indian elm,Malabar ironwood tree,Ironwood.

ရုက္ခဗေဒအမည် *Hopea odorata Roxb..*

မျိုးရင်း။ Dipterocarpaceae.

မျိုးစု။ Hopea

ဦးဟုတ်လင်း

မျိုးစိတ်။ odorata စသည်တို့ ဖြစ်ကြသည်။



ငှင်းမျိုးရင်းတွင်ပါဝင်သော သစ်မျိုးများမှာ–

၁။ ကပန်းပင်။ Krabak tree, Anisoptera costata.

၂။ ကောင်းမှုပင်။ Masawa gajah, Anisoptera scaphula.

၃။ ကညင်ဖြူပင်။ Gurjum tree, Dipterocarpus alatus.

၄။ ကညင်ပင်။ *Apiton, Dipterocarpus baudii.*

၅။ ကညင်နီပင်။ *Ironwood tree, Dipterocarpus costatus.a.*

၆။ ကညင်ပျံပင်။ *Gurjum tree, Dipterocarpus grandiflorus.*

၇။ ကညင်ကုပ်ပင် (အင်ဖိုပင်)။ *Hairy Keruing, Dipterocarpus obtusifolius.*

၈။ ကညင်နီပင်။ *Ironwood tree, Dipterocarpus retusus.*

၉။ အင်ပင်။ *Gurjum tree, Dipterocarpus tuberculatus.*

၁၀။သင်္ကန်းတုပင်။ *Tavoywood, Parashorea stellata.*

၁၁။သစ်ရာပင်။ *Taengwood, Shorea obtusa.*

၁၂။လုမ္ဗိနီ အင်ကြင်းပင်။ *Sal, Shorea robusta.*

၁၃။အင်ကြင်းပင်။ *Dark red marenti, Shorea siamensis* စသည်တို့ဖြစ်ကြသည်။

သင်္ကန်းသစ်မျိုးများကို မြန်မာအခေါ်အားဖြင့် သင်္ကန်းဖြူ၊ သင်္ကန်းဝါ၊ သင်္ကန်းနီ၊ သင်္ကန်းရွှေ၊ သင်္ကန်းပွဲ၊ သင်္ကန်းကျောက်၊ သင်္ကန်းမကလေးဟူ၍ အမည်နာမအားဖြင့် အမျိုးမျိုးရှိနေသော်လည်း ရုက္ခဗေဒအမည်နာမအရ အောက်ဖော်ပြပါ သင်္ကန်းမျိုးကိုသာ မြန်မာနိုင်ငံ၌ တွေ့ရှိရသည်ဟူ၍ Checklist of plants of Myanmar စာအုပ်မှတ်တမ်းတွင် တွေ့ရှိရသည်။

စာမျက်နှာ (၄၇) သို့